# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက် | ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၆ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ်(၃၀၆)


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံနှင့် နီကာရာဂွါသမ္မတနိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်သည့် (၅) နှစ်ပြည့် အထိမ်းအမှတ် အခါသမယတွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့

နေပြည်တော် ဩဂုတ် ၆

၂၀၂၅ ခုနှစ် ဩဂုတ်လ ၆ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နီကာရာဂွါသမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်သည့် (၅) နှစ်ပြည့် အထိမ်းအမှတ် အခါသမယတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နီကာရာဂွါသမ္မတနိုင်ငံ၊ ပူးတွဲသမ္မတများဖြစ်ကြသည့် မစ္စတာ ဒန်နီရယ်အော်တီဂါ ဆာဗေဒရာနှင့် မစ္စ ရိုဆာရီယို မူရီလို တို့သည် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြသည်။

သတင်းစဉ်

## မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် လျှပ်စစ်ရေတင်လုပ်ငန်းပေါင်း သုံးခုမှ စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိ



မင်းဘူး ဩဂုတ် ၅

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) လက်အောက်ရှိကြီးပင်ကန်(အနောက်)ကျေးရွာအနီး အောင်ပင်လယ်လျှပ်စစ်ရေတင်လုပ်ငန်းအပါအဝင် လျှပ်စစ်ရေတင်လုပ်ငန်းပေါင်း သုံးခုမှ ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ စိုက်ပျိုးရေများ ဖြန့်ဝေပေးရာတွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ခရိုင်နှင့် မြို့နယ်တာဝန်ခံအရာရှိများက အနီးကပ်ကြီးကြပ်၍ အောင်ပင်လယ်လျှပ်စစ်ရေတင်လုပ်ငန်း စီမံကိန်းဧရိယာအတွင်းရှိ ဒေသခံတောင်သူများ သီးနှံစိုက်ပျိုးချိန် ရာသီအလိုက်

*စာမျက်နှာ ၄ ကော်လံ ၁ ✻*



**ယနေ့ ဖတ် စ ရာ**

**ရန်ကုန်မြို့သို့ ရေငန်ထွက်ကုန်များ ဝင်ရောက်လျက်ရှိပြီး ပြည်ပပို့ကုန်အဖြစ် အအေးခန်းစက်ရုံများတွင် သိုလှောင်လျက်ရှိ**

ပြည်တွင်းသတင်း | စာ ၄

**အနာခံမှ အသာစံရ စိတ်ဓာတ်နှင့်အတူ မြန်မာတစ်မျိုးသားလုံး၏ အားပေးကြွမ်းချက်က . . .**

ဆောင်းပါး | စာ ၆




## အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
အမိန့်အမှတ်၊ ၆ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)
**အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ခန့်အပ်ခြင်း**

ယာယီသမ္မတနှင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီတို့အား အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဘက်ပေါင်းစုံမှ လေ့လာသုံးသပ်အကြံပြုနိုင်ရန်အတွက် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁)၊ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းအား အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့်**
**လုံခြုံရေးကောင်စီရုံး**

## ဖြည့်စွက်ဖတ်ရှုပေးနိုင်ပါရန်

ဩဂုတ် ၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၃ နှင့် ၄ ပါ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်(ရန်ကုန်)နှင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တို့သို့သွားရောက်၍ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးသည့် သတင်းတွင်ပါရှိသည့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မှာကြားသည့် စာသား၌ **ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အား ပွင့်လင်းရာသီရောက်ရှိပါက ပြည်တွင်း၊ ပြည်ပခရီးသွားများအဆင့်မီမီ လာရောက်လေ့လာနိုင်ရေး အကြီးစားပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း**ဖြင့် မှာကြားမှုနှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မှာကြားသည့် စာသား၌ **ရန်ကုန်မြို့ရှိ ကိုလိုနီခေတ် ရှေးဟောင်းအဆောက်အဦများကိုလည်း ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် နေရာများဖြစ်စေရေးအတွက် ရှေးမူလလက်ရာများအတိုင်း ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများအား ဆောင်ရွက်သွားကြရန်လိုကြောင်း**ဖြင့် လမ်းညွှန်မှာကြားခဲ့သည်ကို ဖြည့်စွက်ဖတ်ရှုပေးနိုင်ပါရန်။

## ယာယီသမ္မတဦးမြင့်ဆွေ၏ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**နေပြည်တော် ဩဂုတ် ၅**

ယာယီသမ္မတ ဦးမြင့်ဆွေသည် ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ လှုပ်ရှားရာတွင် တုံ့နှေးခြင်းနှင့် အစာအာဟာရ စားသုံးနိုင်မှုအားနည်းလာခြင်းတို့ကို စတင်ခံစားခဲ့ရသည့်အတွက် အထူးကုဆရာဝန်ကြီးများ ပါဝင်သော အထူးဆေးကုသမှုအဖွဲ့မှ ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်ခဲ့ပါသည်။ ကျန်းမာရေးစမ်းသပ်စစ်ဆေးချက်များအရ အာရုံကြောများ နှေးကွေးတုံ့ဆိုင်းသည့်ရောဂါ (Parkinson’s Disease)၊ ၎င်းနှင့်ဆက်စပ်ဖြစ်ပေါ်သော အာရုံကြောအားနည်းရောဂါတို့အား ခံစားနေရသည်ကို တွေ့ရှိရသည့်အတွက် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၅ ရက်မှ ၁၉ ရက်အထိ စင်ကာပူနိုင်ငံ Mount Elizabeth Medical Center တွင်လည်းကောင်း၊ မေလ ၂၇ ရက်နေ့မှ ဇွန်လ ၁၈ ရက်နေ့အထိ အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)တွင်လည်းကောင်း ဆေးကုသမှုများခံယူခဲ့ပါသည်။

ဆေးရုံဆင်းပြီးနောက် ယာယီသမ္မတ ဦးမြင့်ဆွေအား ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော အထူးဆေးကုသမှုအဖွဲ့ဖြင့် ကျန်းမာရေးစစ်ဆေးကုသမှုများ ဆက်လက်ပြုလုပ်ခဲ့ပါသည်။ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လာခြင်းမရှိသည့်အတွက် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့မှစတင်၍ နေအိမ်၌ပင် ဆေးခွင့်ဖြင့် အနားယူ၍ ဆေးကုသမှု ဆက်လက်ခံယူနေခဲ့ပါသည်။

ယာယီသမ္မတ ဦးမြင့်ဆွေသည် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း ကိုယ်အလေးချိန် လျော့ကျခြင်း၊ အစာကောင်းစွာ မစားနိုင်ခြင်း၊ အဖျားတက်ခြင်း၊ ဦးနှောက်နိုးကြားမှု လျော့နည်းလာခြင်းတို့ကြောင့် ဇူလိုင်လ ၂၄ ရက်နေ့တွင် အမှတ် (၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) ၌ ထပ်မံဆေးရုံတက်ရောက်ကုသမှုခံယူခဲ့ပါသည်။

ရောဂါစစ်ဆေးချက်များအရ ယာယီသမ္မတ ဦးမြင့်ဆွေသည် လက်ရှိအခြေအနေ၌ အထူးစိုးရိမ်ဖွယ်ရာ အခြေအနေဖြစ်သောကြောင့် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) အထူးကြပ်မတ်ကုသဆောင်၌ အထူးကြပ်မတ်ကုသမှုခံယူလျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၅)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများအတွက် ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၅**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၅) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများအတွက် ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ PARKROYAL Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဦးသန်းဆွေ၊ ဒေါက်တာသီတာဦး၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာမျိုးသိန်းကျော်နှင့် ဒေါက်တာစိုးဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျား၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် ဦးနိုင်မင်းကျော်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုသည် အခြားသော မဲခေါင်နှင့်ဆက်စပ်သော ပူးပေါင်းဆောင်ရွက်မှုယန္တရားများအနက် အအောင်မြင်ဆုံးယန္တရားတစ်ခုဖြစ်ကြောင်းနှင့် မဲခေါင်မြစ်ဝှမ်းတစ်လျှောက်ရှိ ပြည်သူများအတွက် တိုက်ရိုက်အကျိုးဖြစ်ထွန်းစေရန် ကိုးနှစ်တာကာလအတွင်း အဖွဲ့ဝင်နိုင်ငံများမှ စီမံကိန်းပေါင်း ၉၈၄ ခုကို ပံ့ပိုးကူညီခဲ့ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၂၀၁၇ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံသို့ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ယန္တရားအောက်မှ အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၃ သန်း ထောက်ပံ့ပေးအပ်ခဲ့ပြီး ယနေ့အခမ်းအနားတွင်




မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ သန်းခန့်ကို တရားဝင်လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်လှုပ်ခတ်ခဲ့သည့် ဒေသများနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်များအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အရေးပေါ်ကူညီမှုယွမ် ၁ ဒသမ ၁ ဘီလီယံအပါအဝင် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထောက်ပံ့ပေးမှုအပေါ်ကိုလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် အိမ်နီးချင်းကောင်းများနှင့် ယုံကြည်အားထားရသော မိတ်ဖက်များကို ထိန်းသိမ်းထားရေးဟူသည့် အဖွဲ့ဝင်နိုင်ငံအားလုံး၏ ဘုံရည်မှန်းချက်ကို ဖော်ပြလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစပျိုးသည့်နေရာဖြစ်ပြီး ၂၀၁၈ ခုနှစ်မှစတင်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် စီမံကိန်းစုစုပေါင်း ၁၃၂ ခုရရှိခဲ့ရာ မဲခေါင်နိုင်ငံများအားလုံးတွင် အရေအတွက် အများဆုံးရရှိခြင်းဖြစ်ကြောင်း၊ ယနေ့ လက်မှတ်ရေးထိုးခဲ့သော စီမံကိန်း ၁၄ ခုသည် မြန်မာနိုင်ငံရှိ ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်၍ အထောက်အပံ့ပြုသွားမည်ဖြစ်ကြောင်း။

တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး တည်ထောင်ခြင်း (၇၅) နှစ်မြောက် အထိမ်းအမှတ်အနေဖြင့် တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအစဉ်နှင့် ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုအစီအစဉ်တို့ကို အတူတကွ အကောင်အထည်ဖော်ရန် ဆန္ဒရှိကြောင်း၊ မြန်မာနိုင်ငံနှင့် လက်တွဲ၍ နှစ်နိုင်ငံပြည်သူများအတွက် ပိုမိုကောင်းမွန်သော အကျိုးကျေးဇူးများ ရရှိစေမည့် မျှဝေသော အနာဂတ်နှင့်အတူ တရုတ်-မြန်မာ အသိုက်အဝန်းတည်ဆောက်ရေးကို မြှင့်တင်ရန် ဆန္ဒရှိကြောင်း ပြောကြားသည်။

ထို့နောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၅)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများအတွက် ရန်ပုံငွေလွှဲပြောင်းမှုဆိုင်ရာ သဘောတူညီချက်ကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားတို့က လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။ (ဝဲပုံ)

အဆိုပါသဘောတူညီချက်အရ စီမံကိန်း ၁၄ ခုကို စိုက်ပျိုးရေးနည်းပညာ၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှုဖလှယ်မှု၊ ဥပဒေဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် ကုန်သွယ်ရေကြောင်းသွားလာမှု စသည့်နယ်ပယ်များ၌ မြန်မာနိုင်ငံမှ ဝန်ကြီးဌာနကိုးခုက အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော (၁၇) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးတွင် တရုတ်ဝန်ကြီးချုပ် Mr. Li Keqiang ၏ စတင်အဆိုပြုချက်အရ မဲခေါင်ဒေသအတွင်း ဖွံ့ဖြိုးမှု ကွာဟချက်လျှော့ချရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်လျက် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြင့် ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝဇီရာရုပ်ရှင်ရုံအဆင့်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## နိုင်ငံ့ပုံရိပ်ကိုပြသမည့် အဆောက်အအုံဖြစ်သည့်အတွက် သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ပြီး ပြုပြင်ဆောင်ရွက်သွားမည်

**နေပြည်တော် ဩဂုတ် ၅**

ရန်ကုန်မြို့ရှိ ဝဇီရာရုပ်ရှင်ရုံအဆင့်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



**အွန်လိုင်းမှတက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝဇီရာရုပ်ရှင်ရုံ၏ မူလအမည်သည် အိတ်ဆယ်စီယာ(Excelsior) ဖြစ်ပြီး ဂျပန်ခေတ်တွင် "ရန်ကုန်ရုပ်ရှင်ရုံ" ဟု အမည်ပြောင်းလဲပြသခဲ့ပါကြောင်း၊ ၁၉၆၈ ခုနှစ်တွင် ပြည်သူပိုင်သိမ်းပြီး ဝဇီရာရုပ်ရှင်ရုံအမည် ဖြစ်လာခဲ့ပါကြောင်း၊ ဝဇီရာရုပ်ရှင်ရုံ၏ မူလဗိသုကာလက်ရာသည် ၁၉ ရာစုမှ ၁၈ ရာစုအတွင်းရှိ ပြင်သစ်ဗိသုကာ အသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံဖြစ်ပြီး ရုပ်လုံးရုပ်ကြွများဖြင့် တန်ဆာဆင်ထားပါကြောင်း။

**ပြင်ဆင်ထိန်းသိမ်းသွားမည်**

ယခုဝဇီရာရုပ်ရှင်ရုံကို နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံ (Red Carpet Theatre) အဖြစ် အဆင့်မြှင့်တင်ပြင်ဆင်ထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်း၊ ဝဇီရာရုပ်ရှင်ရုံကို အဆင့်မြှင့်တင်ရာတွင် မူလဗိသုကာပုံစံမပျက် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ခမ်းနားထည်ဝါရန်လည်း လိုအပ်ပါကြောင်း၊ လေအေးပေးစနစ်၊ မီးစနစ်၊ ပြသမှုစနစ်များကို ခေတ်မီအောင် ဆောင်ရွက်ပြီး မူလဒီဇိုင်းကို ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ပုံရိပ်ကိုပြသမည့် အဆောက်အအုံဖြစ်သည့်အတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ပြီး ပြုပြင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ဝဇီရာရုပ်ရှင်ရုံကို ရုပ်ရှင်ရုံသာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ သင်တန်းကျောင်း၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့် နေရာအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာရုပ်ရှင်ပွဲတော်များ၊ ရုပ်ရှင်နှင့် ပတ်သက်သည့် အမှတ်တရပွဲများ၊ Memory Film Festival ကဲ့သို့ ပွဲတော်များလည်း ကျင်းပနိုင်မည်ဖြစ်သည့်အတွက် အဆင့်မြှင့်တင်ရာတွင် အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ဝဇီရာရုပ်ရှင်ရုံကို နိုင်ငံတကာအဆင့်မီ ရုပ်ရှင်ရုံအဖြစ် အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဝဇီရာရုပ်ရှင်ရုံ၏ နောက်ခံသမိုင်းကြောင်း၊ ဗိသုကာဆိုင်ရာထူးခြားမှု၊ ဝဇီရာဂုဏ်ပြုခံကဇာတ်ရုံတွင် ဆောင်ရွက်မည့်လုပ်ငန်းများ၊ အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များနှင့် ရရှိလာနိုင်မည့် အကျိုးရလဒ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဝိုင်းဝန်းဆွေးနွေးတင်ပြ**

ဆက်လက်၍ တက်ရောက်လာကြသူများက ဝဇီရာရုပ်ရှင်ရုံကို နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည့် အဆောက်အအုံပြုပြင်မွမ်းမံခြင်း၊ ဗိသုကာဆိုင်ရာနည်းပညာများ၊ အသံစနစ်ပိုင်းဆိုင်ရာ ပြုပြင်မှု၊ ရုပ်ရှင်ပြသမှုစနစ်၊ ပြဇာတ်အဆင်အပြင်၊ အဆင့်မြင့်ထိုင်ခုံများလဲလှယ်ခြင်း၊ ယာဉ်ရပ်နားရန်နေရာများ၊ လူသွားစင်္ကြံများ စနစ်တကျဖြစ်စေရေး စသည်တို့နှင့် စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်အပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**

---

✻ *ရှေ့ဖုံးမှ*

စိုက်ပျိုးရေရရှိရေးအတွက် စနစ်တကျ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယခုနှစ်စိုက်ပျိုးရာသီတွင် အောင်ပင်လယ်လျှပ်စစ်ရေတင်လုပ်ငန်းဧရိယာအတွင်း အကျိုးပြုဧရိယာကေပေါင်း ၁၅၀ ရှိသည့်အနက် မိုးစပါး ၇၈ ဧကနှင့် အခြားသီးနှံ ၇၂ ဧကကို လျာထားစိုက်ပျိုးလျက်ရှိရာ ယနေ့အထိ ဧကပေါင်း ၈၈ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း၊ ထို့အပြင် လျှပ်စစ်ရေတင်လုပ်ငန်း စီမံကိန်းဧရိယာသုံးခုအတွင်း လျာထားဧကပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်စေရေး သက်ဆိုင်ရာဌာနများ၊ ဒေသခံတောင်သူများနှင့်အတူ ပူးပေါင်းပြီး ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ မြို့နယ်တာဝန်ခံအရာရှိ ဦးစိုးညွန့်လင်းက ပြောသည်။

မင်းဘူး(စကု)မြို့နယ်၌ အောင်ပင်လယ်လျှပ်စစ်ရေတင်လုပ်ငန်း၊ ကျောက်စံလျှပ်စစ်ရေတင်လုပ်ငန်းနှင့် ကမ်းနီလျှပ်စစ်မြစ်ရေတင်လုပ်ငန်းဟူ၍ စီမံကိန်းလုပ်ငန်းပေါင်းသုံးခုရှိပြီး အဆိုပါစီမံကိန်းလုပ်ငန်းများတွင် အကျိုးပြုဧရိယာပေါင်း ၁၆၆၂ ဧကရှိသည့်အနက် ၂၀၂၅-၂၀၂၆ ခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါး ၁၀၀၆ ဧကနှင့် အခြားသီးနှံ ၆၅၆ ဧကကို လျာထားစိုက်ပျိုးလျက်ရှိရာ ယနေ့အထိ မိုးစပါးဧကပေါင်း ၃၇၂ ဧကအထိ စိုက်ပျိုးပြီးဖြစ်ကြောင်း၊ အဆိုပါ သီးနှံစိုက်တောင်သူများအတွက် သီးနှံစိုက်ပျိုးချိန်ကာလအတွင်း စိုက်ပျိုးရေများ လုံလောက်စွာ ဖြန့်ဝေဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

---

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၅**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

---

# ရန်ကုန်မြို့သို့ ရေချန်ထွက်ကုန်များ ဝင်ရောက်လျက်ရှိပြီး ပြည်ပပို့ကုန်အဖြစ် အအေးခန်းစက်ရုံများတွင် သိုလှောင်လျက်ရှိ

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်မြို့သို့ ရေချန်ထွက်ကုန်များ ဝင်ရောက်လျက်ရှိပြီး ပြည်ပပို့ကုန်အဖြစ် သက်ဆိုင်ရာ ဆိပ်ကမ်းများမှ အအေးခန်းစက်ရုံများတွင် သိုလှောင်လျက်ရှိကြောင်း သိရသည်။



ရန်ကုန်မြို့၌ ငါးဖမ်းစက်လှေအစင်း ၅၀၀ ကျော်ရှိပြီး မုန်တိုင်းကာလ ပင်လယ်ပြင်လှိုင်းလေထန်ချိန်တွင် ငါးဖမ်းစက်လှေများ ကမ်းများ၌ တစ်ပတ်တာနားခိုခဲ့ကြသော်လည်း လက်ရှိတွင် ပင်လယ်ပြင်၌ ငါးဖမ်းစက်လှေအစင်း ၃၅၀ ကျော် ငါး/ပုစွန်ဖမ်းဆီးလျက်ရှိကာ ဖမ်းဆီးရမိသည့် ငါး/ပုစွန်များကို ငါးသယ်စက်လှေများဖြင့် ရန်ကုန်မြို့ရှိ ဆိပ်ကမ်း ၁၀ ခုသို့ ပို့ဆောင်ပေးလျက်ရှိသည်။

"လက်ရှိ ပင်လယ်ပြင်မှာ ရန်ကုန်မြို့က ငါးဖမ်းစက်လှေအစင်း ၃၅၀ ကျော်ရှိနေပြီး ရာသီဥတုပုံမှန်အနေအထား ပြန်ရောက်လာပြီဖြစ်တဲ့အတွက် ဆိပ်ကမ်းတွေကို ငါးသယ်စက်လှေတွေ နေ့စဉ်ဝင်နေပါတယ်။ ရေချိုစားသုံးမှုကနေ ရေငန်ထွက်ကုန်ဝင်ရောက်လာတာဟာ ပြည်တွင်းရေထွက်ကုန် စားသုံးမှုဖူလုံရေးကို အထောက်အပံ့ ဖြစ်စေပါတယ်။ ပြီးတော့ ပြည်ပပို့ကုန်ကဏ္ဍကနေ နိုင်ငံခြားဝင်ငွေလည်း ရရှိစေပါတယ်"ဟု ရန်ကုန်မြို့ ငါးဖမ်းရေယာဉ် စောင့်ကြည့်စစ်ဆေးရေးရုံးမှ ဦးစီးအရာရှိ ဦးတင်ထွန်းက ပြောသည်။

တရုတ်၊ ထိုင်းနှင့် မလေးရှား နိုင်ငံများသို့ တင်ပို့သည့် ပြည်ပပို့ကုန်အဖြစ် ငါးတံခွန်ကြီး၊ ငါးပါးနီ၊ ငါးကွမ်းရှပ်၊ ငါးသင်းဝါ (ငါးပုတ်သင်)၊ ကကတစ်၊ ငါးရွှေ၊ ငါးမုန့်အဖြူ/အမဲ၊ ငါးသင်ဝါ/ဖြူ၊ ငါးခေါင်းပွ၊ ပြည်ကြီးငါးနှင့် ပုစွန်မျိုးစုံတို့ကို အအေးခန်းစက်ရုံများသို့ တင်ပို့လျက်ရှိသည်။

ထို့ပြင် ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများမှတစ်ဆင့် ပြည်တွင်းစားသုံးမှုအဖြစ် ရွှေပိတောက်ငါးဈေးနှင့် ကြည့်မြင်တိုင် စံပြငါးဈေးတို့ကို ဇာဗျတ်ကြီး/သေး၊ ကုလားငှပေါက်၊ ဝမ်းပူကြီး/သေး၊ ဂျပန်လုံးပေါက်၊ ပင်လယ်ငါးခူကြီး/သေး၊ ငါးရံ့၊ ဒိုးချော၊ ဒယောကြီး၊ ငါးနုပ်၊ ပုလဲလတ်၊ ငါးချဉ်ပေါင်၊ မီးဝါကြီး၊ ပုလဲဝမ်းပူအပါအဝင် ရေထွက်ကုန်ရာကျော် ဝင်ရောက်နေပြီဖြစ်ကြောင်း သိရသည်။

" ဒီလပထမပတ်မှာ ပင်လယ်ပြင်က ငါးသယ်စက်လှေအကြီးတွေ ဝင်လာတဲ့အတွက် ရေငန်ထွက်ကုန်တွေ ပုံမှန်ဝင်ရောက်လာပြီလို့ ပြောရမှာပါ။ ဒီနေ့လည်း ဝင်လာနေပါတယ်၊ မနက်ဖြန်မှာလည်း ငါးသယ်စက်လှေအကြီးတွေ ငါးမျိုးစုံတင်ဆောင်ပြီး ဝင်လာဖို့ရှိတယ်။ ပြည်တွင်းစားသုံးမှုအပြင် ပြည်ပပို့ကုန်ငါးတွေလည်း ပါလာတာကြောင့် အအေးခန်းစက်ရုံတွေကို ပို့ပြီး ပြည်ပတင်ပို့ကြမှာပါ။ ရေငန်ထွက်ကုန်ဝင်လာတာနဲ့ ဈေးနှုန်းမြင့်နေတဲ့ ရေချိုငါးဈေးနှုန်းလည်း ကျဆင်းလေ့ရှိပါတယ်။ အထူးသဖြင့် ပြည်ပပို့ကုန်အဖြစ် ကုန်ပစ္စည်း ဝင်ရောက်လာတာဟာ နိုင်ငံခြားဝင်ငွေရရှိစေတဲ့အတွက် နိုင်ငံတော်နဲ့ လုပ်ငန်းရှင်အတွက် အကျိုးကျေးဇူး ရရှိစေပါတယ်"ဟု ကြည့်မြင်တိုင်အမ်အန်ဂျီဆိပ်ကမ်းမှ ရေထွက်ကုန်လုပ်ငန်းရှင် ဒေါ်တင်နွဲ့က ပြောသည်။

**သစ္စာ(MNA)၊ ဓာတ်ပုံ - ခွဲမာန်**

## ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပေးနိုင်ပါရန်

သြဂုတ် ၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ - ၅ ပါ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်- မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးသည့် သတင်း၌ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မှာကြားသည့်နေရာ၌ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်ရှိ **လမ်းနယ်ပေ ၄၀၀ အတွင်း** အမြစ်မိမ်းသစ်ပင်များ စိုက်ပျိုးသွားရန်လိုကြောင်း၊ လမ်းနယ်အတွင်း လေကာပင်များကို **လမ်းနယ်အတွင်း ၁၀ ပေခြား၍** ၂ တန်း (သို့မဟုတ်) ၃ တန်း စိုက်ပျိုးသွားရန်လိုကြောင်း၊ အလားတူ လမ်းဘေးဝဲယာရှိ သစ်တောကြိုးဝိုင်းကြိုးပြင်တောများနှင့် **မြေလွတ်မြေရိုင်းနေရာများတွင်**လည်း ယခုနှစ်မိုးရာသီအတွင်း သစ်ပင်များ စိုက်ပျိုးသွားရန်နှင့် ၅ ဧက/၁၀ ဧကခန့်ရှိသော သစ်တောငယ်များ ထူထောင်စိုက်ပျိုးသွားရန်လိုကြောင်းဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပေးနိုင်ပါရန်။

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လယ်ဝေးမြို့နယ်အတွင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လိုအပ်သည့် ဒေသခံပြည်သူများကို ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးနေမှု ကြည့်ရှုအားပေး

နေပြည်တော် သြဂုတ် ၅

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဒုတိယဝန်ကြီး ဦးငွေးလှိုင်နှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် မြို့နယ်ဦးစီးမှူးရုံးသို့သွားရောက်၍ ရုံးဝင်းအတွင်း၌ ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး/ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသူများကို ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရေးအတွက် လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ လုပ်ငန်းဆိုင်ရာအခက်အခဲများကို မေးမြန်းဆွေးနွေး၍(ယာပုံ) လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ထမ်းများက အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် One Stop Service ဖြင့် လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများကို e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ်တစ်ပါတည်း ဆောင်ရွက်ထုတ်ပေးနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မြို့နယ်ရုံးဝန်ထမ်းများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ တာဝန်ရှိသူများစုပေါင်း၍ မဲဆန္ဒရှင်စာရင်း မှန်ကန်ရေးအတွက် မြေပြင်ကွင်းဆင်း ကောက်ယူခဲ့သည့် စာရင်း အချက်အလက်များ တိုက်ဆိုင် စိစစ်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်ရုံး၊ ရုံးခန်းများအတွင်း ရုံးစာရွက်စာတမ်းများနှင့် ရုံးသုံးပစ္စည်းများထိန်းသိမ်းထားရှိမှု၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မှတ်တမ်းခန်း ပြန်လည်ပြုပြင်ထားရှိမှုနှင့် ကိုယ်ရေးမှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများကို စာရွက်စာတမ်းများနှင့် ရုံးပစ္စည်းများ၊ e-ID ဆိုင်ရာ စက်ပစ္စည်းကိရိယာများ လုံခြုံမှုရှိစေရေးအတွက် အမြဲမပြတ် စစ်ဆေးကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ရေး၊ ငလျင်ဒဏ်ခံရသဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး/ပျက်စီး



သွားသူများနှင့် အသက်ပြည့်မီသူများကို ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေးအလေးထား ဆောင်ရွက်ရန် မှာကြားကာ မြို့နယ်ရုံးဝန်ထမ်းများအတွက် ဆန်အိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နည်းပညာတက္ကသိုလ်နှင့် Polytechnic University များတွင် နိုင်ငံတကာအဆင့်မီ အင်ဂျင်နီယာပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ လေ့လာဆန်းစစ်ဖြည့်ဆည်းဆောင်ရွက်ရေး အစည်းအဝေးကျင်းပ

## နိုင်ငံတကာအဆင့်မီ ပညာရှင်များဖြစ်ရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသူများ ဖြစ်ရန်လို

**နေပြည်တော် သြဂုတ် ၅**

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေးစိစစ်အသိအမှတ်ပြုရေးလုပ်ငန်းကော်မတီ (Engineering Education Accreditation Committee –EEAC) မှကြီးမှူး၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်နှင့် Polytechnic University များတွင် နိုင်ငံတကာအဆင့်မီ အင်ဂျင်နီယာပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား လေ့လာဆန်းစစ်ဖြည့်ဆည်းဆောင်ရွက်ရေး အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၌ Hybrid စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)



အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ နည်းပညာတက္ကသိုလ်များနှင့် Polytechnic University များမှ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် ပညာရေးကဏ္ဍကို အလေးထားမြှင့်တင်ဆောင်ရွက်လျက်ရှိပြီး မွေးထုတ်ပေးလိုက်သည့် အင်ဂျင်နီယာများသည် နိုင်ငံတကာအဆင့်မီ ပညာရှင်များဖြစ်ရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသူများ ဖြစ်ရန်လိုကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက နိုင်ငံတကာအဆင့်အင်ဂျင်နီယာ ပညာရေး၏ သဘောသဘာဝ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ဆောင်ရွက်လျက်ရှိသည့် အင်ဂျင်နီယာပညာရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး တာဝန်ရှိသူများက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များအား အရည်အသွေးစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် တွေ့ရှိခဲ့သည့်အချက်များ၊ ဆက်လက်ဆောင်ရွက်ရန် လိုအပ်ချက်များအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ပါမောက္ခချုပ်များက မိမိတို့တက္ကသိုလ်အလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

## မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေ

နေပြည်တော် သြဂုတ် ၅

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# အနာခံမှ အသာစံရ စိတ်ဓာတ်နှင့်အတူ မြန်မာတစ်မျိုးသားလုံး၏ အားပေးကြွမ်းချက်က . . .

--- မိုးကေနိုင် ---

သူတို့ ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်နေတာကြည့်ပြီး မိမိတို့ကိုယ်တိုင်မှာ ယုံကြည်ချက်တွေ တိုးလာတယ်။ သေချာပါတယ်။ သူတို့ဆီမှာရှိနေတဲ့ အနိုင်ယူမယ်ဆိုတဲ့ ယုံကြည်ချက်၊ အောင်ပွဲအလီလီရယူမယ်ဆိုတဲ့ခံယူချက်၊ တစ်နည်းအားဖြင့် အောင်စိတ်၊ မောပန်းရုံနဲ့မရပ်၊ နိုင်မှရပ်မယ်ဆိုတဲ့ အောင်စိတ်မျိုး။ အောင်စိတ်ချည်းပဲမဟုတ်ပြန်၊ အနိုင်ရအောင် ဘယ်လိုပြင်ဆင်မလဲ၊ ဘယ်လိုလေ့ကျင့်မလဲဆိုတဲ့ နည်းစနစ်၊ ဒါမှသာ အကောင်းဆုံးစွမ်းဆောင်ရည်တွေပြသပြီး အကောင်းဆုံးယှဉ်ပြိုင်အနိုင်ယူ၊ ဆုတံဆိပ်တွေရပြီဆိုတဲ့ ရလဒ်ကောင်းကိုမြင်ရမယ်။



(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ပဏာမ လက်ရွေးစင် နပန်းအားကစားသမားများ လေ့ကျင့်ကစားနေမှုကို တွေ့ရစဉ်။ (၁၆-၆-၂၀၂၅)

အနိုင်မခံ၊ အရှုံးမပေးခံယူချက်ရှိနေကြတဲ့အတွက် သူတို့ဟာ နိုင်ငံအတွက် သူရဲကောင်းတွေဖြစ်မှာမလွဲ။ ပြိုင်ပွဲအကြို ကြိုတင်မွေးထားရမယ့် ခံယူချက်နဲ့ စိတ်ဓာတ်တွေမှာ အရေးအကြီးဆုံးက ကြံ့ရနိုင်တဲ့ စိုးရိမ်စိတ်တွေ၊ ဖိအားတွေပဲ၊ လျှော့ချထားရမယ်၊ ကြောက်စိတ်တွေ အငုံ့စိတ်တွေ မထားရ၊ အရေးအကြီးဆုံးက စိတ်ဓာတ်ပါပဲ။ ကြောက်စိတ်နေရာမှာ အောင်ပွဲဆာလောင်စိတ်နဲ့ အစားထိုး၊ မိမိကိုယ်မိမိယုံကြည်မှုကို အမြင့်ဆုံးမှာ တည်ဆောက်ကြဖို့ပဲ။

အားကစားမှာ 5 S's ဖြစ်တဲ့ stamina, speed, strength, skill and spirit ဆိုတာရှိတယ်၊ သူတို့အားလုံး တစ်ခုနဲ့တစ်ခု ဟန်ချက်ညီနေရမယ်။ ခံနိုင်ရည်၊ ခွန်အား၊ အမြန်နှုန်း၊ ကျွမ်းကျင်မှုနဲ့ စိတ်ဓာတ်။ ထိုငါးချက်မှာ ကြိုတင်ပြင်ဆင် အောင်ပွဲဝင်၊ စိတ်ဓာတ်ကောင်းရင် အောင်ပွဲဆင် ဆိုတဲ့အတိုင်း မိမိတို့ရဲ့စိတ်ပိုင်းဆိုင်ရာစေ့ဆော်မှုတွေနဲ့အတူ ရုပ်ပိုင်းဆိုင်ရာ အင်အားတွေကို စုစည်းပြီး အကောင်းဆုံးသော အင်အားထုကြီးကို တည်ဆောက်ထားကြဖို့ပါပဲ။

**အကောင်းဆုံးပြိုင်ပြီး အများဆုံးဆုတွေယူခဲ့ဖို့**

အားလုံးသိတဲ့အတိုင်း ထိုင်းနိုင်ငံမှာ ကျင်းပမယ့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲကြီးက သုံးလသာလိုပါတော့တယ်။ နေရာသုံးနေရာခွဲပြီး ဆင်နွှဲကြမယ့်ပွဲမှာ အားကစားနည်း ၅၃ မျိုး ထည့်သွင်းထားပြီး မြန်မာနိုင်ငံက အားကစားနည်း ၄၀ မှာ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ အခုအချိန်မှာ ပြိုင်ပွဲဝင်ကစားသမားအားလုံး ကြိုတင်လေ့ကျင့်ပြင်ဆင်နေကြပြီလည်း ဖြစ်ပါတယ်။ အောင်ပွဲဆိုတဲ့လမ်းဆုံးမရောက်မီ လေ့ကျင့်ပြင်ဆင်ခြင်းဆိုတဲ့ ခရီးလမ်းမှာ လျှောက်လှမ်းနေကြတဲ့ကာလတစ်ခုပါ။ ပြင်းပြင်းထန်ထန် လေ့ကျင့်ကြရင်းဖြင့် နိုင်ငံနဲ့ ပြည်သူတစ်ရပ်လုံးရဲ့ အားပေးမှုနဲ့အတူ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်ပြီး တွန်းအားပေးနေရတဲ့ အရေးကြီးဆုံးကာလအတွင်းမှာပါ။

ဝင်ရောက်ယှဉ်ပြိုင်တဲ့ အမျိုးအစားပေါင်းက ပြိုင်ခဲ့ဖူးသမျှ အကြိမ်တိုင်းမှာ အခုပြိုင်ပွဲက ၇၅ ရာခိုင်နှုန်းနဲ့ အများဆုံးဖြစ်ပါတယ်။ အားကစားသမား၊ နည်းပြ၊ အုပ်ချုပ်သူအရေအတွက်အားဖြင့်လည်း အများဆုံးဖြစ်ပါလိမ့်မယ်။ အရေးကြီးဆုံးက အခြားနိုင်ငံတွေမှာ ကျင်းပခဲ့တဲ့ ယခင်ပြိုင်ပွဲအားလုံးထက် ယခုဆီးဂိမ်းမှာ အကောင်းဆုံးဝင်ပြိုင်ပြီး ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ် အများဆုံးရယူပေးနိုင်ဖို့ကသာ အဓိကဖြစ်တယ်။

**စီမံမှုကောင်းတွေနဲ့အတူ ဖြစ်လာမယ့် အမှန်တကယ်အိပ်မက်**

စိတ်ဓာတ်အင်အား၊ ရုပ်ပိုင်းအင်အားတွေကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်ထားရမယ်လို့ဆိုခဲ့ပါတယ်။ စိတ်ပိုင်း၊ ရုပ်ပိုင်းကြံ့ခိုင်အောင်အတွက် စီမံမှုကောင်းတွေရှိပြီးဖြစ်ပေမယ့် မိမိကိုယ်မိမိ တည်ဆောက်ရမယ့်အပိုင်းက ပိုပြီးအဓိကကျပါလိမ့်မယ်။ အခြေခံအားဖြင့်တော့ နိုင်ငံအတွက်၊ တစ်မျိုးသားလုံးအတွက် မြန်မာဆိုတဲ့စိတ်နဲ့ ပြိုင်နိုင်ရမယ်၊ အနိုင်ယူနိုင်ရမယ်။ ဆုတံဆိပ်တွေ ရခဲ့ရင် ပြည်သူနဲ့ နိုင်ငံတော်က ချီးမြှင့်မယ့်ဆုလာဘ်တွေက မိမိတို့ရဲ့ပန်းတိုင်ကို တွန်းအားဖြစ်စေသလို ထိုချီးမြှောက်ခဲ့မှုများကပင် အောင်ပွဲဆီ အမှန်တကယ်လည်း ရှေးရှုပါတယ်။

အရေးအကြီးဆုံးက မိမိကိုယ်တိုင်သာလျှင်ပါ၊ လေ့ကျင့်မှုအပိုင်း၊ ပြင်ဆင်မှုအပိုင်းမှာ များစွာ ဝီရိယထားရပါမယ်။ နေ့ပေါင်းများစွာ၊ အပတ်ပေါင်း၊ လပေါင်းများစွာ အချိန်ယူလေ့ကျင့်ထားမှုအားလုံးက ရည်မှန်းချက်က တစ်ခုတည်းပါပဲ။ ပြိုင်ပွဲဝင် အားကစားသမားတွေဟာ အားကစားနဲ့ ဆေးဘက်ဆက်စပ်မှုအပိုင်းကို အထူးအလေးထားကြရပါတယ်။ နှလုံးအပါအဝင် ကျန်းမာရေးစစ်ဆေးမှု၊ ကြွက်သားအဆစ်ကြံ့ခိုင်မှု ဆန်းစစ်မှုတွေက နေ့စဉ်ဆောင်ရွက်ရတဲ့ အစီအစဉ်တွေဖြစ်ပါတယ်။

အာဟာရအပိုင်းမှာလည်း မိမိပြိုင်ပွဲဝင်မယ့် အားကစားနည်းနဲ့ သင့်တော်မယ့်အမျိုးအစား၊ ညီညွတ်မျှတတဲ့ အာဟာရမျိုးကို ရွေးချယ်စားသောက်ကြရတယ်။ နေ့စဉ် အစားအသောက် အစီအစဉ်အောက်မှာ အားကစားသမားတစ်ယောက် စားသင့်တဲ့ပမာဏဟာ ကျန်းမာရေးနဲ့ ညီညွတ်ရမယ့်အပြင် ပြင်းပြင်းထန်ထန် လေ့ကျင့်ထားလို့ ကုန်ခန်းသွားတဲ့ ကယ်လိုရီနဲ့ရေဓာတ်ကို ပြန်လည်ဖြည့်ဆည်းပေးရမယ့် အာဟာရအမျိုးအစား ပမာဏနဲ့ချိန်ပြီး စားသောက်ရတာမျိုးပါ။

ကြွက်သားဖွံ့ဖြိုးမှုကိုအားပေးပြီး ကိုယ်အလေးချိန်လည်းမတက်စေ၊ ကိုယ်ခံအားလည်းကောင်းစေတဲ့ lean protein လို အစားအစာမျိုးတွေကို အားကစား အာဟာရပညာရှင်တွေရဲ့ လမ်းညွှန်မှုအောက်မှာ ကစားသမားအားလုံး တိတိကျကျ စားသောက်ကြရပါတယ်။ နောက်တစ်ချက် အရေးကြီးတဲ့အားကစားဆိုင်ရာဆေးပညာကဏ္ဍမှာ ပြိုင်ပွဲဝင်ကစားသမားတွေရဲ့ ထိခိုက်ဒဏ်ရာရရှိနိုင်မယ့်အန္တရာယ်ကိုလည်း ထည့်သွင်းတွက်ချက်ထားရတယ်။ မပြိုင်ခင်မှာ ထိခိုက်ဒဏ်ရာမရအောင် ကြိုတင်ကာကွယ်မှု၊ ဒဏ်ရာအနာတရဖြစ်ခဲ့ရင်လည်း ကုသမှုပရိုတိုကောလ် အစီအစဉ်တွေအတိုင်း လိုက်နာဆောင်ရွက်ကြရတယ်။

လေ့ကျင့်ပြင်ဆင်မှုအပိုင်းမှာ ရုပ်ပိုင်းဆိုင်ရာနဲ့အတူ စိတ်ပိုင်းဆိုင်ရာလေ့ကျင့်မှုကလည်း အောင်မြင်မှုအတွက် အခရာကျလွန်းပါတယ်။ အနိုင်ရလိုစိတ် ပြင်းထန်လာတဲ့အခါ စိတ်ကိုလေ့ကျင့်ထားမှ ကြုံရမယ့်ဖိစီးမှုတွေ၊ စိတ်လှုပ်ရှားမှုတွေကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ ပြင်းပြတဲ့စိတ်ဓာတ်အပြင် တည်ငြိမ်တဲ့စိတ်ရှိနေဖို့လည်း လိုတယ်။ စိတ်တည်ငြိမ်ဖို့နဲ့ပတ်သက်ပြီး ပြိုင်ပွဲဝင်မယ့် အားကစားသမားတွေကို တရားထိုင်တဲ့နည်းလမ်းတွေသုံးပြီး စိတ်ကို လေ့ကျင့်ပေးကြတယ်လို့ဆိုပါတယ်။

နောက်တစ်ချက်က စည်းကမ်းပိုင်းပါ၊ ပြိုင်ပွဲစည်းကမ်းတွေဆိုတာ အလွန်အရေးကြီးပါတယ်။ လိုချင်တဲ့စိတ်နဲ့အတူ နာခံတဲ့စိတ်ရှိဖို့လည်း လိုတယ်။ အစားအသောက်ပုံစံ၊ အိပ်ရာဝင်ချိန်၊ အိပ်ရာထချိန်၊ နားချိန်ကအစပါ။ ပြိုင်ဘက်ကို အနိုင်ယူတဲ့အခါမှာ စည်းမျဉ်းစည်းကမ်းဘောင်အတွင်းက ကစားတတ်ဖို့၊ အနိုင်ယူတတ်ဖို့ အရေးကြီးပါတယ်။ တကယ်တော့ စည်းကမ်းဆိုတာ မိမိရောက်ရမယ့်ပန်းတိုင်နဲ့ ပြီးမြောက်မှုကြားက အကွာအဝေးခြားတစ်ခုသာ၊ ပန်းတိုင်နဲ့ပြီးမြောက်မှုအကြား ခင်းထားတဲ့ တံတားတစ်ခုမျှပါ။ အသင်းလိုက်ပြိုင်ပွဲတွေမှာ ပြိုင်ဘက်အသင်းနဲ့ ခိုက်ရန်ဖြစ်ပွားပြီး မိမိအသင်းအပေါ် အနုတ်လက္ခဏာဖြစ်မသွားအောင် စိတ်ကို ထိန်းသိမ်းနိုင်ဖို့လိုတယ်။ ရန်ရင်းဆန်ခတ်ဖြစ်ပြီး နောက်ဆက်တွဲနိုင်ငံနဲ့ လူမျိုးဂုဏ်သိက္ခာမထိခိုက်အောင် စောင့်ထိန်းရမယ့်စိတ်နေစိတ်ထားတွေ ရှိနေဖို့လိုပါတယ်။ လိုက်နာဖို့အပြင် ရင့်ကျက်မှုပါ ပြသနိုင်ဖို့လိုပါတယ်။

အောင်မြင်မှုပန်းတိုင်ဆီ ချီတက်မယ့် ခရီးလမ်း ဘယ်လမ်းမဆို မချောမွေ့နိုင်ပါဘူး။ အခက်အခဲ အတားအဆီးတွေရှိနိုင်တယ်။ ဘယ်လိုစီမံမှု၊ ဘယ်လိုပြိုင်ပွဲမဆို စိန်ခေါ်မှုဆိုတာ ရှိလာနိုင်တယ်။ မျှော်လင့်မထားတဲ့အချက်တွေကို ကြိုတင်မြော်တွေးထားရပါမယ်။ အထူးသဖြင့် နိုင်ငံတကာ အားကစားပြိုင်ပွဲတွေမှာဖြစ်တယ်။ ဥပမာ-ရာသီဥတု အပြောင်းအလဲ၊ အစားအသောက်အပြောင်းအလဲ၊ နေရာအပြောင်းအလဲ၊ စိတ်ပိုင်းဆိုင်ရာဖိအား၊ စိတ်လှုပ်ရှားမှုတွေကနေ အိပ်စက်အနားယူခြင်းအပေါ် ထိခိုက်နိုင်မှုစတဲ့အချက်တွေကို ထည့်တွက်ရပါမယ်။ ဘယ်လိုစိန်ခေါ်မှုမျိုးဖြစ်ဖြစ်ပါ၊ စိန်ခေါ်မှုကို အခွင့်အလမ်းအဖြစ် ပြောင်းနိုင်စွမ်းရှိဖို့က ပိုအရေးကြီးပါတယ်။ ထိုသို့ ပြောင်းနိုင်ခြင်းကပဲ ချန်ပီယံတစ်ယောက်၊ အောင်နိုင်သူတစ်ယောက်ရဲ့ လျှို့ဝှက်ချက်ဖြစ်ပါလိမ့်မယ်။

**စိတ်ခွန်အားတွေ ပေးမြဲပေးလျက်**

ဘာပဲဖြစ်ဖြစ် မြန်မာတစ်မျိုးသားလုံးက အားပေးလျက်ပါ။ မြန်မာတွေပါဝင်တဲ့ ပြိုင်ပွဲတိုင်း အားပေးနေပါတယ်။ ယခင့်ယခင်ခေတ်တွေနဲ့မတူအောင် နိုင်ငံတော်ဘက်ကလည်း အားကစားထူးချွန်သူတွေကို

*စာမျက်နှာ ၇ သို့*

❖ **နေ့တိုင်းနေ့တိုင်းမှာ မနေ့ကထက် ဒီနေ့ ငါဘယ်လောက် ပိုကောင်းအောင်လုပ်နိုင်သလဲ၊ အမြဲဆန်းစစ်နေပါ။ ဒါမှသာ ယနေ့နာကျင်မှုဟာ နောက်တစ်နေ့အတွက် ချိုမြိန်မှုဖြစ်ပါမယ်။ အားကစားပြိုင်ပွဲတစ်ခု အောင်မြင်မှုအတွက် ဆန္ဒ၊ အသိ၊ နည်းနာ ထိုသုံးခုမှာ ထက်သန်တဲ့ဆန္ဒက အရေးကြီးဆုံးလို့ ယူဆပါတယ်၊ ဆန္ဒပြင်းထန်မှု ရှိနေရင် အင်အားနဲ့ နည်းနာ နည်းပရိယာယ်တို့ကလည်း နောက်ကထက်ကြပ်လိုက်ပါလာမှာပဲ။ သေချာတာကတော့ ထက်သန်တဲ့စိတ်ဓာတ်မရှိဘဲ အောင်မြင်မှုဆိုတာ ဘယ်တော့မှရောက်မလာဘူး ဆိုတာပဲ။ ဒီလိုကြိုးစားရင် ဒီလို အောင်မြင်မှုရမယ်ဆိုတဲ့ မမှိတ်မသုန်ယုံကြည်ချက်ရှိနေရင် ဒီပုံ ဒီနည်းလမ်းအတိုင်း လုပ်မယ် ကြိုးစားမယ်ဆိုတဲ့ ခံယူချက်လည်း လိုက်လာမှာပဲ။ ခံယူတဲ့အတိုင်း ကြိုးစားခဲ့ရင် အောင်မြင်မှုက လက်တစ်ကမ်းမှာပါ**

## ကျောက်ဆည်တက္ကသိုလ်၌ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေး အသိပညာပေး

**စဉ့်ကိုင် ဩဂုတ် ၅**

ကျောက်ဆည်တက္ကသိုလ်၌ ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါတက္ကသိုလ်ရှိ THEATRE ခန်းမ၌ ကျင်းပရာ ကျောက်ဆည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာလွဲလွဲဝေနှင့် ဒုတိယပါမောက္ခများ၊ ပါမောက္ခဌာနမှူးများ၊ နည်းပြ/သရုပ်ပြ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ခွဲရုံး တပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးဇင်က ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာများနှင့် ပတ်သက်သည့် သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး လူကုန်ကူးခံရသူများ၏ စိတ်အခြေအနေများ၊ လူကုန်ကူးခံရသူများအပေါ် လုပ်အားခ ခေါင်းပုံဖြတ်မှုများ၊ လူကုန်ကူးခံရခြင်း၏ အဓိကအကြောင်းအရာများ၊ လူကုန်ကူးခံရပါက ဆက်သွယ်တိုင်ကြားနိုင်သည့် နည်းလမ်းများ၊ ပြစ်မှုကျူးလွန်သူများ ကျခံစေရမည့် ပြစ်မှု/ပြစ်ဒဏ်များ၊ ဥပဒေ၊ ပုဒ်မများစသည့်အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့စု (မန္တလေး)တပ်ဖွဲ့စုမှူး ရဲမှူး သူဇာလွင်က ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေများအကြောင်းကို ရှင်းလင်းဟောပြောသည်။

ကျော်စွာ (စဉ့်ကိုင်)

## ပေါက်ခေါင်းမြို့နယ်၌ ဆီထွက်သီးနှံ ရန်ပုံငွေပြန်လည်ထုတ်ချေးပေးလျက်ရှိ

**ပေါက်ခေါင်း ဩဂုတ် ၅**

ပေါက်ခေါင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆဋ္ဌမအကြိမ်မြောက် Type-3 ဆီထွက်သီးနှံရန်ပုံငွေ ပြန်လည်ထုတ်ပေးခြင်း အခမ်းအနားကို ဝက်တိုးကျေးရွာ၌ ဇူလိုင် ၃၀ ရက်က ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းနှင့် ဝန်ထမ်းများက အသင်းသားများအား ရန်ပုံငွေများ ပြန်လည်ထုတ်ချေးပေးသည်။

အဆိုပါ မြစိမ်းရောင်ရန်ပုံငွေဖြင့် ဝက်တိုးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား ၅၃ ဦးအတွက် ငွေကျပ်သိန်း ၁၁၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)

## ကျွန်းလှ၌ အမျိုးသားအလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

**ကျွန်းလှ ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ပိုက်ကျော်ခြင်း အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရန်၊ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ရွှေကျွန်းမြေ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။



ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၂၉ သင်း၊ အားကစားသမား ၁၀၄ ဦးဖြင့် ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း မြို့နယ်အားကစားမှူး ဒေါ်နွယ်နွယ်ထွန်းက ပြောသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ကျောင်းသားကျောင်းသူများ၊ အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

## တိုက်ကြီးမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**တိုက်ကြီး ဩဂုတ် ၅**

တိုက်ကြီးမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးစီမံချက်ဖြင့် သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များနှင့် မြို့မရဲစခန်းတို့၌ ဆောင်ရွက်သည်။

ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်တို့တွင် ခြင်အန္တရာယ်ကင်းရှင်းစေရေးအတွက် ကျောင်းမဖွင့်မီကပင် အုတ်ကန်၊ ရေစည်၊ ရေအိုးများအတွင်းသို့ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ရပ်ကွက်အတွင်းရှိနေအိမ်များ၌ မရွှေ့ပြောင်းနိုင်သော အုတ်ကန်၊ ရေကန်များအတွင်း ပိုးလောက်လမ်းမပေါက်ပွားစေရေး အဘိတ်ဆေးခတ်ခြင်း၊ ခြင်ခိုအောင်းမှု မရှိစေရန် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေတင်ကျန်နိုင်သော ဘူး၊ ခွက်၊ တာယာဟောင်းများကို ဖယ်ရှားရှင်းလင်းခြင်း၊ နေအိမ်ပတ်ဝန်းကျင်တွင် ခြင်ဆေးဖျန်းခြင်းနှင့် သွေးလွန်တုပ်ကွေးဖြစ်ပွားကြောင်း သံသယရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူရန် အသိပညာပေး ဟောပြောခြင်းတို့ကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး။**

*စာမျက်နှာ ၆ မှ*

**“အောင်မြင်မှုပန်းတိုင်ဆီ ချီတက်မယ့် ခရီးလမ်းဘယ်လမ်းမဆို မချောမွေ့နိုင်ပါဘူး။ အခက်အခဲ အတားအဆီးတွေရှိနိုင်တယ်။ ဘယ်လိုစီမံမှု၊ ဘယ်လိုပြိုင်ပွဲမဆို စိန်ခေါ်မှုဆိုတာ ရှိလာနိုင်တယ်။ မျှော်လင့်မထားတဲ့အချက်တွေကို ကြိုတင်မြော်တွေးထားရပါမယ်။ အထူးသဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲတွေမှာဖြစ်တယ်။ ဥပမာ-ရာသီဥတု အပြောင်းအလဲ၊ အစားအသောက်အပြောင်းအလဲ၊ နေရာအပြောင်းအလဲ၊ စိတ်ပိုင်းဆိုင်ရာဖိအား၊ စိတ်လှုပ်ရှားမှုတွေကနေ အိပ်စက်အနားယူခြင်းအပေါ် ထိခိုက်နိုင်မှုစတဲ့ အချက်တွေကို ထည့်တွက်ရပါမယ်။ ဘယ်လိုစိန်ခေါ်မှုမျိုးဖြစ်ဖြစ်ပါ၊ စိန်ခေါ်မှုကို အခွင့်အလမ်းအဖြစ် ပြောင်းနိုင်စွမ်းရှိဖို့က ပိုအရေးကြီးပါတယ်။ ထိုသို့ ပြောင်းနိုင်ခြင်းကပဲ ချန်ပီယံတစ်ယောက်၊ အောင်နိုင်သူတစ်ယောက်ရဲ့ လျှို့ဝှက်ချက်ဖြစ်ပါလိမ့်မယ်”**

အလွန်အားပေး ချီးမြှင့်မြှောက်စားတဲ့ အချိန်အခါကောင်းဖြစ်နေတယ်။ ပြည်သူတွေရဲ့ အားပေးမှုဩဘာသံတွေ၊ လက်ခုပ်သံတွေက သင်တို့ရဲ့ စွမ်းဆောင်ရည်ကို မြင့်တက်စေမှာ အမှန်ပါ။ ဒါကြောင့် နိုင်ငံ့ဂုဏ်ဆောင်မယ့် အားကစားသမားအားလုံး... မဆုတ်မနစ်သော လုံ့လနဲ့ ပုံမှန်လေ့ကျင့်ပြီး ကြိုးစားယှဉ်ပြိုင်ပေးကြပါ။

လေ့ကျင့်မှုဆိုတာ ဘယ်တော့မှပြီးဆုံးတယ်မရှိ၊ ဘယ်တော့မှလည်း အဆုံးသတ်တယ်မရှိ၊ လေ့ကျင့်နိုင်သမျှလေ့ကျင့်ပါ။ ကိုယ်ဝင်ပြိုင်မယ့် ကိုယ့်အားကစား ကိုယ်ကိုယ်တိုင်ချစ်ပါ၊ တန်ဖိုးထားပါ၊ လေးစားပါ။ လေ့ကျင့်မှုဆီကနေ အမြဲသင်ယူ အမြဲလေ့လာပါ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအမြဲရှိပါ၊ ယုံကြည်မှုရှိရင် အောင်မြေတစ်ဝက်နင်းပြီလို့မှတ်၊ ဖိအားဒဏ်ခံနိုင်အောင် စိတ်ကိုအမြဲလေ့ကျင့်ပါ။ အောင်မြင်မှုဆိုတာ ကြိုးစားမှုကြောင့် ရလာတာ အရည်အချင်းရှိလို့ရတာ၊ တိုက်ဆိုင်မှုမဟုတ်ကြောင်း ပြနိုင်ရမယ်။ လဲကျမသွားနဲ့၊ ပြိုလဲမသွားနဲ့၊ လဲရင်ရုန်းထ ဘယ်တော့မှမရှုံးစေနဲ့။ ဘယ်လို အခက်အခဲရှိရှိလုပ်မယ်၊ ကိုင်မယ်ဆိုတဲ့ စိတ်ဓာတ်ကသာ အခရာ။ အသင်းလိုက်မှာ သက်သောင့်သက်သာနဲ့ လိုက်မယ်ဆိုတဲ့စိတ် ဘယ်တော့မှ မတွေးပါနဲ့။ ချွေးထွက်များမှ သွေးထွက်နည်းမယ်၊ အနာခံမှ အသာစံရမယ့် စိတ်ဓာတ်နဲ့အတူ မိမိဘဝ တစ်သက်တာဂုဏ်ယူနေရမယ့် ချန်ပီယံဆိုတဲ့ ဆုလာဘ်အတွက် ယခုဓာတနာကျင်မှုတွေကို မေ့ထားလိုက်ပါ၊ အနာဂတ်ဆိုတာ မျှော်မှန်းနေရုံနဲ့မပြီး၊ ဖန်တီးမှုရှိမှသာ လှပတဲ့အနာဂတ်ဖြစ်လာမှာပါ။

နေ့တိုင်းနေ့တိုင်းမှာ မနေ့ကထက် ဒီနေ့ ငါဘယ်လောက် ပိုကောင်းအောင်လုပ်နိုင်သလဲ၊ အမြဲဆန်းစစ်နေပါ။ ဒါမှသာ ယနေ့နာကျင်မှုဟာ နောက်တစ်နေ့အတွက် ချိုမြိန်မှုဖြစ်ပါမယ်။ အားကစားပြိုင်ပွဲတစ်ခု အောင်မြင်မှုအတွက် ဆန္ဒ၊ အသိ၊ နည်းနာ ထိုသုံးခုမှာ ထက်သန်တဲ့ဆန္ဒက အရေးကြီးဆုံးလို့ ယူဆပါတယ်၊ ဆန္ဒပြင်းထန်မှုရှိနေရင် အင်အားနဲ့ နည်းနာ နည်းပရိယာယ်တို့ကလည်း နောက်က ထက်ကြပ်လိုက်ပါလာမှာပဲ။ သေချာတာကတော့ ထက်သန်တဲ့စိတ်ဓာတ်မရှိဘဲ အောင်မြင်မှုဆိုတာ ဘယ်တော့မှရောက်မလာဘူးဆိုတာပဲ။ ဒီလိုကြိုးစားရင် ဒီလိုအောင်မြင်မှု ရမယ်ဆိုတဲ့ မမိုတ်မသုန်ယုံကြည်ချက်ရှိနေရင် ဒီပုံဒီနည်းလမ်းအတိုင်း လုပ်မယ် ကြိုးစားမယ်ဆိုတဲ့ ခံယူချက်လည်း လိုက်လာမှာပဲ။ ခံယူတဲ့အတိုင်း ကြိုးစားခဲ့ရင် အောင်မြင်မှုက လက်တစ်ကမ်းမှာပါ။

နောက်ဆုံးအချက် အားပေးချင်တာက အိပ်မက်ဆိုတာ ဘယ်အိပ်မက်မှ မကြိုးစားဘဲနဲ့တော့ မရနိုင်ပါဘူး၊ ခက်ခက်ခဲခဲကြိုးစားမှုရဲ့နောက်မှာ ချိုမြိန်တဲ့အောင်မြင်မှု ရှိနေတယ်ဆိုတဲ့အတွက်ကြောင့်... သူတို့အားလုံး ကောင်းကောင်းလုပ်နိုင်ကြမယ်၊ ယခင်စံချိန်ကောင်းတွေကို ချိုးနိုင်ကြမယ်၊ နိုင်ငံတော်အလံ ကွင်းအနှံ့ လွှမ်းသွားမယ်၊ အဆုံးမှာ အောင်ပွဲနဲ့အတူ ပြန်လာကြမယ်ဆိုတာ ဘယ်အချိန်၊ ဘယ်ကာလ၊ ဘယ်နေရာမှာမှ သံသယရှိမှာ မဟုတ်တော့ပါ။

အထူးသဖြင့် ယခုဆောင်းပါးဟာ (၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲဝင်တွေအတွက် အဓိကရည်ရွယ်တဲ့ အားပေးမှု၊ လှုံ့ဆော်တိုက်တွန်းမှုတွေဖြစ်သော်လည်း... ကိုယ်စီကိုယ်စီ ကောင်းမွန်တဲ့ အနာဂတ်တစ်ခုအတွက် ရည်မှန်းချက်ထား ကြိုးစားနေကြသူတွေ၊ ဘဝကို အနိုင်မခံအရှုံးမပေး ကြိုးစားနေကြသူအားလုံး... အထူးသဖြင့် ကျောင်းသားလူငယ်တွေအတွက်လည်း ရည်ရွယ်ချက်တွေ ပါဝင်သွားခဲ့ပြီးဖြစ်ပါတယ်။ ။

# ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းများနှင့်ပတ်သက်၍ တွေ့ဆုံမှာကြား

## မြန်မာနိုင်ငံသားများ မျှော်မှန်းသက်တမ်းတိုးမြှင့်ရေး အစားအသောက်နှင့်ဆေးဝါးများ ဘေးအန္တရာယ်ကင်းရှင်းရေးအရေးကြီး

နေပြည်တော် ဩဂုတ် ၅

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ တိုင်းဒေသကြီး၊ ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှူးများ၊ တာဝန်ခံများနှင့် တွေ့ဆုံသည်။**



ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထုနှင့် ထိတွေ့ဆောင်ရွက်လျက်ရှိသည့် ဌာနဖြစ်သည့်အားလျော်စွာ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း မူဘောင်ထဲမှ လုပ်ငန်းများကို မြန်ဆန်လွယ်ကူအောင် ဝန်ဆောင်မှုပေးရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားများ မျှော်မှန်းသက်တမ်းတိုးမြှင့်ရေးတွင် ပြည်သူလူထုစားသုံးသည့် အစားအသောက်နှင့်ဆေးဝါးများ ဘေးအန္တရာယ်ကင်းရှင်းရေးသည် အရေးကြီးပါကြောင်း၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် ဆေးဝါးအတုများ၊ စံမညီဆေးဝါးများ တင်သွင်းမှုကို ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်လျက်ရှိရာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ဆေးဝါးများကို နယ်စပ်စခန်းများတွင် စနစ်တကျ စစ်ဆေးရန် လိုအပ်ပါကြောင်း။

သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံးခွဲများတွင် အစားအသောက်များကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးနိုင်ရန် စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဦးစီးဌာနအနေဖြင့် ဆေးဝါးဓာတုဓာတ်ခွဲခန်းများနှင့် အစားအသောက် ဓာတုဓာတ်ခွဲခန်းများအား နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် (ISO Certificate) များရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အစားအသောက်နှင့် ဆေးဝါးမှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်းလုပ်ငန်းများကို လုပ်ငန်းရှင်များ ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်မှုနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ရှိ တိုင်းရင်းဆေးပညာဦးစီးဌာန၌ ဦးစီးဌာန တာဝန်ရှိသူများ၊ တိုင်းရင်းဆေးတက္ကသိုလ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနမှူးများ၊ တိုင်းရင်းဆေးရုံအုပ်ကြီးများ၊ စက်ရုံမှူး၊ တာဝန်ခံများနှင့် တွေ့ဆုံပြီး(ဝဲပုံ) မြန်မာ့တိုင်းရင်းဆေးကို ကမ္ဘာက အသိအမှတ်ပြုစေရန် မူပိုင်ခွင့်ရရှိစေရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းရင်းဆေးတက္ကသိုလ်က ပါရဂူဘွဲ့သင်တန်းဖွင့်လှစ်နိုင်ခြင်းသည် အောင်မြင်မှုတစ်ခုဖြစ်ကြောင်း၊ တိုင်းရင်းဆေးပညာ ဦးစီးဌာနအနေဖြင့် သိပ္ပံနည်းကျ သုတေသနလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ရရှိပြီးသော လုပ်ငန်းအောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းသွားရန်နှင့် အားနည်းချက်များကို ပြန်လည်ဆန်းစစ်ကာ ပိုမိုအောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးခဲ့သော မိုးစပါးနှင့် လမ်း/တံတားများ ကြည့်ရှုစစ်ဆေး

ဘားအံ ဩဂုတ် ၅

**ကရင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ စိုက်ပျိုးပြီးမိုးစပါး ၁၉၁၅၃၁ ဧကအနက် ၂၉၃၄၉ ဧက ရေဖုံးလွှမ်းခဲ့ကာ ဩဂုတ် ၄ ရက်အထိ ၁၁၄၃၆ ဧက ရေပြန်ပေါ်၍ ၃၄၄၉ ဧက ထိခိုက်ပျက်စီးခဲ့ရာ အချိန်မီပြန်လည်ကုစားထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဘားအံမြို့ အမှတ်(၈)ရပ်ကွက်၊ ကွင်းအမှတ် ၁၁၈၄၊ ထောင်ဝိကွင်း၊ ဘားအံမြို့နယ် ကော့လှိုက်ကျေးရွာ ထန်းတပင်ကွင်း၊ ကွင်းအမှတ် ၁၂၀၇-က၊ ၁၂၀၇-ခ၊ ၁၂၀၈-က နှင့် ၁၂၀၈-ခ တို့တွင် ရေကြီးနစ်မြုပ် မိုးစပါးစိုက်ဧကများအနက် ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးပြီး ရေကြီးနစ်မြုပ် မိုးစပါးစိုက်ခင်းများကို သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အချိုးကျရောစပ်စုပေါင်းကြဲပက်ခြင်းကွင်းသရုပ်ပြပွဲကို ကြည့်ရှုအားပေးကာ ထိခိုက်လယ်မြေများတွင် ပြန်လည်ဖာထေးစိုက်ပျိုးနိုင်ရေး၊ ပျက်စီးလယ်မြေများ အချိန်မီ ပြန်လည် ထွန်ယက်စိုက်ပျိုးနိုင်ရေး၊ လိုအပ်သည့် လယ်ယာသုံးစက်ကိရိယာများ ကူညီဖြည့်ဆည်းပေးနိုင်ရေး၊ မျိုးစပါးနှင့်သွင်းအားစုများ ကူညီဖြည့်ဆည်းပေးနိုင်ရေး မှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကော့လှိုက်ကျေးရွာ ထန်းတပင်-ကော့လှိုက် - ဝင်းကျန် - ကရင်ဖာလင်ထုံးအိုင်လမ်း ဘေးဝဲယာရှိ မိုးစပါးစိုက်ခင်းများ ရေကြီးရေလျှံမှုကြောင့် အဆိုပါ လမ်းပိုင်းလမ်းပခုံးနှင့် လမ်းသားထိခိုက်မှုများအား ကြည့်ရှုစစ်ဆေးကာ ထိခိုက်မိုးစပါးများ ပြန်လည်ကုစားပေးနိုင်ရေးနှင့် ထိခိုက်လမ်း/တံတားများကို လိုအပ်သည့် ပြင်ဆင်မှုများ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေး မှာကြားသည်။

ယင်းနောက် ဘားအံမြို့နယ် ကော့ဒါန်းမယ်ကျေးရွာအဝင်လမ်း ဘေးဝဲယာ မိုးစပါးစိုက်ခင်းများ ထိခိုက်ပျက်စီးမှုနှင့် အဆိုပါ လမ်းပိုင်းထိခိုက်မှုတို့ကို လည်းကောင်း၊ လှိုင်ရွာ-ကော့သပုတ်-ကော့ဒါန်းမယ် - ကောထမလိန်းလမ်း သဘာဝဘေးကြောင့် ထိခိုက် ပျက်စီးမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သဘာဝဘေး ကျရောက်ပြီးချိန် အပင်ပြုစု စောင့်ရှောက်ခြင်း၊ ဖြစ်ပွားတတ်သည့် ရောဂါပိုးမွှားများ ကာကွယ်နှိမ်နင်းခြင်း၊ ထိခိုက်ပျက်စီး မိုးစပါးစိုက်ခင်းများ ပြန်လည်ထူထောင် စိုက်ပျိုးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးရန်နှင့် ထိခိုက်လမ်း/တံတားများအား သက်ဆိုင်ရာဌာနများက အမြန်ဆုံးပြင်ဆင်ဆောင်ရွက်ပေးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# သရက်ချောင်း၌ ငါးနှစ်အောက်ကလေးများအား ဗီတာဗင်-Aနှင့် သန်ချဆေးတိုက်ကျွေး

**သရက်ချောင်း ဩဂုတ် ၅**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အဖြစ် အသက်ငါးနှစ်အောက် ကလေးသူငယ်များအား ဗီတာဗင်-A နှင့် သန်ချဆေးတိုက်ကျွေးခြင်း လုပ်ငန်းများကို ယနေ့နံနက်မှစတင်၍ သရက်ချောင်းမြို့ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတွင် ဆောင်ရွက်ပေးလျက်ရှိသည်။




ထိုသို့ ဆောင်ရွက်ပေးရာတွင် သရက်ချောင်းမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဝင်းဇော်ဦး ကြီးကြပ်မှုဖြင့် ကျန်းမာရေးဆရာမများက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အဖြစ် အသက် ငါးနှစ်အောက် ကလေးများ ခန္ဓာကိုယ်ဖွံ့ဖြိုးရန်အတွက် ပေါင်ချိန်ခြင်းနှင့် ဗီတာမင်- Aနှင့် သန်ချဆေး တိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**

---

# ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၅**

မင်္ဂလာဒုံမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ လဝကမှူး ဦးသန်းလွင်စိုးနှင့် ဝန်ထမ်းများသည် ချစ်တီးကုန်းရပ်ကွက်၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနိုင်ရေး ယနေ့ နံနက်ပိုင်းက မြေပြင်ကွင်းဆင်းရာတွင် အမတ နံပါတ် ၃ ခေါက်ချိုးကတ်ကိုင်ဆောင်ထားပြီး နိုင်ငံသားစိစစ်ရေးကတ်များ မရှိသူ အသက်(၁၆)နှစ်နှင့်အသက်(၁၈) နှစ်ကြား၊ အသက်(၁၈)နှစ်အထက် ပြည်သူများအား ကိုင်ဆောင်လက်မှတ် တစ်မျိုးမျိုး ထုတ်ပေးနိုင်ရန်အတွက် စစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**မင်းသိန်းထွန်း**

# သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏ လမ်းညွှန်မှုဖြင့် ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်းတစ်ထောင် ပေးအပ်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၅**

သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၏ လမ်းညွှန်မှုဖြင့် ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ကရုဏာအလှူတော်ငွေ ကျပ်သိန်း တစ်ထောင် ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ရှိ စိတ္တဝိဝေကတောရကျောင်းတိုက်၌ ကျင်းပသည်။

ပေးအပ်လှူဒါန်းပွဲသို့ စိတ္တဝိဝေက တောရကျောင်းဆရာတော် ဘဒ္ဒန္တသုစိတ္တ အမှူးပြုသည့် ဆရာတော်၊သံဃာတော်များကြွရောက်တော်မူကြပြီး ကရင်ပြည်နယ်မှ တာဝန်ရှိသူများ၊ သီတဂူဆရာတော်ကြီး၏ ကပ္ပိယဆရာငြိမ်း ဦးဆောင်သည့်အဖွဲ့ တက်ရောက်ကြသည်။

ထို့နောက် ကရင်ပြည်နယ်အတွင်းရှိရေဘေးသင့်ပြည်သူများအတွက် ကရုဏာအလှူတော်ငွေကျပ်



သိန်းတစ်ထောင်ကို စိတ္တဝိဝေကတောရကျောင်း ဆရာတော်နှင့် တာဝန်ရှိသူများထံ သီတဂူဆရာတော်ကြီး၏ ကပ္ပိယဆရာငြိမ်း ဦးဆောင်သည့်အဖွဲ့က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပခုက္ကူစာပေဆု တစ်သက်တာစာပေဆုကို ဆရာမကြီး ဒေါက်တာခင်သန်းဦး(မမိုးမြေ) ရရှိ

**ရန်ကုန် ဩဂုတ် ၅**

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုကို နှစ်စဉ်ချီးမြှင့်လျက်ရှိရာ (၃၁) ကြိမ်မြောက်အတွက် ပခုက္ကူစာပေဆုရရှိသူများ၏ အမည်စာရင်းကို ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေး ကော်မတီက ယနေ့ ထုတ်ပြန်ကြေညာခဲ့ရာ ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုကို ဆရာမကြီး ဒေါက်တာခင်သန်းဦး(မမိုးမြေ) ရရှိသည်။

ဝတ္ထုရှည်ဆုတွင် ဒုတိယဆုကို မောင်နေခြည်(ပြည်) ရေးသားသည့် "ကိုယ်ချင်းစာနိုင်ကြပါစေ" စာမူကလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို ညိမ်းညို ရေးသားသည့် "မခန်းသောမြစ်နှင့် အခြားဝတ္ထုတိုများ"၊ ဒုတိယဆုကို သက်ဦးခင်ရေးသားသည့်"အရုဏ်ဦးမှာ ကြည်နူးစွာနှင့် အခြားဝတ္ထုတိုများ"၊ တတိယဆုကို မေလတ်ဟန် ရေးသားသည့် "ကျောင်းဆရာမလေးဖြစ်ချင်တယ်နှင့် အခြားဝတ္ထုတိုများ" စာမူတို့ကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို နေခြည်မောင်(မြောင်းမြ) ရေးသားသည့် "နေခြည်ဝင်းပအလင်းတစ်စ အလှကဗျာများ"၊ ဒုတိယဆုကို ရှိန်မြင့်ထက်(ဝါးကြီးအိုင့်) ရေးသားသည့် "နံနက်ခင်းရဲ့ ပန်းလက်ဆောင်ကဗျာများ"၊ တတိယဆုကို ကိုလေးပြည့် ရေးသားသည့် "ကောက်စိုက်သမ ကွမ်းတောင်ကိုင်နှင့် အခြားကဗျာများ" စာမူတို့ကလည်းကောင်း၊ ကျမ်းစာပေဆုတွင် ဒုတိယဆုကို ခင်ဇေ(စက်မှု) ရေးသားသည့် "ခေတ်ဟောင်း မြန်မာ့တေးဂီတအနုပညာဖြင့်တိုင်းပြည်ကိုအလှဆင်ခဲ့ကြသူများ"၊ တတိယဆုကို ဦးဝင်းမြင့်မောင် (လင်းအရုဏ်ဦး) ရေးသားသည့် "ပလ္လင်ရှစ်ခန်း ရွှေနန်းကိုးဆောင်" စာမူတို့ကလည်းကောင်း၊ သုတေသနစာပေဆုတွင် ပထမဆုကို အောင်ကြည်ညွန့်(တက္ကသိုလ်) ရေးသားသည့် "မြန်မာနိုင်ငံ၏ လူထုပညာရေးကြိုးပမ်းဆောင်ရွက်မှုသမိုင်းကို လေ့လာတင်ပြခြင်း(၁၉၄၈-၂၀၀၂)"၊ ဒုတိယဆုကို မာန်သစ်ငြိမ်း (ရှေးဟောင်းသုတေသန) ရေးသားသည့် "မြန်မာ့ထင်ရှားကျော်ကြား ပုဂံဥမင်များ"၊ တတိယဆုကို ဌေးကျော်(မဟာဝိဇ္ဇာ) ရေးသားသည့် "နှစ်(၁၀၀) ပြည့် ထောက်ကြံ့ အမျိုးသားကျောင်းသမိုင်း(၁၉၂၅-၂၀၂၅)" စာမူတို့ကလည်းကောင်း ရရှိကြသည်။

(၃၁)ကြိမ်မြောက် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုကို နန္ဒာမွန်း ရေးသားသည့် "သတင်းစာထဲက ဆောင်းပါးများ ဆောင်းပါးထဲက သတင်းများ "စာအုပ်နှင့် ဦးခွန်မောင်တုတ် ရေးသားသည့် "ပအိုဝ်းအမျိုးသားခေါင်းဆောင် ဦးအောင်ခမ်းထီ၏ နိုင်ငံရေးခရီး" စာအုပ်တို့က ရရှိကြသည်။

ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူပညာသင်ဆုကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ မောင်သုခန့်အောင် (ပထမနှစ် - ဂီတပညာဌာန)နှင့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး) မှ မစောပြည့်ပြည့်ထွန်း (ပထမနှစ်-ဂီတပညာဌာန)တို့က ရရှိကြသည်။

ပခုက္ကူဦးအုံးဖေ တစ်သက်တာဆုကို ယခင် ၁၀ သိန်းချီးမြှင့်ရာမှ ယခုနှစ်တွင် ၁၅ သိန်းတိုးမြှင့် ချီးမြှင့်မည်ဖြစ်ပြီး ပခုက္ကူဦးအုံးဖေစာမူဆု ပထမဆုကို ယခင် ၇ သိန်းမှ ယခု ၁၀ သိန်း၊ ဒုတိယဆုကို ယခင် ၅ သိန်းမှ ယခု ၇ သိန်း၊ တတိယဆုကို ယခင် ၄ သိန်းမှ ယခု ၅ သိန်း အသီးသီးတိုးမြှင့် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပခုက္ကူစာပေဆု ဆုရရှိသူများသည် စာတည်းမှူးချုပ်၊ စာပေဗိမာန် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းမှူးချုပ် ၀၁-၈၃၈၁၄၅၀နှင့် စီမံရေးရာဌာန ၀၁-၈၃၈၁၄၄၉ သို့ ဆက်သွယ်ကြရန်နှင့် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုချီးမြှင့်ပွဲ အခမ်းအနားတွင် စာကြည့်တိုက် စာအုပ်ဆုပါ ချီးမြှင့်သွားမည်ဖြစ်ပြီး ကျင်းပမည့် အချိန်၊ နေရာ၊ ရက်တို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# အင်တော်မြို့၌ လူငယ်စကားဝိုင်းနှင့်စာအုပ်ပြပွဲကျင်းပ

**အင်တော ဩဂုတ် ၅**

ကျောင်းသားလူငယ်များအနေဖြင့် အသိဉာဏ်ပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုး အပါအဝင် ဗဟုသုတ မြှင့်တင်ပေးနိုင်ရေး ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန နှင့် အမက(မူလွန်)ကျောင်းတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းနှင့် စာအုပ်ပြပွဲကို ယနေ့မွန်းလွဲပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) အင်တော်မြို့ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့ဦးစီးမှူး ဒေါ်လှလှထွေးက ကျောင်းသား ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာများ ပိုမိုသိရှိစေရန်၊ လူအများရှေ့တွင်ရဲဝံ့စွာစကားပြောဆိုတတ်စေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်း ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော လူငယ်များနှင့် ပတ်သက်သည့် စာအုပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**အောင်ခိုင်(အင်တော)**

# ခန္တီးမြို့၌ ရပ်ရွာအခြေပြုမုန့်မျိုးစုံပြုလုပ်နည်း သင်တန်းဖွင့်လှစ်

**ခန္တီး ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ခန္တီးခရိုင် လူမှုဝန်ထမ်းရုံးနှင့် ခန္တီးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာန၌ ယနေ့ နံနက်ပိုင်းက ရပ်ရွာအခြေပြုမုန့်မျိုးစုံပြုလုပ်နည်း သင်တန်းကို စတင်ဖွင့်လှစ်သည်။

ဦးစွာ ခန္တီးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းအေးခိုင်က အမှာစကားပြောကြားပြီး ခန္တီးခရိုင် လူမှုဝန်ထမ်းရုံး ဦးစီးမှူး ဦးကျော်ဇင်ဦးက မုန့်မျိုးစုံပြုလုပ်နည်း သင်တန်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခန္တီးခရိုင်လူမှုဝန်ထမ်းရုံး ဒုတိယဦးစီးမှူး ဒေါ်နီနီအောင်က မုန့်လုပ်နည်းများနှင့် ထည့်သွင်းအသုံးပြုရမည့် အချိုးအဆ ပမာဏများကို ရှင်းလင်းပြောကြားပြီး သင်တန်းသားများနှင့်အတူ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်သင်ကြားပြီး နှစ်ရက်တာ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ကမ်းကီး(ပြန်/ဆက်)**

# ငဖဲမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

**ငဖဲ ဩဂုတ် ၅**

ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကျောင်းနေအရွယ် ကလေးငယ်များ ကျောင်းပြင်ပအသိပညာ ဗဟုသုတ တိုးပွားစေရန်နှင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ သိကောင်းစရာများကို ပြည့်ပြည့်စုံစုံ သိရှိစေရန်ရည်ရွယ်၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ကလေးစာဖတ်ဝိုင်းကို ယနေ့နံနက်က ပေကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ ငဖဲမြို့နယ် ပေကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ် ဆရာမကြီး ဒေါ်စိုးစိုးသန်းက အမှာစကားပြောကြား၍ ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဒုတိယဦးစီးမှူး ဒေါ်ဥမ္မာကျော်က စာသင်ခန်းတွင်ပညာသင်ကြားနေကြရမည့် အရွယ်တွင် ကလေးသူငယ်များ စားဝတ်နေရေးအလို့ငှာ လုပ်ငန်းခွင်ထဲသို့ရောက်ရှိနေကြခြင်းမှာ ကလေး၏ အနာဂတ်ကိုသာမက နိုင်ငံ၏အနာဂတ်ကိုပါ ထိခိုက်နစ်နာစေကြောင်း၊ ကလေးအလုပ်သမားများ၏ အဓိပ္ပာယ်၊ ကလေး အလုပ်သမားများ၏ အသက်အရွယ်၊ အလုပ်ချိန် ကန့်သတ်ချက်၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေများ၊ အသိပညာဗဟုသုတ တိုးပွားစေရန်၊ အတွေးအခေါ် ရင့်သန်မှန်ကန်စေရန်အတွက် ကျောင်းစာသာမက သုတရသစာအုပ်စာပေများကိုလည်း လေ့လာဖတ်ရှုကြရန်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။ **မယု(ငဖဲ)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ (၅-၈-၂၀၂၅)

| | | | | | |
|---|---|---|---|---|---|
| သထုံမြို့ | ၅ ဒသမ ၀၀ | လက်မ | မုဒုံမြို့ | ၁ ဒသမ ၅၇ | လက်မ |
| ပြင်ဦးလွင်မြို့ (ဇီးပင်ကြီး) | ၂ ဒသမ ၄၈ | လက်မ | မြစ်ကြီးနားမြို့ | ၁ ဒသမ ၃၇ | လက်မ |
| | | | မိုးကောင်းမြို့ | ၁ ဒသမ ၃၀ | လက်မ |
| ခန္တီးမြို့ | ၂ ဒသမ ၂၃ | လက်မ | ဘားအံမြို့ | ၁ ဒသမ ၂၆ | လက်မ |
| ဘီးလင်းမြို့ | ၁ ဒသမ ၇၃ | လက်မ | သာယာဝတီမြို့ | ၁ ဒသမ ၀၁ | လက်မ |

# ကလေးငယ်များ ကျန်းမာသန်စွမ်းဖို့ မိခင်နို့ကို စနစ်တကျတိုက်ကျွေးစို့

ကျန်းမာရေးဝန်ကြီးဌာနသည် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်သူလူထု စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဩဂုတ်လ တစ်လလုံးကို အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအဖြစ် သတ်မှတ်၍ နှစ်စဉ်ဆောင်ရွက်လျက်ရှိသည်။ ကလေးများ အာဟာရပြည့်ဝရေး၊ စံမီကြီးထွားဖွံ့ဖြိုးရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ ဉာဏ်ရည်ထက်မြက်ရေးတို့သည် ရင်သွေးငယ်များ ရသင့်ရထိုက်သည့် အခွင့်အရေးများဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံသူနိုင်ငံသား အားလုံး ကျန်းမာကြံ့ခိုင်ခြင်းသည် နိုင်ငံတော်တည်ဆောက်ရေးတွင် များစွာအထောက်အကူပြုစေမည်ဖြစ်သည်။

မောင်စိန်အိ(နဘဲမြေ)

### အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

ထို့ကြောင့် ၂၀၂၅ ခုနှစ် ဩဂုတ်လ ပထမ သီတင်းပတ်ကို မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်အဖြစ်လည်းကောင်း၊ ဒုတိယ သီတင်းပတ်ကို ငါးနှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အဖြစ်လည်းကောင်း၊ တတိယ သီတင်းပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အဖြစ်လည်း ကောင်း၊ စတုတ္ထသီတင်းပတ်ကို အိုင်အိုဒင်းချို့တဲ့ ရောဂါများပပျောက်ရေး ရက်သတ္တပတ်အဖြစ် လည်းကောင်း သတ်မှတ်ကာ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များကို လူထုလှုပ်ရှားမှုများအဖြစ် ဆောင်ရွက်လျက်ရှိသည်။

အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်း အမြစ်များသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး အတွက် များစွာအရေးပါလျက်ရှိသည်။ လူ့စွမ်းအား အရင်းအမြစ်များ ပြုစုပျိုးထောင်ရာတွင် အာဟာရ ဖွံ့ဖြိုးရေးကိုလည်း အလေးထားလုပ်ဆောင်သွားရန် လိုအပ်ပေသည်။ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ စဉ်ဆက်မပြတ် အောင်မြင်မှုရရှိရေးအတွက် လွှမ်းခြုံဆောင်ရွက်နိုင်သည်နှင့်အမျှ ကလေးငယ် များ၏ ကျန်းမာသန်စွမ်းမှုနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုတို့ အပေါ် အကျိုးသက်ရောက်မှုများ ရရှိလာမည်ဖြစ် သည်။ ထိုမှတစ်ဆင့် ပညာတတ်နိုင်ငံသားများ တစ်နည်းအားဖြင့် တန်ဖိုးမြင့်လူ့စွမ်းအားအရင်း အမြစ်များ ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။

### တန်ဖိုးမဖြတ်နိုင်သော မိခင်နို့ရည်

စင်စစ်အားဖြင့် မိခင်နို့ရည်သည် ကလေးငယ် ကျန်းမာစွာကြီးထွားပြီး ဖွံ့ဖြိုးမှုအတွက် အကောင်း ဆုံး အာဟာရပင်ဖြစ်သည်။ မိခင်နို့ရည်သည် မွေးဖွားပြီး ပထမခြောက်လအတွင်း ကလေးငယ် လိုအပ်သော တစ်ခုတည်းသော အာဟာရဖြစ်သည်။ ကလေးငယ်အတွက် အစာကြေလွယ်ပြီး ကလေး ငယ်ကို အာဟာရဓာတ်များ လျင်မြန်စွာ ပေးနိုင် သည်။ ထို့ကြောင့် အာဟာရကြွယ်ဝပြီး ရောဂါ ကာကွယ်ပေးသည့်ဓာတ်များ ပါဝင်သော နို့ဦးရည် ကို တိုက်ဖြစ်အောင် တိုက်သင့်သည်။ မွေးဖွားပြီး တစ်နာရီအတွင်း စောနိုင်သမျှ စောစောတိုက်သင့် သည်။ ကလေးငယ်ကို မွေးဖွားပြီး အသက်ခြောက်လ အထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ရန်လိုသည်။ မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်းဆိုသည်မှာ မိခင်နို့မှလွဲ၍ ရေ၊ အခြားအရည်များ၊ သို့မဟုတ် အစားအစာများကို ပထမခြောက်လအတွင်း မကျွေးခြင်းကို ဆိုလိုသည်။ မိခင်နို့တွင် ရေဓာတ် အများအပြားပါဝင်သည်။ ကလေးငယ် နို့ဆာသည့် အခါတိုင်း တိုက်ပေးသင့်သည်။ နို့စို့လိုသည့်အခါ တိုင်း နို့စို့ခွင့်ရရှိပါက ပူပြင်းခြောက်သွေ့သော ရာသီဥတုများမှာပင် ရေထပ်မံတိုက်ကျွေးရန် မလိုပေ။ မိခင်နို့ကို ခဏခဏတိုက်ပေးသင့်သည်။ အချိန်ကြာကြာတိုက်ပေးသင့်သည်။ ကလေးနို့ဆာ



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်တွင် ဩဂုတ် ၅ ရက်က ကလေးငယ်အား ပုံမှန်ကာကွယ်ဆေးထိုးပေးစဉ်။ နန်းသန္တာဦး(ပြန်/ဆက်)

တိုင်း တိုက်ပေးသင့်သည်။ မိခင်နို့တွင် အဆီဓာတ်၊ သကြားဓာတ်၊ ဗီတာမင်နှင့် သတ္တုဓာတ်များ အလုံ အလောက် ပါဝင်သလို အစာလည်းကြေလွယ်သည်။

### မိခင်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူး

နို့ဦးရည်နှင့် မိခင်နို့သည် ကလေးငယ်ရောဂါ မဖြစ်ပွားစေရန်အတွက် မိခင်မှ ကလေးကိုပေးနိုင် သည့် ပထမဆုံးနှင့်တန်ဖိုးအရှိဆုံး ကာကွယ်ဆေးပင် ဖြစ်သည်။ မိခင်နို့တိုက်ကျွေးခြင်းဖြင့် ကလေးငယ် တွင် ဝမ်းလျှောခြင်း၊ အသက်ရှူလမ်းကြောင်းရောဂါ ကူးစက်ဝင်ရောက်ခြင်းနှင့် နာတာရှည်ရောဂါများ ဖြစ်ပွားမည့်အန္တရာယ်ကို လျှော့ချနိုင်သည်။ မိခင်နို့ တိုက်ကျွေးခြင်းဖြင့် မိခင်နှင့် ကလေးငယ်တို့အကြား သံယောဇဉ်တွယ်တာမှု ပိုမိုခိုင်မာစေသည်။

မိခင်တစ်ဦးသည် ရင်သွေးငယ်ကိုနို့တိုက်ခြင်း ဖြင့် နောက်တစ်ကြိမ် ကိုယ်ဝန်ဆောင်ခြင်းကို နှောင့်နှေးကြန့်ကြာစေနိုင်သည်။ မိခင်တွင် မမျိုးဥ အိမ်ကင်ဆာ၊ ရင်သားကင်ဆာတို့ ဖြစ်ပွားမည့် အန္တရာယ်ကို လျှော့ချပေးနိုင်သည်။ မိခင်သည် အာဟာရပြည့်ဝစွာစားသုံးပါက အမွှာကလေးများ အတွက်လည်း မိခင်နို့လုံလောက်စွာ တိုက်ကျွေးနိုင် ပါသည်။ ခြောက်လပြည့်ပြီးနောက် အာဟာရ ကြွယ်ဝသော ဖြည့်စွက်အစာများကို စတင်ကျွေးရင်း မိခင်နို့ကို ကလေးငယ် နှစ်နှစ်ကျော်သည်အထိ ဆက်လက်၍ တိုက်ကျွေးနိုင်သည်။ ထို့ကြောင့် နို့တိုက်မိခင်များသည် အစာပို၍စားသုံးရန် လိုအပ် သည်။ ထမင်းနှင့်ဟင်း တစ်နပ်ပိုစားရန် လိုသည်။ နို့တိုက်မိခင်သည် ငန်လွန်း၊ စပ်လွန်းသော အစာမှ လွဲ၍ အစားလုံးဝမရှောင်သင့်ပေ။ မိခင်နို့တွင် ကလေးငယ်အတွက် လိုအပ်သော အာဟာရများ ပြည့်စုံကာ လုံလောက်သော ပမာဏရရှိစေရန် နို့တိုက်မိခင်ဘဝတွင် ကိုယ်ဝန်ဆောင်ဘဝထက် ပိုမိုစားသုံးရန် လိုအပ်သည်။

### ဗီတာမင်အေအာဟာရ

ဗီတာမင်အေသည် ကလေးများ ပုံမှန်ကြီးထွား ဖွံ့ဖြိုးရေးနှင့် ကျန်းမာကြံ့ခိုင်ရေး၊ မျက်စိကျန်းမာရေး နှင့် အမြင်အာရုံ ကောင်းမွန်ရေးအတွက်လည်း အရေးကြီးသည်။ နို့တိုက်မိခင်များသည် မလိုအပ်ဘဲ အစားရှောင်လျှင် ဗီတာမင်အေ အလုံအလောက် မရရှိနိုင်တော့ဘဲ ထိုမိခင်များ၏ နို့ကိုစို့ရသော ကလေးများသည် ဗီတာမင်အေချို့တဲ့တတ်သည်။ ဗီတာမင်အေချို့တဲ့သော ကလေးများသည် ပုံမှန် ကြီးထွားဖွံ့ဖြိုးမှုမရှိဘဲ ကူးစက်ရောဂါအမျိုးမျိုး ကြောင့် မကြာခဏဖျားနာတတ်သည်။ ဖျားနာလျှင် နာတာရှည်ဖြစ်တတ်သည်။ ကြက်မျက်သင့်ရောဂါ ခံစားရတတ်သည်။ မျက်ကြည်လွှာတွင် အနာဖြစ်နိုင် သည်။ အနာပျောက်သော်လည်း အပြင်တိမ်စွဲနိုင် သည်။ မျက်ကြည်လွှာပေါက်၍ မျက်စိကွယ်ခြင်းတို့ ဖြစ်တတ်သည်။ ထို့ပြင် အခြားရောဂါများ ဖြစ်ပွား ပါကလည်း ရောဂါပြင်းထန်ပြီး အသက်အန္တရာယ် ကြုံတွေ့ရတတ်သည်။

နို့တိုက်မိခင်များသည် ဗီတာမင်အေ ကြွယ်ဝ သည့် အစာများကို လုံလောက်စွာစားသုံးရန် လိုအပ် သည်။ မီးဖွားပြီး ပထမတစ်ရက် နှစ်ရက်တွင် ထွက်သည့် နို့ဦးရည်သည် ဗီတာမင်အေ အလွန် ကြွယ်ဝသည်။ ထို့ကြောင့် ကလေးကို နို့ဦးရည် တိုက်ဖြစ်အောင်တိုက်ပေးရန် လိုအပ်သည်။ အသက် ခြောက်လမှစ၍ ထမင်းခွံ့သည့်အခါ ဗီတာမင်အေ ကြွယ်ဝသည့် အသည်းအမျိုးမျိုး၊ ဥအမျိုးမျိုး၊ နို့ အမျိုးမျိုး၊ အစိမ်းရင့်ရောင်ဟင်းရွက်များ၊ နီဝါရောင် သစ်သီးများ၊ အဝါရောင်သစ်သီးများ၊ အဝါရောင်နှင့် အနီရောင် သစ်ဥသစ်ဖုများကို အသက်အရွယ် အလိုက် ထည့်ကျွေးပေးရန် လိုအပ်သည်။

### ဗီတာမင်ဘီဝမ်း

ဗီတာမင်ဘီဝမ်း ချို့တဲ့မှုကြောင့် သူငယ်နာ (ဘယ်ရီဘယ်ရီ) ရောဂါဖြစ်နေသော ကလေးသည် အချိန်မီကုသမှုမခံရပါက အသက်ဆုံးရှုံးနိုင်သည်။ ထိုကလေးအတွက် ဗီတာမင်ဘီဝမ်း ထိုးဆေးသည် အသက်ကယ်ဆေးဖြစ်သည်။ ပဲအမျိုးမျိုး၊ အဆီလွတ် ဝက်သား၊ မောင်းထောင်းဆန်(ဆန်လုံးညို)၊ ပြုတ်ဆန်(ပေါင်းဆန်၊ စပါးအခွံ မချွတ်မီ ရေနွေးငွေ့ ဖြင့် ပေါင်းထားသောဆန်)တို့သည် ဗီတာမင်ဘီဝမ်း ကြွယ်ဝသည့် အစားအစာများ ဖြစ်ကြသည်။

### သံဓာတ်အာဟာရ

သံဓာတ်သည် အရေးကြီးသောသတ္တု အာဟာရ ဓာတ်တစ်မျိုးဖြစ်သည်။ သံဓာတ်ချို့တဲ့လျှင် သွေးအားနည်းရောဂါ ခံစားရသည်။ ကလေးများ သွေးအားနည်းလျှင် ခန္ဓာကိုယ် ပုံမှန်မကြီးထွားနိုင် တော့ပေ။ ကျောင်းသင်ခန်းစာများတွင် အာရုံ မစူးစိုက်နိုင်သဖြင့် ပညာသင်ယူရာတွင် နှောင့်နှေး မည်ဖြစ်သည်။ရောဂါရလွယ်သည်။ သံဓာတ်ချို့တဲ့ သဖြင့် သွေးအားနည်းရောဂါဖြစ်ခြင်းမှ ကာကွယ်ရန် သံဓာတ်အာဟာရကြွယ်ဝသော အစားအစာများကို နေ့စဉ်စားသုံးရန် လိုအပ်သည်။ အသား၊ အသည်းနှင့် သွေးခဲတို့သည် သံဓာတ်အထူးကြွယ်ဝသဖြင့် တတ်နိုင်သမျှစားသုံးသင့်သည်။ ဟင်းနုနယ်ရွက်၊ မုန်ညင်းရွက်၊ ကန်စွန်းရွက်၊ ကင်းပုံရွက်၊ ချဉ်ပေါင် ရွက် စသည့် အစိမ်းရင့်ရောင် ဟင်းသီးဟင်းရွက် များနှင့် ပဲအမျိုးမျိုးသည် သံဓာတ်အတော်အတန် ကြွယ်ဝသဖြင့် နေ့စဉ်စားသုံးသင့်သည်။ အသား ဓာတ်နှင့် အချဉ်ဓာတ်(ဗီတာမင်စီ)သည် ဟင်းသီး ဟင်းရွက်များနှင့် ပဲအမျိုးမျိုးမှ သံဓာတ်ကို အစာ လမ်းကြောင်းမှ လွယ်ကူစွာစုပ်ယူနိုင်အောင် ကူညီ သည်။ သန္ဓေသားဘဝမှ အသက် နှစ်နှစ်အတွင်း ဘဝအစကာလတွင် အာဟာရဆိုင်ရာ ပံ့ပိုး ဖြည့်ဆည်းမှုသည် ရေတို၊ ရေရှည် အကျိုးကျေးဇူး များကို ရရှိစေနိုင်၍ ထိုကလေး၏ ဘဝတစ်လျှောက် လုံးအတွက် အရေးအကြီးဆုံးနှင့် ထိရောက်မှုအရှိဆုံး လုပ်ဆောင်ချက်ပင်ဖြစ်သည်။

### ကလေးငယ်များ ကျန်းမာသန်းစွမ်းဖို့ မိခင်နို့ကို စနစ်တကျတိုက်ကျွေးစို့

လူသားတို့သည် အသက်ရှင်သန်ရပ်တည်နိုင် ရေးအတွက် အစားအစာကို စားသုံးကြရာတွင် ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးရေး၊ ဦးနှောက်ဖွံ့ဖြိုးရေးနှင့် နေ့စဉ်လှုပ်ရှားသွားလာမှုများအတွက် အာဟာရ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်သည်။ စားသောက်မှု ပုံစံ မမှန်ခြင်း၊ အာဟာရပြည့်ဝစွာရရှိရန် မစား သောက်တတ်ခြင်းတို့ကြောင့် အာဟာရချို့တဲ့မှုများ ဖြစ်ပေါ်ပါက ကျန်းမာရေးကိုပါ ထိခိုက်လာစေနိုင် သည်။ အထူးသဖြင့် သံဓာတ်ချို့တဲ့ခြင်း၊ အိုင်အိုဒင်း ဓာတ်ချို့တဲ့ခြင်း၊ ဗီတာမင်ဒီချို့တဲ့ခြင်း၊ ဗီတာမင် B12 ချို့တဲ့ခြင်း၊ ကယ်လ်ဆီယမ်ချို့တဲ့ခြင်း၊ ဗီတာမင်အေချို့တဲ့ခြင်း၊ မဂ္ဂနီဆီယမ်ချို့တဲ့ခြင်းတို့ ကြောင့် အာဟာရချို့တဲ့မှု ဖြစ်ပွားတတ်သည်။ ထို့ကြောင့် အာဟာရချို့တဲ့မှု ကင်းဝေးစေရန် ကျန်းမာရေးနှင့် ညီညွတ်သည့် စားသောက်မှုပုံစံဖြင့် မှန်မှန်ကန်ကန် စားသုံးသွားရန် လိုအပ်သည်။

အထူးသဖြင့် ကလေးများအား မွေးစမှ အသက် ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေး ရန်နှင့် ကလေးအသက် ခြောက်လပြည့်သည့်အချိန်မှ စ၍ သင့်တော်သော ဖြည့်စွက်စာနှင့်အတူ အနည်းဆုံး ကလေးအသက် နှစ်နှစ်အထိ မိခင်နို့ကို ဆက်လက် တိုက်ကျွေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြု ထားရာ မိခင်နို့ စနစ်တကျတိုက်ကျွေးမှုကို ပိုမို မြှင့်တင်သွားရေးအတွက် ဝိုင်းဝန်းဆောင်ရွက် သွားရန် လိုအပ်ပေသည်။ စာရေးသူတို့မိဘများသည် လည်း ငယ်စဉ်က သား၊ သမီးများကို ခြောက်လ အရွယ်အထိ နို့ချိုကို စနစ်တကျ တိုက်ကျွေးခဲ့ သဖြင့် အားလုံးကျန်းမာကြံ့ခိုင်ကြသည်။ ထို့ကြောင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်သွားမည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များတွင် ပြည်သူ များအနေဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်သွား ကြပါစို့ဟု အကြံပြုတိုက်တွန်းလိုပါသည်။ ။

❖ **မိခင်နို့ရည်သည် ကလေးငယ်ကျန်းမာစွာကြီးထွားပြီး ဖွံ့ဖြိုးမှုအတွက် အကောင်းဆုံးအာဟာရပင်ဖြစ်သည်။ မိခင်နို့ရည်သည် မွေးဖွားပြီး ပထမခြောက်လအတွင်း ကလေးငယ်လိုအပ်သော တစ်ခုတည်းသော အာဟာရဖြစ်သည်။ ကလေးငယ်အတွက် အစာကြေလွယ်ပြီး ကလေးငယ်ကို အာဟာရဓာတ်များ လျင်မြန်စွာပေးနိုင်သည်။ ထို့ကြောင့် အာဟာရကြွယ်ဝပြီး ရောဂါကာကွယ်ပေးသည့်ဓာတ်များပါဝင်သော နို့ဦးရည်ကို တိုက်ဖြစ်အောင် တိုက်သင့်**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို ပြန်လည်ပြုပြင်ဆောက်လုပ်ပြီးစီးမှုများ ကြည့်ရှုစစ်ဆေး

မုံရွာ ဩဂုတ် ၅

**စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ စစ်ကိုင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံသည်။**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်ကိုင်းခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများ ရာနှုန်းပြည့်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းအပ်နှံမှု တိုးတက်ရေးနှင့် အောင်ချက်ရာခိုင်နှုန်း မြင့်မားစေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စစ်ကိုင်းခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများက အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားနေမှုနှင့် ယာယီကျောင်းဆောင်များ ဆောက်လုပ်ပြီးစီးမှု၊ ကျောင်းအပ်နှံမှု၊ သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းဆောင်သစ်များ ဆောက်လုပ်ပြီးစီးမှုနှင့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ စစ်ကိုင်းမြို့ ဧရာဝတီတံတား (ရတနာပုံ)၊ ကံတလူဂိတ်တို့ရှိ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် တွေ့ဆုံ၍ ခရီးသွားပြည်သူများ လုံခြုံအေးချမ်းစွာ သွားလာနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ရေး ပူးပေါင်း ဆောင်ရွက်ကြရန် မှာကြားပြီး တက်ရောက်လာသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ဝင် ဧရာဝတီတံတား (ရတနာပုံ) ရှိ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးပူးပေါင်းစစ်ဆေးရေးအဖွဲ့ဂိတ်များနှင့် ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် လမ်းနှင့်မုခ်ဦး ပြုပြင်ဆောင်ရွက်နေမှု၊ စစ်ကိုင်းမြို့သစ်ဆိပ်မြစ်ကမ်းမှ မန္တလေးမြို့ ရွှေကြက်ကျမြစ်ကမ်းသို့ တန် ၂၀ အထက် ကုန်တင်ကားကြီးများနှင့် တွဲကားကြီးများ ဖြတ်သန်းသွားလာမှု အဆင်ပြေစေရန် ဇက်ဆိပ်ဖြင့် သယ်ယူပို့ဆောင်နေမှု(အပေါ်ပုံ)တို့ကိုကြည့်ရှုစစ်ဆေးခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား / အမျိုးသမီး) လေးယောက်တွဲ အုပ်စုပတ်လည်ပြိုင်ပွဲများနှင့် ကွာတားဖိုင်နယ်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၅**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**



ယနေ့ (အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည် ပြိုင်ပွဲ ပွဲစဉ်များတွင် မကွေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဆက်လက်၍ အုပ်စုပတ်လည်ပြိုင်ပွဲများအပြီးတွင် (အမျိုးသား/အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် ကွာတားဖိုင်နယ် ပြိုင်ပွဲပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားကြရာ (အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက် ကွာတားဖိုင်နယ် ပြိုင်ပွဲ ပွဲစဉ်များတွင် မွန်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲတစ်ပွဲဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

(အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက် အကြိုဗိုလ်လုပွဲ ပြိုင်ပွဲပွဲစဉ်များအဖြစ် မွန်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် အကြိုဗိုလ်လုပွဲ ပြိုင်ပွဲပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့သည် ဩဂုတ် ၆ ရက်တွင် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် တတိယလုပွဲ ပွဲစဉ်များကို ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများကို ဩဂုတ် ၇ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ကျင်းပမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# လျှပ်စစ်ဓာတ်အား တရားမဝင်သုံးစွဲမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**ညောင်ရွှေ ဩဂုတ် ၅**

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ညောင်ရွှေမြို့နယ်ရုံးမှ တာဝန်ရှိသူများသည် မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေး၊ တရားမဝင်သုံးစွဲမှုမရှိစေရေး၊ လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ၏ လစဉ်ဓာတ်အားသုံးစွဲမှုယူနစ် မှန်ကန်တိကျမှုရှိစေရေးနှင့် မီတာဖတ်ရာတွင် မလိုလားအပ်သည့် ကိစ္စရပ်များမဖြစ်ပေါ်စေရေးတို့အတွက် ဩဂုတ်လဆန်းပိုင်းတွင် ကွင်းဆင်းစစ်ဆေးမှုလုပ်ငန်းကို ဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစိန်လင်းနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားခွဲရုံများမှ တာဝန်ရှိသူများနှင့်အတူ မြို့မ(၈)ရပ်ကွက်နှင့် အင်းလေးကန်အတွင်း ယခုလ ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**



# ထိုင်းဘုရင့်လေတပ်မှ အုပ်အဆင့် အပြန်အလှန်လေ့လာရေးအဖွဲ့များနှင့် ဖျော်ဖြေရေးအဖွဲ့များ မြန်မာနိုင်ငံသို့လာရောက်

**နေပြည်တော် ဩဂုတ် ၅**

ထိုင်းဘုရင့်လေတပ်မှ အုပ်အဆင့် အပြန်အလှန်လေ့လာရေးအဖွဲ့ဝင်များနှင့် ဖျော်ဖြေရေးအဖွဲ့ဝင်များသည် ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် ထိုင်းဘုရင့်လေတပ်မှ လေယာဉ်ဖြင့် ရန်ကုန်မြို့ရှိ မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိကြရာ တပ်မတော်(လေ) မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ် စစ်သံမှူးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။





ထို့နောက် အုပ်အဆင့် အပြန်အလှန် လေ့လာရေးအဖွဲ့များကို မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ တပ်မတော်(လေ)မှ တာဝန်ရှိသူများက အုပ်သမိုင်းအကျဉ်းကို ရှင်းလင်းပြသကာ အုပ်မှူးများ အချင်းချင်း အထိမ်းအမှတ်ပစ္စည်းများ အပြန်အလှန် လဲလှယ်ကြသည်။

ထိုင်းဘုရင့်လေတပ်မှ ဖျော်ဖြေရေး အဖွဲ့ဝင်များသည် ဩဂုတ် ၄ ရက် ညနေပိုင်းတွင် မိတ္ထီလာမြို့ လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်ရှိ သူရအုန်းခိုင်ခန်းမ၌ ဖျော်ဖြေတင်ဆက်မှုများပြုလုပ်ကြရာ တပ်မတော်(လေ)မှ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ အရာရှိ၊ စစ်သည်များ၊ မိသားစုများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ ထို့နောက် စစ်ဦးစီးအရာရှိချုပ် (လေ) က ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုလက်ဆောင်ပန်းခြင်းကို ပေးအပ်ချီးမြှင့်ကာ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါအဖွဲ့များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ရွှေတိဂုံ စေတီတော်မြတ်ကြီး၊ ဗိုလ်တထောင်ဘုရားနှင့် ကမ္ဘာအေးစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး ရန်ကုန်မြို့ရှိ Time City၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ Junction City နှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ် ကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။

ထိုင်းဘုရင့်လေတပ်မှ အုပ်အဆင့် အပြန်အလှန်လေ့လာရေးအဖွဲ့ဝင်များနှင့် ဖျော်ဖြေရေးအဖွဲ့ဝင်များသည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ထိုင်းဘုရင့်လေတပ်မှ လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ တပ်မတော်(လေ)မှ တာဝန်ရှိသူများက မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

**နေပြည်တော် ဩဂုတ် ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်း ၂၅ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင်လည်း ကျောင်းသား ကျောင်းသူ ၃၆၉ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၀၁၄ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ အမျိုးသား ၄၉ ဦး၊ အမျိုးသမီး ၅၉ ဦး စုစုပေါင်း ၁၀၈ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဝက်သက်ရောဂါ၊ တုပ်ကွေးရောဂါတို့နှင့်ပတ်သက်၍ ကာကွယ်ဆေးထိုးရန်လိုအပ်သည့် လူနာ ၂၅ ဦးတို့ကို ကာကွယ်ဆေးထိုးနှံပေးသည်။ ယင်းအပြင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၂၆ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ဘောလုံးကွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပရာ အိမ်ရှင်မြန်မာ၊ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် တာ့ခ်မင်နစ္စတန်အသင်းတို့မှ နည်းပြချုပ်များနှင့် အသင်းခေါင်းဆောင်တို့ တက်ရောက်သည်။

မြန်မာ ယူ-၂၀ အမျိုးသမီး အသင်းနည်းပြချုပ် ဒေါ်သက်သက်ဝင်းက "ကျွန်တော့်ကို အခွင့်အရေးထပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါကြောင့်လည်း ကလေးတွေရော၊ ကျွန်တော်တို့ရော စိတ်ပိုင်းဆိုင်ရာ အကောင်းဆုံးပြုပြင် တည်ဆောက်ပြီးတော့ ပြိုင်ပွဲဝင်သွားမှာပါ။ ယုံကြည်မှုလည်းရှိပါတယ်။ ကျွန်တော်တို့အသင်းက အကောင်းဆုံး ရလဒ်ကို ရယူပြီးတော့ အောင်မြင်မှုရယူနိုင်မယ်လို့ ယုံကြည်ပါတယ်။ ပရိသတ်တွေကိုလည်း တောင်းပန်ပါတယ်။ ဒီပွဲကိုလည်း လာရောက်အားပေးပါဦးလို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောကြားသည်။

အိန္ဒိယအသင်းနည်းပြချုပ် အလက်ဇန်ဒါဇန်က "ကျွန်တော်တို့အနေနဲ့ ဒီပွဲအတွက် နှစ်လလောက် အချိန်ယူပြင်ဆင်ခဲ့ပါတယ်။ ခြေစစ်ပွဲအောင်မြင်မယ်လို့လည်း မျှော်လင့်ပါတယ်။ ခက်ခဲမယ်ဆိုတာတော့ သိပါတယ်။ အဲဒီအတွက်လည်း အကောင်းဆုံး ကြိုးစားပြင်ဆင်ထားပါတယ်"ဟု ပြောကြားသည်။

တာ့ခ်မင်နစ္စတန်အသင်းနည်းပြချုပ် ဘောရစ်က "ဒါက ကျွန်တော်တို့အတွက် ဒုတိယအကြိမ်အဖြစ် လာရောက်ယှဉ်ပြိုင်ရတာဖြစ်တဲ့အတွက် မြန်မာနိုင်ငံက ကျွန်တော်တို့နဲ့ မစိမ်းပါဘူး။ ကျွန်တော်တို့မှာ ပြီးခဲ့တဲ့ စီနီယာ လက်ရွေးစင်အသင်း ခြေစစ်ပွဲတုန်းက ကစားသမားအများစုက အခု ယူ-၂၀ အသင်းမှာ ပြန်လည်ပါဝင်နေပါတယ်။ မြန်မာ့လက်ရွေးစင်အသင်းကြီးနဲ့ လူငယ်အသင်းက ခြေစွမ်းတောင့်တင်းမှုပိုင်းနဲ့ ကစားပုံသိပ်မကွာဘူးလို့ ယူဆပါတယ်။ ကျွန်တော်တို့အနေနဲ့ စီနီယာအသင်းနဲ့ရင်ဆိုင်ဖူးတဲ့ အတွေ့အကြုံရှိတာကြောင့် ဒီပွဲမှာ ခံစစ်ပိုင်းကို သေချာပြင်ဆင်ပြီး အာရုံစိုက်ကစားရင် ရလဒ်ကောင်းရယူနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားသည်။

အင်ဒိုနီးရှားအသင်းနည်းပြချုပ် ဟီဂါရှိယာမာက "အိမ်ရှင် မြန်မာအသင်းနဲ့ ကျွန်တော်တို့ ပြီးခဲ့တဲ့ အာဆီယံပွဲမှာ ဆုံခဲ့ပြီးပြီဖြစ်လို့ မြန်မာအသင်းအကြောင်းလည်း သိထားပါတယ်။ ပြိုင်ဘက်တိုင်းကို အလေးထား ယှဉ်ပြိုင်သွားမှာဖြစ်ပြီး လက်ရှိအချိန်မှာတော့ မနက်ဖြန်မှာ ရင်ဆိုင်ရမယ့် အိန္ဒိယနဲ့ပွဲအတွက်ပဲ အာရုံစိုက်ထားပါတယ်"ဟု ပြောကြားသည်။

**သော်လေး၊ ဓာတ်ပုံ-MFF**

❑ *ကျောဖုံးမှ*

အသက် ၂၆ နှစ်အရွယ် အဆိုပါ ကွင်းလယ်ကစားသမား ဒူးဘူရီဟောလ်သည် အစောပိုင်းကာလတွင် ချယ်ဆီးအသင်းကို ဖီဖာကလပ်ကမ္ဘာ့ဖလားနှင့် ယူအီးအက်ဖ်အေကွန်းဖရင့်လိဂ်ဖလား ဆွတ်ခူးရရှိအောင် ကူညီပေးထားနိုင်ပြီးနောက် စတန်းဖို့ဒ်ဘရစ်မှ ထွက်ခွာရန် တွန့်ဆုတ်နေခဲ့သည်။ သို့သော်လည်း ပွဲထွက်ကစားခွင့် နည်းပါးခြင်းနှင့် ချယ်ဆီးအသင်းက ရောင်းချရန်ဆန္ဒရှိနေခြင်းတို့ကြောင့် ဂွတ်ဒီဆင်ပတ်ခ်သို့ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ချယ်ဆီးအသင်းသည် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဒူးဘူရီဟောလ်ကို အများအားဖြင့် လူစားဝင်ကစားသမားအဖြစ်သာ အသုံးပြုခဲ့သော်လည်း အရေးပါသည့်သွင်းဂိုးများသွင်းယူကာ ခြေစွမ်းပြသထားနိုင်သူဖြစ်သည်။ ပြီးခဲ့သည့်ရာသီတွင် ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ ဖြင့် လက်စတာအသင်းမှ စတန်းဖို့ဒ်ဘရစ်သို့ရောက်ရှိလာသော ဒူးဘူရီဟောလ်သည် ပုံမှန်ပွဲထွက်ကစားခွင့်ရရှိရန် ရုန်းကန်ခဲ့ရသူ ဖြစ်သည်။

၄င်းသည် ပြီးခဲ့သည့်ရာသီတွင် ပြိုင်ပွဲအရပ်ရပ် ၃၆ ပွဲ ပါဝင်ကစားခွင့်ရရှိထားသော်လည်း ပရီမီယာလိဂ်တွင် နှစ်ပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့ကြောင်း သိရသည်။

**အောင်ဇော်**

✳ *ကျောဖုံးမှ*

သို့ဖြစ်၍ ငလျင်ဘေးကျရောက်သည့်ဒေသများရှိ အာမခံအလုပ်သမားများသည် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း လျှောက်လွှာများအား ၆-၉-၂၀၂၅ ရက်နေ့ နောက်ဆုံးထားပြီး သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးများသို့ ပေးပို့လျှောက်ထားကြရန် အသိပေးကြေညာအပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

❍ *ကျောဖုံးမှ*

နှစ်ဂိုး-တစ်ဂိုး၊ Thunder Tigresses အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို ၁၀ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အား/ကာသိပ္ပံအသင်းနှင့် ရန်ကုန်စီးတီးအသင်း ဂိုးမရှိသရေကျခဲ့သည်။ ပြိုင်ပွဲပြီးဆုံးရန် သုံးပွဲသာလိုတော့ပြီး ထိပ်ဆုံးမှ YRG အသင်းသည် လက်ကျန်သုံးပွဲတွင် တစ်ပွဲအနိုင်ရရုံဖြင့် ချန်ပီယံဆုရရှိမည်ဖြစ်သည်။ ထို့ကြောင့် YRG အသင်းသည် လာမည့် ပွဲစဉ် (၁၂) တွင် အနိုင်ရပါက ပြိုင်ပွဲမပြီးဆုံးမီ ချန်ပီယံဖြစ်မည်ဖြစ်သည်။

ပွဲစဉ် (၁၁) အပြီးတွင် YRG အသင်းက ၂၉ မှတ်၊ Divine အသင်းနှင့် Thunder Tigresses အသင်းတို့က ၂၂ မှတ်စီ၊ Pacific Sun Far အသင်းက ၁၆ မှတ်၊ ရန်ကုန်စီးတီးအသင်းနှင့် အား/ကာသိပ္ပံအသင်းက ၁၅ မှတ်စီ၊ Winner Generations အသင်းက ငါးမှတ်ရရှိထားကာ မင်္ဂလာဒုံစီးတီးအသင်းမှာမူ ပွဲတိုင်းအရေးနိမ့်ပြီး အမှတ်မရသေးပေ။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း တည်ဆောက်ရေးလုပ်ငန်း အထောက်အကူပြုသင်တန်းဖွင့်ပွဲတက်ရောက်

**စစ်တွေ ဩဂုတ် ၅**
ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ ရခိုင်ပြည်နယ် MSME အေဂျင်စီနှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(စစ်တွေ)တို့ ပူးပေါင်းဖွင့်လှစ်သည့် တည်ဆောက်ရေးလုပ်ငန်း အထောက်အကူပြုသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တည်ဆောက်ရေးလုပ်ငန်း အထောက်အကူပြုသင်တန်းအတွက် ချီးမြှင့်ငွေကျပ် ၁၄၂၁၆၀၀၀ ကိုပေးအပ်ရာ သင်တန်းနည်းပြများနှင့် သင်တန်းသားကိုယ်စားလှယ်များက လက်ခံရယူကာ ရခိုင်ပြည်နယ် MSME အေဂျင်စီဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီးက သင်ထောက်ကူပစ္စည်းများအား သင်တန်းနည်းပြများနှင့် သင်တန်းသူများအားပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခန်းမအတွင်း လုပ်ငန်းသုံးပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုကြသည်။

တည်ဆောက်ရေးလုပ်ငန်း အထောက်အကူပြုသင်တန်းသို့ စစ်တွေမြို့ပေါ်ရှိ ယာယီနေရပ်စွန့်ခွာစုရပ်များမှ အသက် ၁၈ နှစ်နှင့် ၄၅ နှစ် အတွင်း သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြပြီး အစိုးရနည်းပညာအထက်တန်းကျောင်းမှ နည်းပြဆရာများနှင့် ပြင်ပမှ (ပန်းရန်)ကျွမ်းကျင်ဆရာများက တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ စာတွေ့ လက်တွေ့ ၁၅ ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**




## ကျွန်းစုမြို့၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**ကျွန်းစု ဩဂုတ် ၅**
တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လုပ်ငန်းရှင်များအား အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အမှတ် ၁ ရပ်ကွက်ရှိ မြို့နယ်ခန်းမ၌ ကျင်းပသည်။(ဝဲပုံ)



ဦးစွာ မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသိုက်ထွန်းက ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော အခွန်များအကြောင်း တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် အခွန်ထမ်းပြည်သူများက သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။
**ထက်မြင့်(ကျွန်းစု)**

## မြိတ်မြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

**မြိတ် ဩဂုတ် ၅**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို လူမှုကယ်ဆယ်ရေးအဖွဲ့များမှ မီးသတ်ဦးစီးဌာနနှင့်ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်နိုင်ရန်အတွက် ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ် (၂/၂၀၂၅) သင်တန်းကို ယမန်နေ့က မြိတ်ခရိုင် မီးသတ်ဦးစီးဌာနရုံးခန်းမ၌ ဖွင့်လှစ်သည်။**(အောက်ပုံ)**

သင်တန်းဖွင့်ပွဲတွင် မြိတ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးဦးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းတွင် လက်တွေ့သင်ကြားပို့ချမည့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။ အဆိုပါသင်တန်းကို ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကာ သင်တန်းသား ၅၀ တက်ရောက်ခဲ့သည်။

သင်တန်းတွင် သဘာဝဘေးစီမံခန့်ခွဲရေးဆိုင်ရာ ဗဟုသုတများ၊ ကျန်းမာရေးဆိုင်ရာဗဟုသုတများ၊ မိုးလေဝသဆိုင်ရာဗဟုသုတများ၊ ရှေးဦးသူနာပြုစုနည်းများ၊ အခြေခံကြိုးချည်နည်း၊ ကြိုးအသုံးပြုကယ်ဆယ်နည်း၊ ခေတ်မီကယ်ဆယ်ရေးပစ္စည်းများ အသုံးပြုနည်း၊ အသက်ရှူကိရိယာအသုံးပြုနည်း၊ အမှောင်ထုအတွင်း သွားလာမှုစနစ်၊ ရေတွင်းအသက်ကယ်နည်းစနစ်၊ ပြိုကျပျက်စီးနေသော အဆောက်အအုံ၌ ကယ်ဆယ်ရေးစနစ်၊ ယာဉ်မတော်တဆမှုများ ကယ်ဆယ်ရေးနည်းစနစ်၊ အခြေခံအသက်ကယ်ဆယ်ရေး အထောက်အပံ့နှင့် လူနာသယ်ဆောင်နည်းစနစ်များ စသည့်သင်ခန်းစာများကို စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**



## ကိုယ်ဝန်ဆောင်မိခင်များအား မိခင်နို့စနစ်တကျတိုက်ကျွေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

**ပန်းတနော် ဩဂုတ် ၅**
ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ မိခင်နို့စနစ်တကျ တိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှု၊ ကိုယ်ဝန်ဆောင်မိခင်များအား မိခင်နို့စနစ်တကျ တိုက်ကျွေးရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

ဦးစွာ မအူပင်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးနှင့် ကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဌေးဌေးမော်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဦးအောင်ဇော်ထွန်းက ကိုယ်ဝန်ဆောင် မိခင်များအား မိခင်နို့စနစ်တကျ တိုက်ကျွေးရေး ရက်သတ္တပတ်၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန်အတွက် ဉာဏ်စွမ်းရည်ဖွံ့ဖြိုးတိုးတက်သော အနာဂတ်လူချွန်လူကောင်းများ ပေါ်ထွက်စေရန် အခြေခံကျသည့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုထိရောက်အောင် ပူးပေါင်းပါဝင်ပေးစေလို



ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးနှင့် ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဌေးဌေးမော်နှင့် တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်များအား တစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှင့် ကြက်ဥ၊ ငှက်ပျောသီးများ ပေးအပ်ခဲ့ကြောင်း သိရသည်။
**မြို့နယ်(ပြန်/ဆက်)**

## မန္တလေးတက္ကသိုလ်၌ ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေး အသိပညာပေး

**မန္တလေး ဩဂုတ် ၅**
မန္တလေးတက္ကသိုလ် စီးပွားရေးပညာဌာန၌ ဆက်သွယ်ရေး လိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ



အသိပညာပေး ဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ မန္တလေးတက္ကသိုလ် သင်တန်းရေးရာ(ဌာနမှူး) ဦးဇော်လင်းထွန်းက အမှာစကားပြောကြားပြီး ဥပဒေပညာဌာန ပါမောက္ခ (ဌာနမှူး)ဒေါက်တာသီတာအောင်က ဆက်သွယ်ရေး လိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာအကြောင်း သိကောင်းစရာများကို ဟောပြောသည်။(ဝဲပုံ)

ဆက်လက်၍ လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု ဗဟိုဌာနမှပေးပို့လာသည့် ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဗီဒီယို နှစ်ခုကို ပြသသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက ဆက်သွယ်ရေး လိမ်လည်မှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ ဥပဒေပညာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာ သီတာအောင်က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၅**
မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**
**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# ဂျာမန်တပ်မတော်တွင် စစ်မှုထမ်းရန် ဂျာမန်လူငယ်အများအပြား မိမိဆန္ဒအလျောက် စာရင်းပေး ယမန်နှစ်ထက် စာရင်းပေးဝင်ရောက်သူ များပြား

**ဘာလင် ဩဂုတ် ၅**

ဂျာမန်လူငယ်အများအပြားသည် ဂျာမန်တပ်မတော်တွင် စစ်မှုထမ်းရန် စာရင်းပေးသွင်းလျက်ရှိကြောင်း ဩဂုတ် ၅ ရက်ကထုတ်ပြန်သည့် Der Spiegel ၏ အစီရင်ခံစာအရ သိရသည်။

ဂျာမန်ကာကွယ်ရေးဝန်ကြီးဌာနမှ ဖော်ပြသည့် ဇူလိုင် ၂၁ ရက်အထိ အချက်အလက်များအရ ၂၀၂၅ ခုနှစ်တွင် ဂျာမန်တပ်မတော်၌ လူငယ် ၁၃၇၅၀ ခန့် စစ်မှုထမ်းရန် စာရင်းပေးသွင်းခဲ့သောကြောင့် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက စစ်မှုထမ်းရန် စာရင်းပေးသွင်းသူ ၂၈ ရာခိုင်နှုန်းတိုးလာသည်ဟု ဆိုရမည်ဖြစ်သည်။

တိုးလာသည့် စစ်မှုထမ်းရန် စာရင်းပေးသွင်းသူများတွင် စေတနာအလျောက် ယာယီစစ်မှုထမ်းမည့် စစ်သည်များနှင့် သတ်မှတ်ကာလတစ်ခုအထိ ကာလရှည်စေတနာအလျောက်စစ်မှုထမ်းမည့် စစ်သည်များ ပါဝင်သည်။ သတ်မှတ်ကာလတစ်ခုအထိ ကာလရှည် စစ်မှုထမ်းခြင်းမပြုမီ စစ်မှုထမ်းရန် ပဏာမစိတ်ဝင်စားသူများကို တပ်မတော်အကြောင်းပိုမိုလေ့လာနိုင်ရန် အစမ်းခန့်ကာလ ခြောက်လခန့် စစ်သည်များအဖြစ် ခန့်အပ်ထားမည်ဖြစ်သည်။

လတ်တလောတွင် ဂျာမန်တပ်မတော်၌ တပ်ဖွဲ့ဝင် ၁၈၃၀၀၀ ခန့်ရှိပြီး အကြမ်းဖျဉ်းအားဖြင့် ယမန်နှစ်ကထက် တပ်ဖွဲ့ဝင် ၂၀၀၀ ကျော်တိုးလာသည်။

ဆန္ဒအလျောက် စစ်မှုထမ်းခြင်းတွင် ပါဝင်သူဦးရေသည် ၁၅ ရာခိုင်နှုန်းခန့် မြင့်တက်လာကြောင်း သိရသည်။ နိုင်ငံ့လုံခြုံရေးအခင်းအကျင်းနှင့် မီဒီယာလှုပ်ရှားမှုများကြောင့် ယခုလိုတပ်ဖွဲ့ဝင်သစ်များ တိုးလာခြင်းဖြစ်ကြောင်း ဂျာမန်ကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြထားသည်။

နိုင်ငံတကာ တင်းမာမှုများမြင့်တက်လာခြင်းကို တုံ့ပြန်သည့်အနေဖြင့် ဂျာမန်အစိုးရသည် စစ်ရေးစွမ်းရည်များကို တိုးတက်အောင်လုပ်ဆောင်ရန် လိုအပ်လာသည်ဟု ယူဆလျက်ရှိသည်။

**ဆင်ဟွာ**



## အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းကမ်းဝေးတစ်နေရာတွင် အမြန်ရေယာဉ်တိမ်းမှောက် နစ်မြုပ်၊ ၇၇ ဦးကယ်တင်နိုင်

**ဂျကာတာ ဩဂုတ် ၅**

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းကမ်းဝေးတစ်နေရာတွင် ဩဂုတ် ၅ ရက်က အမြန်ရေယာဉ်တစ်စင်း နစ်မြုပ်ခဲ့သောကြောင့် လူနှစ်ဦး သေဆုံးခဲ့ပြီး တစ်ဦးပျောက်ဆုံးလျက်ရှိသည်ဟု ဘာလီကျွန်း ရှာဖွေကယ်ဆယ်ရေးရုံးမှ အကြီးအကဲတစ်ဦးဖြစ်သူ အိုင်ညိုမန်ဆီဒါကာယာက ပြောသည်။



အမြန်ရေယာဉ်နစ်မြုပ်မှုတွင် လူနှစ်ဦးသေဆုံးခဲ့ပြီး တစ်ဦးပျောက်ဆုံးလျက်ရှိကာ ၇၇ ဦး အသက်ရှင် လွတ်မြောက်ခဲ့သည်ဟု ၎င်းက ဆက်လက်ပြောသည်။

အမြန်ရေယာဉ် လင်းပိုင်-၂ ဟုအမည်ပေးထားသော အဆိုပါ ရေယာဉ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခန့်တွင် ဘာလီပြည်နယ် ဆနားဒေသရှိ ဆိပ်ကမ်းတစ်ခုသို့ ဆိုက်ကပ်ခါနီးကမ်းဝေးတစ်နေရာတွင် ကြီးမားသောလှိုင်းလုံးများ ရိုက်ခတ်မှုကြောင့် တိမ်းမှောက် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အမြန်ရေယာဉ်သည် ဘာလီပြည်နယ် ပီနီဒါဆိပ်ကမ်းမှ အစောပိုင်း ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။ ဘာလီကျွန်း ရှာဖွေကယ်ဆယ်ရေးရုံးမှ ပျောက်ဆုံးသူများကိုရှာဖွေရန် အမှုထမ်းများနှင့် စက်လှေများကို စေလွှတ်ထားသည်။

**ဆင်ဟွာ**

## တရုတ်နိုင်ငံက ပြည်နယ်အဆင့် ဒေသအများအပြားသို့ ဘေးအန္တရာယ်ဆိုင်ရာ ကယ်ဆယ်ရေးရန်ပုံငွေများ ချထားပေး

**ပေကျင်း ဩဂုတ် ၅**

တရုတ်နိုင်ငံသည် ပြည်နယ်အဆင့် ဒေသအများအပြားသို့ ဘေးအန္တရာယ်ဆိုင်ရာ ကယ်ဆယ်ရေးရန်ပုံငွေ စုစုပေါင်း ယွမ် ၁ ဒသမ ၀၁၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၄၂ သန်းခန့်) ကို ချထားပေးခဲ့ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန (MOF) က ဩဂုတ် ၅ ရက်တွင် ပြောကြားခဲ့သည်။

ရန်ပုံငွေများကို MOF၊ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနနှင့် ရေအရင်းအမြစ်ဝန်ကြီးဌာနတို့က ခွဲဝေချထားပေးခဲ့သည်။

ပေကျင်း၊ ဟီဘေး၊ တရုတ်မြောက်ပိုင်း အတွင်းမွန်ဂိုလီးယားဒေသနှင့် ကွမ်တုံကဲ့သို့သော ဒေသများရှိ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကို ထောက်ပံ့ရန်အတွက် ရန်ပုံငွေများကို ပုံစံမျိုးစုံဖြင့် ပံ့ပိုးပေးခဲ့ပြီး ယင်းရန်ပုံငွေများကို စိုက်ပျိုးရေးလုပ်ငန်းများအတွက်လည်း ပါဝင်မည်ဖြစ်သည်။ ထို့ပြင် ရန်ပုံငွေများကို ရှန်ဒေါင်း၊ ဟိုင်နန်၊ ဟူဘေးနှင့် အခြားဒေသများရှိ မိုးခေါင်ရေရှားမှုဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်းများတွင်လည်း အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ပါကစ္စတန်နိုင်ငံတစ်ဝန်း မုတ်သုံမိုးရွာသွန်းမှုနှင့်ဆက်စပ်သော ဖြစ်ရပ်များကြောင့် လူပေါင်း ၃၀၀ ကျော် သေဆုံး

**အစ္စလာမ္မာဘတ် ဩဂုတ် ၅**

ပါကစ္စတန်နိုင်ငံတွင် ဇွန် ၂၆ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်း မိုးရွာသွန်းမှုနှင့်ဆက်စပ်သော ဖြစ်ရပ်များကြောင့် လူပေါင်း ၃၀၂ ဦး ထက်မနည်းသေဆုံးပြီး အခြား ၇၂၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းအမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ) က ဩဂုတ် ၄ ရက်တွင် ပြောသည်။

အင်န်ဒီအမ်အေ၏နောက်ဆုံးထုတ်ပြန်ချက်အရ လွန်ခဲ့သည့် ၂၄ နာရီအတွင်း နိုင်ငံတစ်ဝန်း မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နှစ်ဦးသေဆုံးပြီး ၁၂ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်သည် သေဆုံးသူ ၁၆၃ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၅၇၉ ဦးဖြင့် မိုးသည်းထန်စွာရွာသွန်းမှုဒဏ် အဆိုးရွားဆုံးခံရသည့် ပြည်နယ်အဖြစ် ဆက်လက်တည်ရှိနေသည်။ ယင်းနောက်တွင် နိုင်ငံအရှေ့မြောက်ပိုင်း ခိုင်ဘာပတ်ထွန်းခ်ဝါပြည်နယ်က သေဆုံးသူ ၇၁ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၈၆ ဦးဖြင့် အများဆုံးဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၅ ရက်မှ ၁၀ ရက်အတွင်း ပါကစ္စတန်နိုင်ငံ အထက်ပိုင်းနှင့် အလယ်ပိုင်းဒေသ အများအပြားတွင် မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း အာဏာပိုင်များက သတိပေးထားသည်။

**ဆင်ဟွာ**





## ဂျပန်နိုင်ငံ ဂွန်းမခရိုင်တွင် အပူချိန် ၄၁ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ်ဖြင့် စံချိန်တင်

**တိုကျို ဩဂုတ် ၅**

ဂျပန်မိုးလေဝသအေဂျင်စီ၏ ထုတ်ပြန်ချက်အရ ဂျပန်နိုင်ငံ ဂွန်းမခရိုင် အီဆဲဆာကီမြို့၌ ဩဂုတ် ၅ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် အပူချိန် ၄၁ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ်အထိ ရောက်ရှိခဲ့သည့်အတွက် အပူချိန် စံချိန်သစ်တင်ခဲ့ကြောင်း သိရသည်။

တရားဝင်စာရင်းကောက်ယူသည့် အချိန်မှစတင်ကာ အဆိုပါအပူချိန်သည် ဂျပန်နိုင်ငံတွင် အမြင့်ဆုံး အပူချိန်အဖြစ် မှတ်တမ်းဝင်ခဲ့ခြင်း ဖြစ်သည်။ ဂွန်းမနှင့် စိုင်းတာမခရိုင်ရှိ အခြားမြို့များတွင်လည်း အပူချိန် ၄၁ ဒီဂရီဆဲလ်စီးယပ် ကျော်လွန်ခဲ့သည့်အတွက် နေရာအနှံ့အပြား အပူလျှပ်ခြင်းဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မိုးလေဝသအေဂျင်စီက ကန်တို-ကိုရှင်းဒေသတစ်လျှောက် စံချိန်တင်အပူချိန်လွန်ကဲမှု ဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးထားသည်။ ထို့ပြင် အပြင်ထွက်ခြင်းမှ ရှောင်ရှားကြရန်နှင့် လေအေးပေးစက်များ အသုံးပြုကြရန် ဒေသခံများကို တိုက်တွန်းနှိုးဆော်ထားသည်။

**ဆင်ဟွာ**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၅**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့ အမှတ်(၂)ရပ်ကွက် ဆင်းရွှေလီလမ်းအနီး၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၂၅၀၀၀) ကိုလည်းကောင်း၊ မြဝတီမြို့ အမှတ်(၃) ရပ်ကွက် စစ်မှုထမ်းဟောင်းလမ်းအနီး၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၂၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hion Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၈၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မုံရွာမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၅ မျိုး၊ လူသုံးကုန်ပစ္စည်း ခြောက်မျိုး၊ စားသောက်ကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၅၄၂၆၈၈) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ စစ်ကိုင်းမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၄၉၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux Pick Up တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၂၉၁၆၈၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့ စမ်းကြီးရပ် ကွင်းအမှတ် ၉၇ စက်ရုံစုလမ်းရှိ ဂိုဒေါင်တစ်လုံးအတွင်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၄ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်ရှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၃၁ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၄ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၆၁၆၆၈၈) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## လပွတ္တာမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်

**လပွတ္တာ ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွေးနဒီခန်းမ၌ ယနေ့နံနက်ပိုင်းက ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ခြင်းနှင့် သီးနှံအာမခံထားရှိခြင်း အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းဒေသကြီး မန်နေဂျာ ဦးဝင်းနိုင်က ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရေးနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြခြင်း၊ ဧရာဝတီတိုင်းဒေသကြီး မြန်မာ့အာမခံလုပ်ငန်း တိုင်းဒေသကြီး တာဝန်ခံ ဦးသန်းထွဋ်က သီးနှံအာမခံထားရှိရေးကိစ္စနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြပြီး ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို တာဝန်ရှိသူများက တောင်သူများထံသို့ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။



**ဟိန်းထက်လင်း(ပြန်/ဆက်)**

## MFF ဖူဆယ်လိဂ် -၂ ခြေစစ်ပွဲ ဩဂုတ် ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၅**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီသည် ၂၀၂၅-၂၀၂၆ ရာသီ MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲဝင်ခွင့်အတွက် ခြေစစ်ပွဲကို ဩဂုတ် ၆ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ယင်းခြေစစ်ပွဲတွင် ပြီးခဲ့သည့်ရာသီ ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ၌ အောက်ဆုံးရပ်တည်ခဲ့သည့် Maryar NOKA အသင်း၊ ယခုနှစ် အပျော်တမ်းဖူဆယ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည့် King Cobra အသင်းနှင့် P.S. Star အသင်း စုစုပေါင်း သုံးသင်းယှဉ်ပြိုင်မည်ဖြစ်သည်။ ခြေစစ်ပွဲကို သုံးသင်းပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ကာ အမှတ်အများဆုံးနှစ်သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ခြေစစ်ပွဲအဖြစ် ဩဂုတ် ၆ ရက်တွင် Maryar NOKA အသင်းနှင့် King Cobra အသင်း၊ ဩဂုတ် ၇ ရက်တွင် King Cobra အသင်းနှင့် P.S. Star အသင်း၊ ဩဂုတ် ၁၀ ရက်တွင် P.S. Star အသင်းနှင့် Maryar NOKA အသင်း ယှဉ်ပြိုင်မည်ဖြစ်သည်။

**အလင်းအိမ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစား ခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## မိန်းကလေးတစ်ဦးအား တရုတ်နိုင်ငံရှိ အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်ကိုင်ရန် စည်းရုံးပြောဆိုပြီး တရုတ်မယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့သူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ် ၁၂ နှစ် ချမှတ်

**နေပြည်တော် ဩဂုတ် ၅**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နေ မိန်းကလေးတစ်ဦးအား တရုတ်နိုင်ငံရှိ အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်ကိုင်ရန် စည်းရုံးပြောဆိုပြီး တရုတ်မယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့သူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ် ၁၂ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နေ မ -----၊ ၂၀/၂၀၂၅ နှစ်သည် ၎င်းအလုပ်လုပ်ကိုင်နေသည့် နေရာနှင့်ကပ်လျက် အဒေါ်အိမ်သို့ နေ့စဉ်သွားရောက်ရာမှ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ နန်းတော်ရာရပ်ကွက်နေ ဒေါ်စိုးစိုးနှင့် တွေ့ဆုံခင်မင်ရင်းနှီးခဲ့ရာ ဒေါ်စိုးစိုး မှ တရုတ်နိုင်ငံ ရွှေလီမြို့ရှိ အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်ကိုင်ရမည်၊ တစ်လလျှင် ငွေကျပ်လေးသိန်းခန့်ရမည်ဟု စည်းရုံးပြောဆိုပြီး မူဆယ်မြို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံ ဟဲနန်ပြည်နယ် ရှောင်ထုံရှန့်မြို့ရှိ ဒေါ်ခင်စိုးအေး (ခ) ဒေါ်ခင်မာအေး နေအိမ်သို့ပို့ဆောင်ခဲ့ကြောင်း၊ ဒေါ်ခင်စိုးအေး (ခ)ဒေါ်ခင်မာအေးက ၎င်းအား တရုတ်ယောကျ်ားယူပါက တရုတ်ယွမ်ငွေလေးသောင်း (မြန်မာငွေကျပ်သိန်း ၂၄၀) ခန့်ရမည်ဟု ထပ်မံစည်းရုံးပြောဆိုပြီး တရုတ်မယားအဖြစ် ပို့ဆောင်ရောင်းစားကာ ရရှိသည့်ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် လသာမြို့မရဲစခန်း(ပ)၄/ ၂၀၂၅၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဩဂုတ် ၃ ရက်တွင် ကျောက်တံတားခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ဒေါ်ခင်စိုးအေး (ခ) ဒေါ်ခင်မာအေးကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တရားခံ စိုးစိုးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/ ၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်အသီးသီး၌ စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်

## စစ်ကိုင်း

စစ်ကိုင်းမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျောင်းများသို့ Mobile Library စနစ်ဖြင့် သုတ/ရသစာအုပ်များ (အခမဲ့) ငှားရမ်းပေးခြင်းကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဇာဖြူထွန်းနှင့် ဝန်ထမ်းများက ဩဂုတ် ၅ ရက်တွင် အခြေခံပညာအထက်တန်းကျောင်း(ရွှေမင်းဝံ)၌ ဆောင်ရွက်ပေးကြောင်း သိရသည်။

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အခြေခံပညာအထက်တန်းကျောင်း(ရွှေမင်းဝံ)၌ အပတ်စဉ်တနင်္လာနေ့နှင့် အင်္ဂါနေ့တို့တွင် ကျောင်းသား ကျောင်းသူများအားသုတ/ ရသစာအုပ်စာစောင်များ ငှားရမ်းပေးလျက်ရှိသည်။

**နေလင်းအောင်(ပြန်/ဆက်)**





## ရွှေတောင်

မျိုးဆက်သစ် ကျောင်းသား ကျောင်းသူလူငယ်များ အသိပညာဗဟုသုတရရှိစေရန်နှင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အမကညောင်ဝိုင်းကျောင်း၌ ဩဂုတ် ၅ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပသည်။

အခမ်းအနားတွင် အမက(ညောင်ဝိုင်း)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နီခိုင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က ကျောင်းသား ကျောင်းသူများအား ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ကလေးတစ်ယောက်၏ အလုပ်လုပ်နိုင်သည့် အသက်အရွယ်နှင့် ဥပဒေပါ အကြောင်းအရာများ၊ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးခြင်း စသည့်အကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့သည်။

**ကိုကိုမင်း(ပြန်/ ဆက်)**



## မော်ဘီ

မော်ဘီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းများ စာဖတ်ရှိန်မြှင့်တင်နိုင်ရေးအတွက် ဩဂုတ် ၄ ရက်က ရွေ့လျားစာကြည့်တိုက် Mobile Library စနစ်ဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာနနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနရုံးများသို့ သွားရောက်၍ စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စိုးစိုးသင်း၊ ဒေါ်ဌေးဌေးလွင် (စာထောက်-၃)၊ဒေါ်ခိုင်ဇာလင်း (ရုပ်သံ-၃)တို့က စာကြည့်တိုက်သို့ မလာရောက်နိုင်သည့် နိုင်ငံ့ဝန်ထမ်းများနှင့် စာပေမြတ်နိုးသူစာဖတ်ပရိသတ်များအား အားလပ်ချိန်များတွင် စာဖတ်ခြင်းဖြင့် မိမိဘဝကို မြှင့်တင်နိုင်စေရန်၊ စာအုပ်စာပေများကို လေ့လာဖတ်ရှုမှု ပိုမိုတိုးပွားလာစေရန်၊ စာပေဖတ်ရှုခြင်းဖြင့် ရရှိလာမည့် အသိဉာဏ်ပညာဗဟုသုတများ တိုးပွားလာစေရန်၊ အချိန်ကိုအကျိုးရှိရှိ အသုံးချတတ်စေပြီး စာအုပ်စာပေများကို တန်ဖိုးထားချစ်မြတ်နိုးတတ်စေရန်၊ စာပေဖတ်ရှုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို သိရှိနားလည်စေရန် ရည်ရွယ်၍ ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် သုတ၊ ရသ၊ ရုပ်ပြ၊ မဂ္ဂဇင်း စသည့်စာအုပ်များအား အပတ်စဉ်သောကြာနေ့တိုင်း ကွင်းဆင်း၍ အခမဲ့ငှားရမ်းပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## နတ်တလင်း

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားလာစေရန်



ရည်ရွယ်၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ စာအုပ်စာစောင်ပြပွဲနှင့် အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ခြင်းကို ဩဂုတ် ၅ ရက်က ဇီးကုန်းလေး အ.မ.ကကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သူဇာဝင်းက ကျောင်းသား ကျောင်းသူများအား စာဖတ်ခြင်းဖြင့် ရရှိနိုင်သောအကျိုးကျေးဇူးများ၊ ကလေးအလုပ်သမားပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှု အန္တရာယ်အကြောင်းတို့နှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်အေးအေးဆွေက စားသုံးသူကာကွယ်ပေးရေး ဥပဒေအကြောင်း၊ ကုန်အညွှန်းအမှတ်အသားအကြောင်းများကို အသိပညာပေးဟောပြောခဲ့ကြသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**

## ကြံခင်း

ကြံခင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဩဂုတ် ၅ ရက်က ကျောင်းသား ကျောင်းသူများ ဗလငါးတန်ပြည့်စုံလာစေရန်၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတရရှိစေရန်၊ အသိပညာကြွယ်ဝလာစေရန်၊ လူများရှေ့တွင် ပြောဆို



တတ်သည့် အလေ့အကျင့်များရရှိလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို အခြေခံပညာဦးစီးဌာနနှင့် ပူးပေါင်း၍ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးမြင့်က စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲများနှင့် ပြိုင်ပွဲများကို လစဉ် လူထုအခြေပြုဗဟိုဌာန၌ ဆောင်ရွက်ပေးရခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး ကဗျာဆရာ ရာဇာငယ် (ကနောင်)နှင့် Book Club အဖွဲ့ဝင် ဦးသာကျော်လှတို့က "လူငယ်နှင့်အနာဂတ်၊ လူငယ်နှင့်စာကြည့်တိုက်" ခေါင်းစဉ်တို့ဖြင့် ဟောပြောကြသည်။ ထို့နောက် မူလတန်းပြဆရာမ ဒေါ်ဂျူးဝေမိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**



## သဲကုန်း

သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးဌာနမှ ဝန်ထမ်းများက အ.မ.က(ကန်နှစ်ဆင့်)ကျောင်းတွင် ဩဂုတ် ၅ ရက်က စာဖတ်ရှိန်မြှင့်မားရေး လှုပ်ရှားမှုအဖြစ် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအား ရှင်းလင်းဟောပြောခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောခြင်းတို့ ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများအား စာဖတ်ဝိုင်းများ ပြုလုပ်ပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



## မိုင်းယောင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဩဂုတ် ၅ ရက်က လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်းက ဟောပြောပွဲကျင်းပခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်နန်းပန်က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအကြောင်းနှင့် လူငယ်နှင့် မျိုးချစ်စိတ်အကြောင်းတို့ကို ဟောပြောသည်။

ထို့နောက် ဒေါ်နန်းစီဖောင်း(ရုပ်သံကျွမ်းကျင်-၃) က စာအုပ်စာပေလူ့မိတ်ဆွေအကြောင်းနှင့် လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေးအကြောင်းကိုလည်းကောင်း၊ ဦးထွန်းမြင့်လှိုင်(အငယ်တန်းစာရေး) က ပညာရွှေအိုးလူမခိုး အကြောင်းနှင့် လူငယ်နှင့် ကျန်းမာရေးအကြောင်းကိုလည်းကောင်း ဟောပြောပြီး လူငယ်ရေးရာဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်ပြပွဲနှင့် ဓာတ်ပုံပြပွဲများကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**ဝေဝေခိုင်(ပြန်/ဆက်)**

## မိုင်းရှူးမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်

**မိုင်းရှူး ဩဂုတ် ၅**

မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝမ်ဆော့ကျေးရွာအုပ်စု ကုန်းပေါင်းကျေးရွာနှင့် လှိုင်ခမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာများ၌ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇေယျာမင်း၊ မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် တာဝန်ရှိသူများသည် ကုန်းပေါင်းကျေးရွာ၌ စီမံကိန်း လည်ပတ် ရန်ပုံငွေများဖြင့် စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လှိုင်ခမ်းကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဆိုပါကျေးရွာနှစ်ရွာရှိ အသင်းသား အသင်းသူ ၃၇ ဦးအား မိသားစုဝင်ငွေတိုး လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေကျပ် ၃၃၃ သိန်းအထိ အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**ကာရံ (ကျေးလက်)**

## ချမ်းအေးသာစံမြို့နယ်၌ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**ချမ်းအေးသာစံ ဩဂုတ် ၅**

မျိုးဆက်သစ်ကျောင်းသားလူငယ်များ ဗဟုသုတ ဗလငါးတန်ပြည့်စုံစေရန်အတွက် ရည်ရွယ်ကာ ၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (World Tourism Day)အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲကို ချမ်းအေးသာစံမြို့နယ် အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်(United Nations World Tourism Organization – UNWTO) က စက်တင်ဘာ ၂၇ ရက်ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အဖြစ် သတ်မှတ်ခဲ့ရာ ချမ်းအေးသာစံမြို့နယ်၌ အခြေခံပညာအထက်တန်းအဆင့် (Grade –10၊ Grade–11၊ Grade –12) မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲကို ကျင်းပပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဝါဝါကျော်နှင့် အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးစိုးတို့က ကြီးကြပ်ဆောင်ရွက်သည်။

"ခရီးသွားလုပ်ငန်းနှင့် စဉ်ဆက်မပြတ် တိုးတက်ပြောင်းလဲမှု" ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲ ဖြေဆိုရာတွင် ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ အထက်တန်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၆ ဦး ဝင်ရောက်ဖြေဆိုခဲ့သည်။ အဆိုပါ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ သုံးဦးအား ခရိုင်အဆင့်ဆက်လက် ရွေးချယ်ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးထံမှ သိရသည်။

**ချမ်းမြေ့မောင်(ချမ်း/စံ)**



## ကန့်ဘလူမြို့နယ်၌ ဂျစ်ပဆန်ထည့်သွင်းခြင်းနှင့် သဘာဝရွက်ဖျန်းအားဆေးအသုံးပြုခြင်း ကွင်းသရုပ်ပြ

**ကန့်ဘလူ ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ မိုးနေကြာ ပန်းတိုင်အထွက်နှုန်းရရှိရေး ဂျစ်ပဆန်ထည့်သွင်းခြင်းနှင့် သဘာဝရွက်ဖျန်းအားဆေးအသုံးပြုခြင်းကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက မြို့ဦးရပ်ကွက် ကွင်းအမှတ် (၃၈၂) တောင်သူ ဦးဝင်းနိုင်ထူး၏ ရေဆင်းစပ်မျိုး နေကြာ (၁) စိုက်ခင်း နှစ်ဧက၌ ကျင်းပသည်။



ကွင်းသရုပ်ပြပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး၊ ခရိုင်မြေ၊ မျိုး၊ ပိုး တာဝန်ရှိသူများနှင့် မြို့နယ်ဦးစီးမှူးတို့က ဆီထွက်သီးနှံများ ဂျစ်ပဆန်ထည့်သွင်းခြင်းဖြင့် အစေ့အဆန်အောင်ပြီး ဆီထွက်နှုန်းကောင်းမွန်ကြောင်းနှင့် သဘာဝရွက်ဖျန်းအားဆေးအသုံးပြုခြင်းဖြင့်ရရှိမည့် အကျိုးကျေးဇူးများ၊ သီးနှံများပန်းတိုင်အထွက်ရရှိရေး လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

## ပန်းတောင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**ပန်းတောင်း ဩဂုတ် ၅**

ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက ယမန်နေ့က အမက (လွန်) ကြခတ်ကျောင်းနှင့် အလက ကျောက်ဖူးကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ဗလငါးတန်နှင့် ပြည့်စုံသော လူတော်၊ လူကောင်းများ ပေါ်ထွန်းလာစေရန် ကျောင်းစာအပြင် ပြင်ပဗဟုသုတ ရရှိစေမည့် စာအုပ်စာပေများကို လေ့လာဖတ်ရှုမှတ်သားကြရန်၊ အင်တာနက်အသုံးပြုမှု လျှော့ကျစေရန်၊ ကျန်းမာကြံ့ခိုင်စေရန် ကာယလေ့ကျင့်ခန်းများ ပုံမှန်ပြုလုပ်ကြရန် အသိပညာပေးဟောပြောသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား ရုပ်ပြပုံပြင်များ ပြောခြင်း၊ ကိုယ်ကာယလှုပ်ရှားမှု Activity လုပ်ငန်းစဉ်များလိုက်ပါဆောင်ရွက်စေခြင်းများ၊ နယ်လှည့်စာကြည့်တိုက်မှ စာအုပ်စာစောင်များ ဖတ်ရှုစေခြင်းများပြုလုပ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ခင်းကျင်းပြသထားသည့် ကလေးအလုပ်သမား ပပျောက်ရေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။



**လပြည့်လင်း(ပြန်/ဆက်)**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၅**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ဆင်ခြင်တုံတရားမရှိသည့် NUG၊ PDF အကြမ်းဖက်သမားများ၏ ဥပဒေမဲ့လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းကြောင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ"** ခေါင်းစဉ်ဖြင့် ဩဂုတ် ၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံတစ်ခုရဲ့ လူသားအရင်းအမြစ်ဆိုတာကို နားမလည်ဘဲ ဆရာ၊ ဆရာမတွေကို အဓိကထား ခြိမ်းခြောက်သတ်ဖြတ်နေတဲ့ တော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြို့သစ်မြို့နယ်၌ နှမ်းစပါးသီးနှံ ဧက ၅၉၆၀ ရိတ်သိမ်းပြီးစီး

**မြို့သစ် ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ၂၀၂၅ ခုနှစ် နွေသီးနှံရာသီတွင် စိုက်ပျိုးခဲ့သည့် နွေစပါးသီးနှံ ဧက ၅၉၆၀ ကို ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့သစ်မြို့နယ်၌ တောင်သူများ နွေစပါးစိုက်ပျိုးရာတွင် ရေရရှိရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ နတ်မောက်ဆည်၊ ပုလင်းဆည်၊ စွန်ဆည်နှင့် ဆဒ္ဒန်ဆည် ရေလှောင်တမံတို့မှ ဆည်ရေများ လုံလောက်စွာ ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း၊ နွေစပါးစိုက်ပျိုးရာတွင် တောင်သူများအနေဖြင့် အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေးနှင့်လိုအပ်သည့် စိုက်ပျိုးရေးနည်းပညာများ ကူညီဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် အောင်နိုင်တိုး၊ ရတနာတိုးနှင့် ဆာဖိုးသာစပါးမျိုးများ စိုက်ပျိုးကြပြီး နွေစပါးသီးနှံများ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဝင်းအိဇွန်(ပြန်/ဆက်)**

## မြောက်ဥက္ကလာပမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**ရန်ကုန် ဩဂုတ် ၅**

မြောက်ဥက္ကလာပမြို့နယ်၌ အမှတ်(၃၅)ယာဉ်ထိန်းတပ်ဖွဲ့စုမှ မြို့နယ်အတွင်း သွားလာနေကြသော မော်တော်ယာဉ် မောင်းနှင်နေသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက သုဓမ္မာလမ်းမပေါ် သစ္စာပန်းလမ်းမီးပွိုင့်အနီး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အမှတ်(၃၅) ယာဉ်ထိန်းတပ်ဖွဲ့စုမှ မြို့နယ် တပ်စုမှူး ဒုတိယရဲမှူး လှိုင်ဝင်းအောင်နှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သုဓမ္မာလမ်းမပေါ် သစ္စာပန်းလမ်းမီးပွိုင့်အနီးတွင် သွားလာနေကြသော မော်တော်ယာဉ်မောင်းနှင်နေသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာနိုင်ရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့။**

## နေပြည်တော် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၅**

နေပြည်တော်သူနာပြုနှင့် သားဖွားသင်တန်းကျောင်း သူနာပြု–သားဖွား ဒီပလိုမာ သုံးနှစ်သင်တန်း၏ ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲ အခမ်းအနားကို ခုတင် (၁၀၀၀) ဆေးရုံ သင်ကြားရေးခန်းမ၌ ယနေ့ နံနက်ကကျင်းပရာ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ တင်ထွန်းက အမှာစကား ပြောကြားသည်

ထို့နောက် NMTS Welcome Scholarship ဆုချီးမြှင့်ခြင်းနှင့် အတန်းလိုက်ပညာရည်ချွန်ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ပြီး သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းလင်း (လက်ထောက်ညွှန်ကြားရေးမှူး) က သင်တန်းသူ ၉၉ ဦးတို့အား ဂျူတီကုတ်နှင့် ဦးဆောင်းများ အပ်နှင်းခဲ့သည်။ **(အပေါ်ပုံ)** ၂၂ာ



## သမဝါယမအသင်းများမှ စိုက်ပျိုးထားရှိသည့် မိုးစပါးစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှု

**တောင်ကြီး ဩဂုတ် ၅**

ရှမ်းပြည်နယ် သမဝါယမ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နမ့်စန်(တ)မြို့နယ်တွင် မိုးစပါးစီမံကိန်းသီးနှံ စိုက်ပျိုးလျက်ရှိသည့် "မိုင်းစိတ်" စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း လီမိတက်နှင့် "နမ့်တိန်း" စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမ အသင်းလီမိတက်တို့မှ စိုက်ပျိုးထားရှိသည့် မိုးစပါးစိုက်ခင်းများကို ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။ **(ဝဲပုံ)**



ထို့နောက် ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက အသင်းမှ လိုအပ်သည့် သွင်းအားစုများရရှိစေရေးအတွက် သက်ဆိုင်ရာမြို့နယ်သမဝါယမအသင်းစုနှင့် ချိတ်ဆက် ဆောင်ရွက်ပေးပြီး "မိုင်းစိတ်" စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမ အသင်းမှ ဆောင်ရွက်လျက်ရှိသည့် စပါးဝယ်ယူဖြန့်ဖြူးရေးလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုပြီး မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ၍ စီမံကိန်းသီးနှံများ လျာထားချက် ပြည့်မီအောင် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ခြောက်တန်းသွားကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြ

**ကလော ဩဂုတ် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလော မြို့နယ် ဟဲဟိုးမြို့ ဝါးရုံပင် ကျေးရွာ တောင်သူ ဦးဇင်မြင့်ဇော်၏လယ်မြေငါးဧကတွင် ဩဂုတ် ၅ ရက် နံနက်က ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် မိုးစပါး စိုက်ပျိုးခြင်း ကွင်းသရုပ်ပြသပွဲ ပြုလုပ်သည်။

ဦးစွာ အောင်ပန်းမြို့ အမှတ် (၆၅) စက်မှုလယ်ယာစခန်းမှ မြို့နယ်ဦးစီးဌာနမှူး ဦးဦးဘဝင်းက ခြောက်တန်းသွားကောက်စိုက်စက်နှင့် စပါးစိုက်ပျိုးခြင်းဖြင့် လယ်ယာလုပ်ငန်းခွင်တွင် လုပ်သားရှားပါးမှု ပြဿနာများ လျှော့ချနိုင်မှု၊ အချိန်ကုန်သက်သာပြီးစီးမှု မြန်ဆန်သောကြောင့် ရာသီအချိန်မီ စိုက်ပျိုးပြီးစီးမှု၊ မျိုးစပါးကုန်ကျမှု လျော့နည်းခြင်းနှင့် စိုက်ပျိုးစရိတ်သက်သာခြင်း၊ စိုက်ပျိုးနည်းစနစ် မှန်ကန်မှုကြောင့် အထွက်နှုန်းပိုမိုတိုးတက်၍ ဝင်ငွေများတိုးတက်စေရန်နှင့် တောင်သူများ လက်တွေ့ကျကျ သိရှိနားလည်ပြီး ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းကို တွင်ကျယ်စွာ အသုံးပြုနိုင်ရန် ယခုလိုသရုပ်ပြပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ဒေသခံတောင်သူများအား အသိပညာပေးပြောကြားပြီး ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် မိုးစပါးလက်တွေ့စိုက်ပျိုးခြင်းကို သရုပ်ပြသရာ တက်ရောက်လာကြသည့် ဒေသခံတောင်သူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**



အောင်ပန်းမြို့ စက်မှုလယ်ယာစခန်းအနေဖြင့် တောင်သူများ လုပ်ငန်းအဆင်ပြေစေရေးအတွက် ဌာနနှုန်းထားဖြင့် တစ်ဧကလျှင် ငွေကျပ် ၅၅၀၀၀ နှုန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမည်ဆိုပါက အောင်ပန်းမြို့ စက်မှုလယ်ယာဦးစီးဌာနသို့ လာရောက်ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ကျော်ဝင်း(ကလော)**

## ရေတာရှည်မြို့၌ စက်ချုပ်နည်းပညာသင်တန်းဖွင့်

**တောင်ငူ ဩဂုတ် ၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ တောင်ငူခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် စက်ချုပ်နည်းပညာသင်တန်းကို ယနေ့နံနက်ပိုင်းက ရေတာရှည်မြို့ မဟာဝိသုတာရာမနတ်ရေတွင်း ကျောင်းတိုက်၌ ကျင်းပသည်။



ထိုသို့ ကျင်းပရာတွင် တောင်ငူခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်မျိုးမြတ်မြတ်သင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူး ဒေါ်မျိုးမြတ်မြတ်သင်း၊ ရေတာရှည် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများကို သင်တန်းသား သင်တန်းသူများသို့ ပေးအပ်သည်။ အဆိုပါ စက်ချုပ် နည်းပညာသင်တန်းတွင် အမျိုးသမီးဝတ်အင်္ကျီအမျိုးမျိုး၊ ဂါဝန်၊ သုံးလွှာစကပ်၊ လေးလွှာစကပ်နှင့် ချိတ်စကပ်ချုပ်နည်းစသည်တို့ကို ဩဂုတ် ၄ ရက်မှ စက်တင်ဘာ ၂ ရက်အထိ စာတွေ့ လက်တွေ့ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်သင်ကြားလျက်ရှိကာ ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသား သင်တန်းသူ ငါးဦးအား သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပြီး တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်းနှင့်ညီမျှသည့် လုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## အခွန်ဆိုင်ရာပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုအတွက် ဒဏ်ကြေးနှင့်ပြစ်ဒဏ်များအား ရှင်းလင်း

**ရန်ကုန် ဩဂုတ် ၅**

ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၄)အခွန်ဆိုင်ရာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း စိမ်းလဲ့မေရိပ်သာ လမ်းသွယ်ရှိ အဆိုပါရုံး၌ ပြုလုပ်သည်။ **(အောက်ပုံ)**

အဆိုပါရှင်းလင်းပွဲတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၄)ဌာနမှူးက အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးက တည်ဆဲအခွန်ဆိုင်ရာပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်မှုအတွက် ဒဏ်ကြေးနှင့်ပြစ်ဒဏ်များအား ဆိုင်ရာဥပဒေများအလိုက် ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းအခွန်ဆိုင်ရာရှင်းလင်းပွဲသို့ ကုမ္ပဏီ ၁၀၅ ခုမှ တာဝန်ရှိသူ ၁၁၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **အာကာလင်း**



## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ဦးစီးမှူးရုံးမှ ယမန်နေ့က အမှတ်(၃၂)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ပန်းခင်းစီမံချက် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ **(အောက်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်လဝကဦးစီးမှူး ဦးမြင့်ဇော်က ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်အသုံးဝင်ပုံများကို ရှင်းလင်းပြောကြားကာ ပြည်သူများ၏လက်ဝယ်သို့ အိမ်ထောင်စုလူဦးရေစာရင်း ၁၈ စုနှင့် နိုင်ငံသားစိစစ်ရေးကတ် ၃၄ ကတ်ကို ပေးအပ်ပြီး အဆိုပါ ၃၄ ဦးအား Unique ID(UID) ထုတ်ပေးခြင်းကို တစ်ဆက်တည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြင့်မြင့်ရီ**



### မော်တော်ယာဉ်မောင်းနှင်သူများလောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်–

(က) မီးပိတ်၍ စက်သတ်ထားရမည်။

(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၅-၈-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | အမည် | နဝကမ္မ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၂၉၀။ | ကွယ်လွန်သူဦးမောင်ကြိုင်နှင့် ဒေါ်သိန်းတင်တို့အား ရည်စူး၍ သမီးဒေါ်ပြုံးပြုံးအိမိသားစုကောင်းမှု | ၂၀၀၀၀၀၀ |
| ၁၀၂၉၁။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဒေါက်တာရဲထွန်းဝင်းနှင့်ဇနီး ဒေါက်တာလှလှမွန်၊ (သမီး)မဖြူစင်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၁၀၂၉၂။ | ဦးခင်မောင်ဝင်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းနွဲ့၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၂၉၃။ | ဦးသန်းထွန်းနှင့်ဇနီး ဒေါ်တင်ဥမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၂၉၄။ | ဦးအေးစိန်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၂၉၅။ | ဦးတင်ရွှေနှင့်ဇနီး ဒေါ်မြင့်ကြည်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၀၂၉၆။ | ဦးနေဝန်းနှင့်ဇနီး ဒေါ်ဆွေသင်းလှိုင်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၂၉၇။ | ဒေါက်တာဇော်ဌေးနှင့်ဇနီး ဒေါ်ခင်ထားမေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၉၈။ | ကိုကိုကြီးနှင့်ဇနီး မပြည့်ဖြိုးခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၉၉။ | ဦးမျိုးအောင်နှင့်ဇနီး ဒေါ်မြတ်သီတာဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၀။ | ဦးသံချောင်းနှင့်ဇနီး ဒေါ်မြင့်မြင့်ရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၁။ | ဒေါ်အေးအေးမြင့်နှင့် သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၂။ | မိဘနှစ်ပါးအားအမှူးထား၍ ကိုသန့်ဇင်ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၃။ | ဦးမျိုးခင်နှင့်ဇနီးဒေါ်သန်းသန်းဌေး၊ (သား)မောင်ချစ်မျိုးဆက်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၄။ | နှစ်ဖက်သောမိဘများအားဦးထိပ်ထား၍ ဦးရဲဝင်းနိုင်နှင့်ဇနီး ဒေါ်သင်းသင်းမြတ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၅။ | ဦးစိုးသက်ထွန်းနှင့်ဇနီး ဒေါ်မိုးမိုးမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၆။ | ဦးဝင်းကိုဦးနှင့်ဇနီး ဒေါ်ဝင်းဝင်းဌေး၊ (သမီး)မမြတ်သွန်းဝတီကိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၇။ | ဦးကြည်မောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၈။ | ဦးဇော်ဇော်အောင်နှင့်ဇနီး ဒေါ်ထက်ထက်၊ (သား)မောင်ကောင်းဇော်ဟိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |

| စဉ် | အမည် | နဝကမ္မ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၃၀၉။ | ဦးပိုင်ဖြိုးဦးနှင့်ဇနီး ဒေါ်နန်းစိန်ဥမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၀။ | ကိုဝေလျှမ်းမောင်နှင့်ဇနီး မသူဇာနွယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၁။ | ဦးတင်ထွဋ်နှင့်ဇနီး ဒေါ်အောင်ကြည်စန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၂။ | ဦးဝေဇင်ထွန်းနှင့်ဇနီး ဒေါ်မီမီစိုး၊ (သမီး)မပိုင်မီမီဝေ၊ မတင့်နဒီထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၃။ | ဦးလှမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၄။ | ကိုမောင်ဦးနှင့်ဇနီး မမီးငယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၅။ | ဦးအောင်နိုင်နှင့်ဇနီး ဒေါ်ဖြူဖြူခင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၆။ | ဒေါ်အိအိဖြိုးဆွေမွေးနေ့ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၇။ | ဦးညီလှငယ်ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၈။ | ကိုထက်ခိုင်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၉။ | ကွယ်လွန်သူဦးတင်ထွန်းအားရည်စူး၍ ဒေါ်ကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၂၀။ | ကွယ်လွန်သူဦးမြင့်လွင်အားရည်စူးပြီး မိခင်ဒေါ်ကြည်ကြည်ဦးအားအမှူးထား၍ ဦးအောင်သူဟိန်းနှင့်ဇနီး ဒေါ်သက်သက်ခိုင်၊ (သမီး)မခင်စန္ဒာထွန်း၊ (မြေး)မသင်းသီရိအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၂၁။ | ဦးပြည့်ဖြိုးပိုင်နှင့်ဇနီး ဒေါ်မွှေမွှေဝင်းမိသားစုကောင်းမှု | ၇၅၀၀၀ |
| ၁၀၃၂၂။ | ဦးဝင်းမြင့်ဦးနှင့်ဇနီး ဒေါ်တင်တင်ဝင်းမိသားစုကောင်းမှု | ၇၀၀၀၀ |
| ၁၀၃၂၃။ | ဦးသန်းထွန်းနှင့်ဇနီး ဒေါ်မြင့်ဝေ မိသားစုကောင်းမှု | ၆၅၀၀၀ |
| ၁၀၃၂၄။ | ဦးဝင်းမောင်နှင့်ဇနီး ဒေါ်နန်းလိတ်လိတ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၂၅။ | ဒေါ်ဇာကြည်ကျော်ကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၂၆။ | ဦးကောင်းဇေယျနှင့်ဇနီး ဒေါက်တာကေခိုင်စုသွယ်၊ (သမီး)မမေမြင့်မိုရ်ကောင်း၊ (သား)မောင်နေဘုန်းဇေယျ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၂၇။ | ဦးကျော်ရဲထွန်းနှင့်ဇနီး ဒေါ်သက်သက်ဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၂၈။ | ဦးမြင့်စိုးနှင့်ဇနီး ဒေါ်ခင်ကြူ၊ (သား)မောင်စိုးလှိုင်မြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၂၉။ | ဦးတင်အောင်နှင့်ဇနီး ဒေါ်ကြူလှ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၀။ | ကိုသိန်းထွန်းနှင့်ဇနီး မဇာဇာစန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၁။ | ဦးစန်းယုဝင်းနှင့်ဇနီး ဒေါ်ဆုရည်လှဲ မိသားစုကောင်းမှု | ၅၀၀၀၀ |

| စဉ် | အမည် | နဝကမ္မ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၃၃၂။ | ဦးစန်းအောင်နှင့်ဇနီး ဒေါ်စီဌေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၃။ | ဒေါ်လှလှ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၄။ | ဦးအောင်မြင့်လွင်နှင့်ဇနီး ဒေါ်ဇင်မောင်ဖေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၅။ | ဦးကြင်မောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၆။ | ဒေါ်မြလေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၇။ | ဦးစိုးမြင့်နှင့်ဇနီး ဒေါ်ခင်စောချူးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၈။ | ကိုစိုးမြင့်လေးနှင့်ဇနီး မရည်ရည်လီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၉။ | ဒုတိယအရာခံဗိုလ်ညွန့်ဝေနှင့်ဇနီးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၀။ | ကိုအောင်သူနှင့်ဇနီး မယွန်းရွှေရည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၁။ | ဦးထွန်းအောင်ကျော်နှင့်ဇနီး ဒေါ်သက်သက်ထွန်း၊ (သား)မောင်ရဲရင့်ဘုန်းမြတ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၂။ | ဦးမင်းဇော်နှင့်ဇနီး ဒေါ်ရင်ရင်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၃။ | ဦးအေးငွေနှင့်ဇနီး ဒေါ်မိမိ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၄။ | ကိုမျိုးသီဟဇော်နှင့်ဇနီး ဒေါ်မေမြတ်နိုးလင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၅။ | ကိုလင်းဇော်လင်းနှင့်ဇနီး မအိမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၆။ | ကိုကောင်းထက်စံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၇။ | ဦးမင်းထွဋ်နှင့်ဇနီး ဒေါ်စန္ဒာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၈။ | ဦးဝင်းဆွေနှင့်ဇနီး ဒေါ်နန်းနှင်းဆီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၉။ | ဦးမောင်စိန်နှင့်ဇနီး ဒေါ်လှဲ့လှဲ့စိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၅၀။ | ဦးရဲဝင်းထွန်းနှင့်ဇနီး ဒေါ်ထားထားကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၅၁။ | ဦးစောနိုင်နှင့်ဇနီး ဒေါ်သန်းသန်းအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၅၂။ | ဒေါ်တင်ကြွေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၅၃။ | ကွယ်လွန်သူဦးကျော်ပိုင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၅၄။ | ကွယ်လွန်သူဒေါ်ခင်မြင့်အား ရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဦးကြည်မင်းဟန်** **၀၉-၆၇၀၇၅၈၈၄၇**

(ခ) **ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၆**


### အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့၊ ရွှေပြည်စိုးစံ ကိုယ်ပိုင်အထက်တန်းကျောင်း G-12 မှ မရှိုင်းရားဖိုင်း ၏ အမည်မှန်မှာ မရှိုင်းယားဖိုင်း ၅/လရန(နိုင်)၀၁၄၄၂၆ ဖြစ်ပါကြောင်း။

**မရှိုင်းယားဖိုင်း**

### ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ ချောင်းမကြီးအုပ်စု၊ ညောင်ပင်တဲကျေးရွာ (အထက-ခွဲ) ကျောင်း G-8 မှ မောင်ကျော်မင်းလတ်၏ ဖခင်အမည်မှန်မှာ ဦးသိန်းဇော်နိုင် ၉/ပဘန(နိုင်)၂၈၅၆၈၃ ဖြစ်ပါကြောင်း။

### အမည်ပြောင်း

လှည်းကူးမြို့နယ်၊ အင်းတိုင်စံပြကျေးရွာ၊ ဇေယျာမြင့်(၁)လမ်း၊ ဇေ ၃၃ နေ ဦးရဲထွန်းဖြူ ၁၂/ဗတထ(နိုင်)၀၀၀၅၈၅ ၏သား အမက (အင်းတိုင်-၂) G-5မှ မောင်ဟန်နီကျော်အား မောင်ထက်ဝေလင်း ဟု ပြောင်းလဲခေါ်ပါရန်။

### မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့နယ်၊ အင်တောကြီးအုပ်စု၊ သာယာကုန်းကျေးရွာနေ ဦးအောင်သိန်း၏ သား ဦးကျော်ဆန်း ၉/ရမသ(နိုင်)၀၂၈၂၀၂၏ မွေးသက္ကရာဇ်မှာ ၂၁-၈-၁၉၆၄ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ ရန်နိုင်(အထက-ခွဲ) G -11မှ မရွှေစင်လင်း၊ G-10 မှ မကြည်ဖြူလင်း တို့၏ ဖခင်အမည်မှန်မှာ ဦးတူး ၉/မလန(နိုင်) ၁၂၅၅၂၉ ဖြစ်ပါကြောင်း။

**ဦးတူး**

**၉/မလန(နိုင်)၁၂၅၅၂၉**

### ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ မူလွန်(ဝဲကြီး) ကျောင်း G-2 မှ မပိုးအိရတီဇော်နှင့် KG တန်းမှ မစစ်ယွန်းရတီတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းဝင်း ၇/ အတန(နိုင်) ၁၂၃၉၂၈ ဖြစ်ပါကြောင်း။

**ဦးအောင်ဆန်းဝင်း**

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## မှတ်ပုံတင်ပိုးသတ်ဆေး လွှဲပြောင်းဖြန့်ဖြူးခြင်း

ပြည်ပထုတ်လုပ်သူ **Bayer AG** မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ပါပေါင်းသတ်ဆေးအား ပြည်တွင်းမူလ ဖြန့်ချိသူ **Wi Sar Ra International Co.,Ltd** မှ **Charoen Pokphand Produce Myanmar Co.,Ltd** သို့ ပြောင်းလဲဖြန့်ဖြူးသွားမည်ဖြစ်ပါသည်။ ထိုပြောင်းလဲခြင်းကိုကန့်ကွက်လိုပါကတွဲဖက်အတွင်းရေးမှူး၊မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| Trade Name | A.I | Reg.Type | Reg. No. |
|---|---|---|---|
| Laudis 420 SC | Tembotrione 420g/l SC | Provisional | P2020–3354 |

Bayer Thai Co.,Ltd.(Myanmar Branch)–PH:01–8382710(Ext.40110)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ်(၂၀၉၂) ဟုခေါ်တွင်သာ မြေအလျားXအနံ(၄၀X၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလ အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်မာအေး(၉/ညဥန(နိုင်)၁၅၉၂၇၄)ထံမှ အရောင်းအဝယ် စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ချာမာလီ(၁/ပတအ(နိုင်)၀၂၆၁၄၇)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သည့် ဒေါ်သွင်သွင်လှ(၁၂/ပဘတ(နိုင်)၀၀၉၈၃၉)နှင့် ဦးရဲဝင့်သူ(၁၂/ပဘတ(နိုင်)၀၃၁၅၉၀) တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ–**

**ဦးဝင်းသူရဇော် (LL.B)** အထက်တန်းရှေ့နေ(စဉ်–၄၂၀၆၆)
**ဒေါ်ယမင်းထွေး (LL.B)** တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၆၅)
**ဦးရဲသီဟ (LL.B)** အထက်တန်းရှေ့နေ(စဉ်–၅၆၃၆၆)

အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း–၀၉–၇၇၂၇၇၇၇၁၂၊ ၀၉–၄၅၆၉၉၆၇၇၆၊ ၀၉–၉၇၃၀၀၂၁၁၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ မောင်းမကန်သာလမ်း၊ မြေကွက်အမှတ်(၅၈၀/က)ဟုခေါ်တွင်သော မြေအလျားXအနံ(၂၀X၆၀)ပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသန်းထွဋ်အောင်(၁၂/သဃက(နိုင်)၀၀၄၅၂၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသန်းထိုက်(၁၀/ကမရ(နိုင်)၀၅၈၃၆၇)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဝင်းသူရဇော် (LL.B)** အထက်တန်းရှေ့နေ(စဉ်–၄၂၀၆၆)
**ဒေါ်ယမင်းထွေး (LL.B)** တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၆၅)
**ဦးရဲသီဟ (LL.B)** အထက်တန်းရှေ့နေ(စဉ်–၅၆၃၆၆)

အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း–၀၉– ၇၇၂၇၇၇၇၁၂၊ ၀၉–၄၅၆၉၉၆၇၇၆၊ ၀၉–၉၇၃၀၀၂၁၁၇

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 83W/45398, LUOJIA–110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်သူဇာအောင် ၁၄/မအန (နိုင်) ၂၆၆၈၈၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးဝင်းသက်၏သမီး မစန္ဒာဝင်း ၇/ပခန (ပြု) ၀၀၃၁၂၅၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၉၁၇၉၉၄၂၂**

## အမည်ပြောင်း

ဦးနှင်းမောင်၏သားဖြစ်သူ မြိတ်မြို့၊ အမက (မြစ်ငယ်)၊ Grade–4မှ မောင်ဥက္ကာမောင်အား ယနေ့မှစ၍ မောင်အောင်ကိုကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အောင်ကိုကို**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ တတိယထပ်၊ အမှတ်(၃၄)နေ ကျွန်တော် ဦးဝင်းဗိုလ် (ဘ) ဦးသန်းရီ ၁၂/ကတတ(နိုင်)၀၀၂၉၉၄မှ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အင်းယားကျေးရွာအုပ်စု၊ အင်းယားကျေးရွာ အသံလွှင့်ရုံလမ်း၊ ကွင်းအမှတ်(ပြင်)၊ ကွင်းအမည်(အင်းယား)၊ မြေဧရိယာ(၁.၅၀)ဧကရှိမြေနှင့် ကွင်းအမှတ်(၇၈၉/က)၊ အကွက်အမှတ်(၁၂၃)နှင့် အကွက်အမှတ်(၁၂၁)စုစုပေါင်းခန့်မှန်းမြေဧရိယာ(၁.၅၀)ဧကရှိမြေတို့မှာ ကျွန်တော် ဦးဝင်းဗိုလ်၏ လက်ရှိဖြစ်သော (လက်ဝယ်ရှိသော)မြေဖြစ်ပါသည်။ အဆိုပါမြေကွက်တို့အား ကျွန်တော် ဦးဝင်းဗိုလ်ထံသို့ ဝယ်ယူသူ ဦးဗညားအောင်မှ (၂၅.၇.၂၀၂၅)ရက်စွဲပါ "နှစ်ဦးသဘောတူ ခြံ၊ မြေ အရောင်းအဝယ် စရန်ပေးကတိစာချုပ်" ဖြင့် အပြီးအပိုင် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသည့်အလျောက် ရောင်းကြေးငွေအပေါ် စရန်ငွေများပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်အဆိုပါ မြေယာအကျိုးခံစားခွင့်များနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာစာပါသည့်ရက်မှအစပြု၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းဗိုလ် ၁၂/ကတတ(နိုင်)၀၀၂၉၉၄**
**အမှတ်(၃၄)၊တတိယထပ်၊ ဘုရင့်နောင်လမ်း၊ (၄)ရပ်ကွက်၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/89144, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလင်း ၉/ညဥန (နိုင်)၁၂၀၃၄၈က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြ ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌**
**၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်–၆၁**

ဒေါ်သင်းသင်းယု **(တရားလို)** **နှင့်** ဦးမောင်မောင်သန်း **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ အမှတ်(၆၅၈/ခ)၊ မေခါဝီလမ်းတွင် နေထိုင်သည့် တရားပြိုင် ဦးမောင်မောင်သန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သင်းသင်းယုက မြေနှင့်နေအိမ် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၁၉ရက် (၁၃၈၇ခုနှစ်၊ ဝါခေါင်လဆုတ် ၁၁ရက်) နံနက် ၁၀ နာရီတွင် အထက်အမည်ပါသူသည် တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်၏မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဆုမြတ်သဇင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၃)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

HAYMAN CAPITAL CO., LTD.သည် ယခင် BOD (၄)ဦးဖြင့် လုပ်ငန်းဆောင်ရွက်ခွင့် ရရှိခဲ့ပြီး ယခုအခါ BOD (၃) ဦးဖြစ်သော Mr. HUGO WILLEM MINDERHOUD, Mr. SULTAN MARENOV, Ms. THETA AYE တို့မှာ ၎င်းတို့၏ သဘောဆန္ဒအရ BOD အဖွဲ့မှ နှုတ်ထွက်ခွင့်တင်ပြလာပါသဖြင့် အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် နှုတ်ထွက်ခွင့်ပြုပြီး ဖြစ်ပါသဖြင့် ယခုအခါ BOD (၁)ဦးဖြစ်သော Mr. DAVID BRIAN WALKER ဖြင့် လုပ်ငန်းများ ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**HAYMAN CAPITAL CO., LTD,**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၃၇၂၄၉ ယာဉ်လက်ဝယ်ရှိသူ ဦးလှဝင်းထိုက် ၁၀/သထန(နိုင်)၂၆၃၂၀၂က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၅ဟ/၄၃၁၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇူလိုင်ထွန်း ၁၀/သတန(နိုင်)၁၅၁၅၄၂က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မော်လမြိုင်ကျွန်းမြို့နယ်၊ မြေနုကျွန်းများတွင် သောင်တိုးမြေချထားမှု အကွက်အမှတ်၃၄၅၊ ဧရိယာ(၄၀'X၆၀')ရှိ ရှေးဦးမြေပေးမိန့်အား ဗိုလ်မှူးမြင့်ဝေ (ကြည်း–၁၉၅၉၅) အမှတ်(၁)စစ်သားစုဆောင်းရေးတပ် အမည်ဖြင့် ခွင့်ပြုချထားပေးခဲ့ပါသည်။ မြေပေးမိန့်မူရင်းမှာ ပျောက်ဆုံးသွားပါ၍ မိတ္တူမှန်ကူးယူခွင့်ပြုပါရန် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် အထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)အတွင်း မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မှု မရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြော်ငြာအပ်ပါသည်။

**ဦးမြင့်ဝေ ၁၀/မဒန(နိုင်)၀၀၉၂၂၃၊**
**ထားဝယ်မြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ငူမြို့နယ်၊အထက(လေးမိုင်) G–12မှ နန်းမြတ်စုဝေ၊ ကျောင်းဝင်အမှတ်(၀၄၉၃/၂၂)၏ ဖခင်အမည် ဦးထွန်းလင်းနှင့် ဦးတင်ထွန်းလင်း ၇/တငန(နိုင်)၁၁၅၅၄၇သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထွန်းလင်း(ခ)ဦးတင်ထွန်းလင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုမြို့၊ အထက (၁)တွင် ၂၀၁၉–၂၀၂၀ နဝမတန်း(A)တွင် ပညာသင်ကြားခဲ့သော မရွှေရည်လင်း၏ ဖခင်အမည်မှာ ဦးတင်စိုး(ခ)ဦးစိုး ၅/ခဥန (နိုင်) ၀၆၅၂၇၇ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးတင်စိုး(ခ)ဦးစိုး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း–၂၊ မြေကွက်အမှတ်(၃၀၃၁)၊ ဧရိယာ(၀ဒသမ ၁၁၀) ဧကရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဒေါ်ရန်ရှောက်လင် ၁၃/လကန(နိုင်)၀၀၂၇၆၁မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးမျိုးမင်းထွန်း ၁၃/ညရန (နိုင်)၀၅၄၉၅၇နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း–၂ ၊ မြေကွက်အမှတ်(၃၀၃၀)၊ ဧရိယာ(၀ဒသမ ၁၁၀ ) ဧကရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဒေါ်ရန်ရှောက်လင် ၁၃/လကန(နိုင်)၀၀၂၇၆၁ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးမျိုးမင်းထွန်း ၁၃/ညရန (နိုင်)၀၅၄၉၅၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်(၂)ရပ်ကွက်၊ မြေတိုင်းအမှတ်(၉)၊ မြေကွက်အမှတ်(၅၃)၊ မြေဧရိယာ (၀ဒသမ ၀၆၂) ဧကရှိ မြေအား ဦးအောင်ထွေးမှ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤ ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊**
**ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ မြို့တွင်းကြီးရပ်ကွက်၊ မြေတိုင်းအမှတ်(၁၇–အေ)၊ မြေကွက်အမှတ်(၅၃(ခ)[၁])၊ မြေဧရိယာ (၀ဒသမ ၁၀၅) ဧကရှိ မြေအား ဒေါ်ငြိမ်းမိုမိုမှ အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက အမည်ပြောင်း သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဝေါမြို့နယ်၊ လေးအိမ်စုကျေးရွာအုပ်စု၊ လေးအိမ်စုကျေးရွာ၊ ကွင်းအမှတ်(၇၃၈)၊ သံမှိန်ကုန်းအနောက်ကွင်း၊ ဦးပိုင်အမှတ်(၁၆/၇၊ ၁၇/၈)၊ မြေဧရိယာ(၄.၅၄)ဧကရှိမြေကိုပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ သနပ်ပင်လမ်းနေ ဒေါ်ကျင်သီ အမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန် ချထားပေးနိုင်ပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဝေါမြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက စက်မှု/စီးပွား မြေငှားဂရန်လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဝေါမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ ကွင်းအမှတ်(၇၀၄)၊ ကွင်းချောင်းမြောက်ကွင်း၊ ဦးပိုင်အမှတ် (A–၇၁[က])၊ မြေဧရိယာ (၀.၀၇၁)ဧကရှိမြေကို ဝေါမြို့၊ ကန်တော်ရပ်ကွက်၊ ဘူတာလမ်းနေ ဦးထက်အောင်ရှိုင်း အမည်ဖြင့် မြေငှားဂရန် (ခွဲစိတ်အမည်ပြောင်း) ချထားပေးနိုင်ပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန် (ခွဲစိတ် အမည်ပြောင်း) လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝေါမြို့နယ်အထွေထွေ အုပ်ချုပ်ရေး**
**ဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/90588, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်တင်ဝင်း ၇/နတလ (နိုင်)၁၁၆၁၆၄က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြ ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 10W/14951, Suzuki Smash 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်ထွန်း ၇/ပမန (နိုင်)၀၀၀၆၆၁က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၂၅၃၂၃, Honda Click–125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီသီအောင် ၉/မတရ(နိုင်)၁၈၀၈၁၉က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၉၆၀၃၄, Honda Wave–125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသီစိုး ၆/တသရ (နိုင်)၀၄၁၉၈၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀)ရက်အတွင်း အောက်ဖော်ပြပါရှိသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၃၆၉၃၂, Honda Wave –110 , M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းထွေး ၆/မအရ(နိုင်)၀၈၆၄၆၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနမှ ကော်မတီလုပ်ငန်းများတွင် အသုံးပြုရန် ဒီဇယ်ဆီ(၂၄၆၀၈)ဂါလန်နှင့် ပရီမီယမ်ဒီဇယ်ဆီ(၂၇၃၇၂)ဂါလန် ဝယ်ယူရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည် ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၂-၈-၂၀၂၅ ရက်

(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၄-၈-၂၀၂၅ ရက်

(ဂ) **လျှောက်လွှာရောင်းချမည့်နေရာ** - ၆၂လမ်း၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန

(ဃ) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်ရက် - ၂၀-၈-၂၀၂၅ ရက်

(င) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေရာ - ၂၆ လမ်း၊ ၇၁x၇၂ လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(စ) တင်ဒါပုံစံဈေးနှုန်းများမှာ - ဒီဇယ်ဆီ ကျပ် ၁၀၀၀၀/- ပရီမီယမ် ကျပ် ၁၀၀၀၀/- ဒီဇယ်ဆီ

၂။ စက်သုံးဆီသွင်းကုန်လိုင်စင်(Fuel Import License)တင်ပြနိုင်သော ကုမ္ပဏီဖြစ်ရမည်။

၃။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများအားလုံးကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်ရုံနှင့်မော်တော်ယာဉ်ဌာန ဖုန်းနံပါတ် ၀၂-၄၀၈၀၁၅၇၊ ၀၂- ၄၀၈၁၃၁၆၊ ၀၉-၄၄၄၀၁၅၀၇၁ သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃၄/အောင်ချမ်းသာ(ခ))၊ ဦးပိုင်အမှတ်(၂၆)၊ ဧရိယာ (၀ဒသမ၁၁၃)ဧကရှိ မြေအား ဦးကိုကိုချစ်၊ ဒေါ်သန်းသန်းအေးမှ မြေငှားစာချုပ်(အမည်ပြောင်း) လျှောက်ထားလာခြင်းဖြစ်ပါသည်။အဆိုပါ မြေကွက်သည် မြို့မြေအမှုတွဲအမှတ် ၆၁၀/၁၉ ၉၇ အရ ဒေါ်တင်တင် အမည်ဖြင့် (၂၇-၁၀-၁၉၉၇ မှ ၂၆-၁၀-၂၀၂၇ ထိ)နှစ် (၃၀) မြေငှားဂရန် ရရှိထားသော မြေဖြစ်ပြီး အဆိုပါမြေအား ဦးကိုကိုချစ်၊ ဒေါ်သန်းသန်းအေး အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့် ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာ ကြော်ငြာသည့် (၃၁-၇-၂၀၂၅)ရက် မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေ နှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၅)ရပ်ကွက်၊ အမှတ်(၁၆၃)၊ အကျယ်အဝန်း အလျား(၄၀)ပေxအနံ(၆၀)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးအာကာဖုန်းမောင်(၁၂/ဒဂတ (နိုင်) ၁၄၆၉၈၈)မှ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း နောက်ဆုံးထားပြီး စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးရဲဝင့်နောင်(LL.B)၊**
**အထက်တန်းရှေ့နေ(စဉ်- ၄၁၀၂၇)**
**အမှတ်-၁၇၁၊ အမက(၇)ကျောင်းလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၅၀၇၁၄၃၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/တောင်)၊ မြေကွက်အမှတ်(၅၃၀/ခ)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၅၃၀/ခ)၊ မြင်တော်သာလမ်း၊ (၄/တောင်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်မ ဒေါ်ခင်သိန်းမှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပြီး မိမိသည် အဆိုပါမြေကွက်နေအိမ်အား မိမိ၏ သမီးအလတ်ဖြစ်သူ ဒေါ်သီတာလွင် ၁၂/သကတ(နိုင်) ၀၄၂၇၃၄ထံသို့ အဖိုးစားနား တစ်ပြားတစ်ချပ်မှ ရယူခြင်းမပြုဘဲမေတ္တာဖြင့် အပြီးအပိုင် ပေးကမ်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများယူဆောင်၍ မိမိထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သိန်း ၁၂/သကတ(နိုင်) ၀၇၄၈၆၆**
**အမှတ်(၅၃၀/ခ)၊ မြင်တော်သာလမ်း၊ (၄/တောင်ရပ်ကွက်)၊ သာကေတမြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅/ကြည်စု)၊ မြေကွက်အမှတ်(၁၈၆)၊ အကျယ်အဝန်း (၂၄ x ၅၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်သက်သက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၈၆)၊ ဇေယျာသိဒ္ဓိလမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဟုခေါ်တွင်သော မြေကွက်သက်သက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်တော် ဦးမျိုးကျော်အောင်မှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပြီး မိမိသည်အဆိုပါမြေကွက်သက်သက်အား မိမိ၏ ဇနီးဖြစ်သူ ဒေါ်တင်နီလာမြင့် (၁၂/ခရန(နိုင်)၀၉၈၉၀၂) ထံသို့ အဖိုးစားနားတစ်ပြားတစ်ချပ်မှရယူခြင်းမပြုဘဲ မေတ္တာဖြင့် အပြီးအပိုင် ပေးကမ်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ မိမိထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးကျော်အောင် (၅/မရန(နိုင်)၁၇၇၉၅၅)**
**အမှတ်(၈၅/ခ)၊ မင်္ဂလာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်။**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့်၅)
### မုံရွာခရိုင်တရားရုံးတော်
### ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄

ဦးထွန်းအေး နှင့် ၁။ ဒေါ်ခင်စန်းဝင်း
၂။ ဒေါ်ခင်မျိုးဝေ
၃။ ဒေါ်ဟန်ရွှေ
၄။ ဒေါ်ဝါရွှေ

**တရားလို** **တရားပြိုင်များ**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ကျောက်စစ်ပုံ(တောင်)ရွာရပ်နေ ၁။ ဒေါ်ခင်စန်းဝင်း(ဘ)ဦးတင်လှ ၂။ ဒေါ်ခင်မျိုးဝေ (ဘ) ဦးတင်လှ ၃။ ဒေါ် ဟန်ရွှေ (ဘ)ဦးတင်လှ ၄။ ဒေါ်ဝါရွှေ (ဘ)ဦးတင်လှ (လိပ်စာတူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးထွန်းအေးက အမွေပုံစီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၁၈ရက် (၁၃၈၇ခုနှစ်၊ ဝါခေါင်လဆုတ် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင် သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်နီလာထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မုံရွာခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဝါဦး (၁) လမ်း၊ အမှတ် (၁၃/က)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော RC(၅)ထပ်တိုက်၊ ရင်ကွဲအဆောက်အအုံအား မြေပိုင်ရှင်များဖြစ်သူ ဦးကျော်ကျော်ကြီး၊ ဦးကျော်ကျော်လေး၊ ဒေါ်ကေသီမြင့်၊ ဒေါ်စန္ဒာထွန်းတို့မှ ကန်ထရိုက်တာ ဦးဟိန်းကိုသက်နှင့် အခန်းပေးအခန်းယူစနစ်ဖြင့် ကန်ထရိုက်တိုက် ဆောက်လုပ်ခဲ့ကြပါသည်။

ယခုအခါ အထက်အပိုဒ်ဖော်ပြပါ RC(၅)ထပ်တိုက်၏ ပထမထပ်ရှိ အခန်းအမှတ် (B-1)၊ တတိယထပ်ရှိ အခန်းအမှတ် (B-3)၊ စတုတ္ထထပ်ရှိ အခန်းအမှတ် (A-4)တိုက်ခန်းများအား တိုက်ခန်းဆောက်လုပ် ပြီးစီးသည့်အချိန်မှစ၍ ယနေ့အချိန်ထိ မည်သူတစ်ဦးတစ်ယောက်ကမျှ လာရောက်နေထိုင်ခြင်း၊ သော့ပိတ်လက်ရှိထားခြင်းများမရှိပါသဖြင့် မြေပိုင်ရှင်များအနေဖြင့် ယင်းတိုက်ခန်းများအား မသမာသူများရန်မှ ကာကွယ်နိုင်ရန် အတွက် သော့ပိတ်ထားခြင်းအပါအဝင် လက်ဝယ်ထားရှိထိန်းသိမ်းထားရန် လိုအပ်လျက်ရှိနေပါသဖြင့် ဆိုင်ရေးဆိုင်ခွင့်၊ ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိုက်ခန်းပိုင်ဆိုင်မှု အထောက်အထားများအဖြစ် မြေပိုင်ရှင်များထံ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးကျော်ကျော်လေး၊ ဒေါ်သီတာအေး၊ ဒေါ်ကေသီမြင့်၊ ဒေါ်အိမ့်မီမီကိုတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလွင်ကိုကိုဦး(စဉ်- ၁၂၁၆၂)** **ဒေါ်သင်းသင်းဟန် (စဉ်-၁၁၉၈၆)**
**(တရားလွှတ်တော်ရှေ့နေ)** **(တရားလွှတ်တော်ရှေ့နေ)**
**ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၀၆၅၃၂၁၈၊ ၀၉-၄၂၁၁၀၃၄၅၄**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရွှေတောင်မြို့နယ်၊ ကျီးသဲအုပ်စု၊ လိပ္ပတ်ကုန်းရွာနေ ဦးစန်းမြင့်-ဒေါ်တင်သန်းတို့၏သား မောင်ဇော်မင်းသိန်း ၇/ရတန(နိုင်) ၁၁၀၃၀၇သည် မိဘညီအစ်ကို မောင်နှမများ၏ ပြောဆိုဆုံးမမှုကို မခံယူဘဲ မိမိထင်ရာကို လုပ်ဆောင်ခြင်းကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဒေါ်တင်သန်း ၇/ရတန(နိုင်) ၀၃၁၄၈၅**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 80W/96184, LUOJIA-110 ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူထက် ၁၄/ဟသတ(နိုင်) ၃၇၇၂၄၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/93471 , LUOJIA- 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိမ့်သိမ့်သူ ၁၄/ဟသတ(နိုင်)၂၆၈၂၃၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/75263 , Honda Dream -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်ဦး ၈/တတက(နိုင်)၀၁၁၈၃၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အ ထော က် အ ထား များ ဖြ င့် ကြော်ငြာပါသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/37371, Honda Wave-110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေသဥ္ဇာဦး ၁၄/မအန(နိုင်)၁၉၇၆၇၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အ ထော က် အ ထား များ ဖြ င့် ကြော်ငြာပါသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်(၇)ရပ်ကွက်၊ မြေတိုင်းအမှတ်(၂)၊ မြေကွက်အမှတ်(၃၂၃)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိမြေအား ဒေါ်ရှုလျှင်မှ သက်တမ်းတိုးခွဲစိတ်အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဒေါ်ရှုလျှင် မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ဖခင်အမည်မှန်

မြောင်းမြမြို့နယ်၊ ရှမ်းရေကျော်(အထက-ခွဲ)၊ Grade-12၊ (STAMS-1)မှ ကျောင်းဝင်အမှတ်(၃၂၃)၊ မောင်အောင်သူရထွန်း ၏ ဖခင်အမည်မှန်မှာ ဦးသန်းနိုင် ၁၄/မမန(နိုင်)၂၁၀၉၉၆ ဖြစ်ပါကြောင်း။

**ဦးသန်းနိုင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၈)၊ စွယ်တော်လမ်း၊ မြေကွက်အမှတ်(၇၉)ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀ပေ x ၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ဦးကိုကြီး (CHK-၀၉၄၀ ၆၄)အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်အား အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဝေဝေမြင့် ၁၂/ဥကတ(နိုင်) ၁၄၇၄၉၄မှ မိမိတစ်ဦးတည်းသာပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အုံးလှိုင် ၁၂/ဥကတ(နိုင်) ၁၂၃၈၉၅မှ ဝယ်ယူရန် အတွက် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်နေ့ရက်ကျော်လွန်သည် အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်စိုးသီတာအေး LL.B,WIPO(Swtizerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၇၄၅)**
**အမှတ်(၉)၊ စက်မှုလယ်ယာ(၁)လမ်း၊ (၁၃)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၄၆၇၇၇၁၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ မြေကွက်အမှတ်(၃၃၃)ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ဦးကျော်ရင်(ISN-၂၂၉၆၅၆)အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်အား အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းကျော်ကျော်ဗိုလ် (၁၂/ဒဂရ(နိုင်)၀၁၀၉၅၁)မှ မိမိတစ်ဦးတည်းသာပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်အောင် (၉/ရမသ(နိုင်)၀၀၃၃၂၂)မှ ဝယ်ယူရန်အတွက် စရန်ငွေကိုပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်စိုးသီတာအေး LL.B,WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၇၄၅)**
**အမှတ်(၉)၊ စက်မှုလယ်ယာ(၁)လမ်း၊(၁၃)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၄၆၇၇၇၁၆**

## IIP INTERNATIONAL SCHOOL၏ တာဝန်ရှိသူများအပေါ် အနူးအညွတ်တောင်းပန်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သုဝဏ္ဏ၊ ရန်ကုန်သစ်ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၂၀/ဘီ)တွင်နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြမြဇင်(၁၂/သဃက(နိုင်)၁၈၆၉၆၃) သည် IIP INTERNATIONAL SCHOOL မှ တရားဝင်ဖွင့်လှစ်ထားခြင်း၊ တရားဝင်ခွင့်ပြုထားခြင်းမဟုတ်သော IIP Parents & Students Group Facebook စာမျက်နှာ၏ Group Admin အဖြစ် ၂၀၂၃ ခုနှစ်မှစ၍ ယနေ့အချိန်ထိ ဝင်ရောက်အသုံးပြုခဲ့ပါသည်။ ထိုကဲ့သို့ ဝင်ရောက်အသုံးပြုနေသော်လည်း ကျောင်း၏အမည်နာမသုံးစွဲခွင့်၊ စီမံအုပ်ချုပ်ပိုင်ခွင့် စသည်တို့နှင့်ပတ်သက်ပြီး IIP INTERNATIONAL SCHOOLမှ တာဝန်ရှိသူများအားဆက်သွယ်ခြင်း၊ ခွင့်ပြုချက်တောင်းခံခြင်းများ လုံးဝမရှိခဲ့ပါ။ ထို့အပြင် ကျွန်ုပ်၏မိတ်ဆွေသည် IIP INTERNATIONAL SCHOOL နှင့် လုံးဝ(လုံးဝ) သက်ဆိုင်မှုမရှိသော ပြင်ပပုဂ္ဂိုလ်တစ်ဦးသာဖြစ်ပါသည်။ သို့ပါသော်လည်း IIP INTERNATIONAL SCHOOL မှ ဖွင့်လှစ်ထားခြင်း၊ ခွင့်ပြုထားခြင်း၊ အလျဉ်းမရှိသော IIP Parents & Students Groupတွင် Group Adminတစ်ဦးအနေဖြင့် Group Member အသစ်များလက်ခံရာတွင် ကျောင်းသား/သူများ၏ မိဘ၊ ကျောင်းသား/သူများ အုပ်ထိန်းသူများအဖြစ် မှန်ကန်မှုရှိခြင်း၊ မရှိခြင်းအား စိစစ်ခြင်း အလျဉ်းမရှိဘဲ လက်ခံခဲ့ခြင်း၊ ထိုကဲ့သို့စိစစ်မှုမပြုနိုင်သော MEMBERS များမှ(Profile)ဖော်၍ဖြစ်စေ၊ (Profile)မဖော်ဘဲ အမည်မသိ (Anonymous Participants) အနေဖြင့်ဖြစ်စေ ရေးသားလာသောပို့စ်များ၊ Comments များအား စိစစ်ခြင်းမရှိဘဲ အတည်ပြု(Approved) ပေးခဲ့မိပါသည်။ ထိုကဲ့သို့ ကျောင်းသားမိဘမဟုတ်ဘဲ အသွင်ယူထားသည့် Members အချို့၏တစ်ဖက်သတ်ပို့စ်များ၊ ရိုင်းစိုင်းသော Comments များစွာ ရေးသားတိုက်ခိုက်ခြင်းများရှိသော ပို့စ်များစွာကို အတည်ပြုခဲ့မိခြင်းကြောင့် ကျောင်းတွင်တက်ရောက်နေသော ကျောင်းသား/ သူများ၏ မိဘများအကြား၊ တာဝန်ထမ်းဆောင်နေသော ဌာနအသီးသီးမှ ဝန်ထမ်းများအကြားတွင်များစွာ သက်ရောက်မှုရှိခဲ့ပြီး ကျောင်း၏နာမည်ကောင်း ဂုဏ်သတင်းညှိုးနွမ်းထိခိုက်မှုများ ဖြစ်ပေါ်စေခဲ့ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မြမြဇင်သည် IIP INTERNATIONAL SCHOOL၏ ကျောင်းတွင်းစီမံခန့်ခွဲမှုများ၊ မူဝါဒများ၊ ဆောင်ရွက်ချက်များ စသည့် အခြေအနေများအား စိုးစဉ်မျှသိရှိထားခြင်းမရှိဘဲ ယခုကဲ့သို့ ကျောင်း၏လုပ်ဆောင်ချက်များအား IIP Parents & Students Group မှတစ်ဆင့် ဝင်ရောက်စွက်ဖက်ဆောင်ရွက်မိခြင်းကြောင့် IIP INTERNATIONAL SCHOOL၏ဂုဏ်သတင်းများ ထိခိုက်နစ်နာခြင်း၊ကျောင်းတွင်းဆောင်ရွက်ချက်များအား ထိခိုက်နှောင့်နှေးမှုများစွာ ဖြစ်ပေါ်ခဲ့သည့်အတွက် ကျောင်း၏တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား/သူများနှင့် ၎င်းတို့၏ မိဘများအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြမြဇင်မှ စိတ်ရင်းဖြင့် အနူးအညွတ် တောင်းပန်အပ်ပါသည်။ ထို့အပြင် နောက်နောင်အခါတွင် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မြမြဇင်မှ အလားတူဖြစ်ရပ်များကို ထပ်မံလုပ်ဆောင်ခြင်းပြုလုပ်တော့မည် မဟုတ်ပါကြောင်းနှင့် ယခုကိစ္စရပ်များတွင် ထိခိုက်နစ်နာမှုများခံစားခဲ့ရသည့် IIP INTERNATIONAL SCHOOLနှင့်တကွ ကျောင်းတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား/သူများအား ကတိပေးအပ်ပါသည်။

**ဒေါ်မြမြဇင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာကြည်မွန်(LL.B, D,I,L, WIPO)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၉၉)**
**အမှတ်(၂၃၂)၊ (၈)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။**
**ဖုန်း-09- 420187700**

## ဖခင်အမည်မှန်

အထက(၁) မအူပင် Grade-10မှ မောင်ကောင်းမြတ်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးမြတ်မင်းလှိုင် ၁၄/မအပ(နိုင်)၁၇၂၃၁၆ ဖြစ်ပါကြောင်း။

**ဦးမြတ်မင်းလှိုင်**

## ဖခင်တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၊ မုန်တောင်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ် ဒေါ်ချမ်းမြအေး ၈/မဘန(နိုင်)၀၆၅၉၈၈၏ ဖခင်ဦးစိုးဟန် (ခ)ဦးစိုးဟံ ၈/မဘန(နိုင်)၀၃၄၀၈၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ချမ်းမြအေး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၊ မုန်တောင်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းမှ ဒု-အလပြ ဒေါ်နှင်းနွဲ့ရည် (ခ) ဒေါ်နှင်းနွဲ့ရီ ၈/မဘန(နိုင်) ၀၆၅၉၇၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်နှင်းနွဲ့ရည်(ခ)ဒေါ်နှင်းနွဲ့ရီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ(၉)ရပ်ကွက်၊ မြေတိုင်း(၂၅)၊ မြေကွက်အမှတ်(၁၆)၊ မြေဧရိယာ(၀ဒသမ၀၅၅) ဧကရှိမြေအား ဗိုလ်ကြီးကျော်ကျော်စိုး မှ အသစ်မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ်၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အသစ်မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## လေလံလျှောက်လွှာခေါ်ယူခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ မြို့နယ်သမဝါယမအသင်းစုပိုင် အမှတ်(၄)ရပ်ကွက်(၁၃) လမ်းမတော် ရုံးမြေဧရိယာ(၀.၀၇၃)ဧကနှင့် အဆိုပါမြေပေါ်ရှိ(၁၂၄'X၂၂.၅'X၂၅.၆')ရှိ နှစ်ထပ်အဆောက်အအုံကို အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

**လေလံလျှောက်လွှာရောင်းချမည့်ရက်** - ၅-၈-၂၀၂၅ရက်မှ ၁၁-၈-၂၀၂၅ရက်အထိ

**လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက်** - ၁၁-၈-၂၀၂၅ရက် ညနေ (၁၆.၀၀)

**လေလံတင်ရောင်းချမည့်ရက်** - ၁၂-၈-၂၀၂၅ရက် နံနက် (၁၀:၀၀)နာရီ

**လေလံလျှောက်လွှာများ ရောင်းချမည့်နေရာနှင့် လေလံပွဲကျင်းပမည့်နေရာ** - မြို့နယ်သမဝါယမအသင်းစုရုံး အမှတ်(၄)ရပ်ကွက် (၁၃)လမ်းမတော်၊ ညောင်တုန်းမြို့

**ဆက်သွယ်ရမည့်ဖုန်းနံပတ်** - ၀၉-၇၈၇၄၆၁၁၆၉ ၀၉-၄၂၂၄၇၈၄၇၁ ၀၉-၇၇၂၂၃၀၁၈၂

**မြို့နယ်လေလံထုခွဲရောင်းချရေးအဖွဲ့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) နောင်ခဲတွင် လက်ထောက်မူလတန်းပြအဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါ်နန်းထွဦလာ၏ ဖခင်အမည်ဦးဟုန်နှင့် ဦးဟိန်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

သထုံမြို့နယ်၊ အထက(နောင်ကုလားရှမ်းရွာ) ကျောင်း Grade-10 မှ မချစ်စနိုးဦး၏ မိခင်အမည်မှန်မှာ ဒေါ်ယဉ်ယဉ်ထွန်း ၁၀/သထန(နိုင်) ၂၄၂၁၄၉ ဖြစ်ပါကြောင်း။

**ဒေါ်ယဉ်ယဉ်ထွန်း ၁၀/သထန(နိုင်) ၂၄၂၁၄၉**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ မူလွန်တောဘုတ်စုကျောင်းမှ အထွေထွေလုပ်သား ဒေါ်ချိုချိုစမ်းနှင့် ဒေါ်ချိုချိုစန်း ၇/သနပ(နိုင်)၀၀၀၆၇၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ချိုချိုစမ်း(ခ) ဒေါ်ချိုချိုစန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ငူခရိုင်၊ တောင်ငူမြို့၊ ရပ်ကွက် ၂၀/၁၃၀(ကျုံရိုးတန်းလမ်း)နေ နော်ခရီစဲလ်ဒါ ၇/တငန(နိုင်) ၀၁၀၅၁၆၏ ဖခင်အမည်မှန်မှာ ဦးစောဖိုးဘလယ်(ခ)စောဖိုးဘလယ်(ခ)ဦးဖိုးဘလယ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစောဖိုးဘလယ်(ခ) စောဖိုးဘလယ်(ခ)ဦးဖိုးဘလယ်**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဂ)၊ မြေကွက်အမှတ်(၂၉၅/က)၊ အကျယ်အဝန်း( ၂၀ ပေX ၆၀ ပေ)ရှိ နှစ်(၆၀)ဂရန် မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေယာစီမံခန့်ခွဲမှုဌာန(မြို့မြေစာရင်းတွင်) (၁)ဦးမြတ်ကိုလှိုင်(၁၄/မမန(နိုင်) ၀၀၂၀၅၈)၊ (၂)ဒေါ်သီရိမေ (၁၂/ဒဂန (နိုင်)၀၂၇၆၀၉)တို့ အမည်ဖြင့်ပူးတွဲမှတ်သားတည်ရှိသောမြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်အား ယခုရောင်းချသူ ဦးအောင်ကောင်းခန့်(၉/အမဇ(နိုင်)၀၈၅၅၀၇)မှ အရပ်ကတိစာချုပ်အဆက်စပ်များဖြင့် လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ တာဝန်ယူကြောင်း ဝန်ခံကတိပြုကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်မာချို(LL.B.,DIPL) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၇၀)**

**အမှတ်(၆၇၈)၊ ကူနွှာ(၆)လမ်း၊ (ဇ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၁၇၂၉၁၉၊၀၉-၉၇၄၀၀၀၈၃၉**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ထားဝယ်မြို့၊ အနောက်/မြို့တွင်းရပ်ကွက်၊ အကွက်အမှတ်(၄၂)၊ အကွက်အမည်-အနောက်အကွက်၊ ဦးပိုင်အမှတ်(၂၂.ဃ/၂)၊ မြေဧရိယာ (၀ဒသမ၂၈၆)ဧကအနက်မှ မြေဧရိယာ(၀ဒသမ၀၂၈)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်

(က) အရှေ့လားသော်- ဦးပိုင်အမှတ်(၂၂.ဃ/၂)

(ခ) အနောက်လားသော်- လမ်း

(ဂ) တောင်လားသော်- ဦးပိုင်အမှတ်(၂၂၁.၄)

(ဃ) မြောက်လားသော်- ဦးပိုင်အမှတ်(၂၂၁.ဃ/၂)

အထက်ဖော်ပြပါ မြေကို (ဘိုးဘပိုင်/မြေပိုင်ခွင့်အရေးရရှိထားသောမြေအမည်ပြောင်း)ပေးရန် ဒေါ်စုစုလှိုင်ပါ(၂)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၃၀ရက် မတိုင်မီဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက် တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး မြို့နယ်မြေစာရင်းဦးစီးဌာန ထားဝယ်မြို့**

## သားသမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ မေဒါဝီလမ်း၊ အမှတ်(၆၅၈)နေ (ဦးကျော်ညွှန့်)နှင့် ဒေါ်လှတင် (၁၁/တကန(နိုင်)၀၀၈၁၂၀)တို့၏သမီးဖြစ်သူ မသင်းသင်းယု (၁၁/တကန(နိုင်) ၀၆၃၆၈၀)နှင့် သားဖြစ်သူ မောင်စောကျော်လင်း (၁၁/တကန(နိုင်) ၀၇၁၀၇၅)တို့သည် မိခင်ဖြစ်သူ ကျွန်မ၏ ဆိုဆုံးမ၊ လမ်းညွှန်မှုများကို နာခံခြင်းမရှိဘဲ မိခင်ဖြစ်သူအား အမြဲစိတ်ဆင်းရဲသောကများစေရန် အမျိုးမျိုးပြုမူဆောင်ရွက်နေသည့်အပြင် မည်သို့မျှလက်ခံသဘောမတူနိုင်သည့်ကိစ္စရပ်များကို ၎င်းတို့၏စိတ်ဆန္ဒအတိုင်းဆောင်ရွက်ရန် မိခင်ဖြစ်သူအား အကြိမ်ကြိမ်ဖိအားပေးနေသည့်အတွက် ယနေ့မှစ၍ သားသမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင်၎င်းတို့နှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်လှတင် အမှတ်(၆၅၈)၊ မေဒါဝီလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

**၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၀**

ဦးသန်းလွင် (တရားလို) နှင့် ဒေါ်အေးအေးဝင်း (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁၀) ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ်(၁၅)နေ ဒေါ်အေးအေးဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အိမ်နှင့်မြေအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်အား မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ (သို့တည်းမဟုတ်)၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင့်ကိုယ်စားရုံးတော်အခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၁၈ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၀ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ်သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝေနှင်းသူ) မြို့နယ်တရားသူကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ်(၁၄၈)၊ မြေဧရိယာ(၀.၀၅၅ )ဧက၊ (အလျား ၄၀ပေ X အနံ၆၀ ပေ)အကျယ်အဝန်းရှိ ယခုအခေါ်အမှတ်-၁၄၈၊ ရွှေဂုန်သီရိလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေချည်းသက်သက်မြေကွက်အပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်စန်းစန်းအေး(ဘ) ဦးထွန်းမြအောင်(၁၂/စခန(နိုင်)၀၃၃၀၀၉) အမည်ဖြင့်တည်ရှိပြီး ၎င်းထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး ထပ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုအဆိုရှိသူ ဒေါ်ငွေငွေဝင်း(ဘ)ဦးသောင်းစိန် (၁၂/ဥကတ(နိုင်)၀၁၇၆၇၁)၊ အမှတ်-၁၆၃၅၊ စိန္တာမဏိလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ် ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL )** | **ဒေါ်ခင်မြတ်သူ(H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **အမှတ်၁၂၂၊ ၂လမ်း၊ အရှေ့ကြို့ကုန်း** | **အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း** |
| **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** | **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၈၆၃၅၂၂၊ ၀၉-၂၅၄၄၈၈၃၃၀** |

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/8178 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/90856, HONDA WAVE-100, M/C အား စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်နေ ဦးကျော်မောင် ၁၁/မဥန(နိုင်) ၁၂၆၆၆၆ က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည်ရက်မှစ၍ရက် (၃၀) အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2K/5804, Toyota Caldina ZZT241, Station Wagon ယာဉ်လက်ဝယ်ရှိသူ ဦးဟန်စည်သူငွေး(ခ)ဖုန်းမြင့်သွင် ၁၂/ဥကမ(နိုင်)၁၇၆၇၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/27509, KAWASAKI NINJA -300 ယာဉ်လက်ဝယ်ရှိသူဦးညီညီလွင်၁၀/မဒန(နိုင်)၁၉၃၁၁၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် (၃၀)အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်) မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/55557, HAOJUE-110 ယာဉ်လက်ဝယ်ရှိသူ ဦးရန်အေး ၁၄/မအပ (နိုင်) ၀၂၀၀၃၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်) မအူပင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ ဗညားဒလရပ်ကွက်၊ သံလွင်လမ်း၊ မြေကွက်အမှတ် (၁၁၃၁)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးကာလီသာစု (၁၂/ပဘတ (နိုင်) ၀၁၄၃၉၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးကာလီသာစုထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်ထွန်းအောင်** |
| **LL.B, D.B.L, D.I.L,** | **LL.B, D.B.L, D.M.L.,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅)** |

**ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၇၇ ၇၁၁ ၃၀၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၅/ရုံးကြီးရပ်)၊ မြေကွက်အမှတ်(ဒ-၂၅၇၃)၊ မြေဧရိယာ(၀.၂၂၉)ဧကရှိ ဒေါ်တင်နွယ်စိုး(ဘ)ဦးသိုက်စိုး ၁၂/ဗတထ(နိုင်)၀၂၀၇၀၉ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်တင်နွယ်စိုးထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၂၄၁၈/၂၀၂၃) (၂၇.၇.၂၀၂၃) ရရှိထားသူ ဒေါ်မြသက်ချယ်(ဘ)ဦးထွန်းထွန်းဝင်း ၁၂/ရကန(နိုင်)၀၈၆၆၉၁မှ ဒေါ်ခိုင်နီလာဆွေ(ဘ)ဦးမင်းဆွေ ၁၂/ဗဟန(နိုင်)၀၀၁၃၁၄ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ် ၁၀၆၁၊ မြေကွက်တည်နေရာအမှတ် ၁၀၆၁၊ ပြည်ထောင်စုလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြောက်(ဦးမြင့်သိန်း-PYU-၀၈၂၁၇၉)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန် မြေအားဂရန်အမည်ပေါက် ဦးမြင့်သိန်း( ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်စန်းရီ ၁၂/ကမရ(နိုင်) ၀၀၅၀၀၃မှ တရားဝင်ဇနီးတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားဇနီးမယား တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ခင်ပွန်းကွယ်လွန်ပြီး နောက်ယင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ကျန်ရစ်သူ မိမိသာလျှင် တရားဝင်အမွေဆက်ခံခွင့်ရှိကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ခင်ပွန်းဖြစ်သူ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ကတ် တို့တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ မြေပြင်ကွင်းဆင်းရာ RC တစ်ထပ်တိုက်တစ်လုံးရှိပြီး ကိုယ်တိုင်နေထိုင်ကာ ကွင်းဆင်းဖောင်တွင် ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်ခင်စန်းရီမှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ အင်းဝလမ်း၊ မြေကွက်အမှတ်(၁၀၂)ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀ပေX၆၀ပေ)၊ (၀.၀၅၅) ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်သည် ဦးဇော်မိုး(၁၂/လမန(နိုင်)၀၃၂၆၃၅)အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်အား ဒေါ်သီတာအေး (၇/တငန(နိုင်) ၁၀၄၆၆၀) မှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထက်ဆုနိုင်(၆/ကစန(နိုင်)၀၉၅၉၀၅)မှဝယ်ယူရန်အတွက် စရန်ငွေကိုပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**

**ဒေါ်စိုးသီတာအေး LL.B,WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၇၄၅)**

**အမှတ်(၉)၊ စက်မှုလယ်ယာ(၁)လမ်း၊(၁၃)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၄၆၇၇၇၁၆**

## ပိုင်ဆိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၇)၊ စစ်ပင်ဘုရားလမ်း၊ အမှတ်(၃၃၂)၊ ဒေါ်စန်း (၁၂/ဒဂန(နိုင်)၀၁၃၇၁၇)၏ အမည်ပေါက်မြေချပါမစ်မူရင်းပါ မြေအကျယ်ပေ(၄၀X၆၀)ရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဇော်ဇော်ထွေး(၉/မဟန(နိုင်)၀၃၄၂၈၆)မှ အရပ်ကတိစာချုပ်အဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ပါမစ်မူရင်းနှင့်အဆင့်ဆင့်သော အရပ်ကတိစာချုပ်တို့သည် မှန်ကန်ကြောင်း တာဝန်ယူသည့်အပြင် ၎င်းတို့နှင့်ပတ်သက်၍ နောက်နောင်တွင် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ရောင်းသူမှ အကုန်အကျခံ၍ ပြီးပြတ်အောင် ဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံပါသဖြင့် ဒေါ်မြိုင်မြိုင်စံ (၆/လလန(နိုင်)၀၆၀၄၇၂)မှ (၂၁-၁-၂၀၂၁)ရက်စွဲပါ "နှစ်ဦး သဘောတူအိမ်ခြံမြေ အရောင်းအဝယ်ကတိစာချုပ်" ချုပ်ဆို၍ ငွေအပြေအကြေပေးချေပြီး ဝယ်ယူပိုင်ဆိုင်လျက် လက်ရောက်လွှဲပြောင်းရရှိထားပြီးဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်မြိုင်မြိုင်စံ၏ ညွှန်ကြားချက်အရ-**

**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး (H.G.P,LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**

**ရုံး(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**

**ဖုန်း-၀၉-၅၄၀၇၂၂၉၊**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျုံပျော်မြို့၊ မြဝတီရပ်ကွက်၊ အကွက်အမှတ်(ဘီ-ရပ်ကွက်)၊ ဦးပိုင်အမှတ်(၁၂၃)၊ ဧရိယာ(၀ဒသမ၀၃၅)ဧကအား သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကျုံပျော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်ထုတ်ပေးခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျုံပျော်မြို့**

## ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ဦးကျော်သူထွေး ၇/ဖမန(နိုင်) ၂၁၅၁၂၇နှင့် ဒေါ်နွေးနွေး ၈/ပခက (နိုင်) ၂၁၅၁၂၁တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးကျော်သူထွေးနှင့် ဒေါ်နွေးနွေးတို့သည် (၂၁-၁၂-၂၀၁၀)ရက်မှစ၍ မြန်မာဓလေ့ ထုံးတမ်းဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့သော်လည်း ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့်လည်းကောင်း၊ ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့်လည်းကောင်း၊ ၂၃-၇-၂၀၂၅ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအလျောက် အသိသက်သေများရှေ့မှောက်တွင် ပြုလုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဦးကျော်သူထွေးနှင့် ဒေါ်နွေးနွေးတို့သည် တစ်ဦးနှင့်တစ်ဦးမည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်းအလျဉ်းမရှိ တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေလင်းကျော်(LL.B)**

**အထက်တန်းရှေ့နေ(စဉ်-၂၈၁၂၂)(၃၁-၃-၂၀၀၈)**

**အမှတ်(၁၆၃)၊ (၁၆)လမ်း၊ ဘူတာတောင်ရပ်ကွက်၊ ဖြူးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/73378, TOYOMAX-125,M/C လက်ဝယ်ရှိသူ ဦးမြင့်ဝင်းအောင် ၅/မမန (နိုင်) ၀၆၇၀၈၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံးမိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်(၃/၂၀၂၅)
## ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက်

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန ကွပ်ကဲမှုအောက်တွင် လစ်လပ်လျက်ရှိသော လစာနှုန်း(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)တန်း ဒု-ဦးစီးမှူး (စက်/လျှပ်)/(မြို့ပြ)ရာထူး ၉ နေရာအတွက် အောက်ဖော်ပြပါသတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | အနိမ့်ဆုံးရရှိရမည့်ပညာအရည်အချင်း | ခန့်ထားမည့်ဦးရေ |
|---|---|---|
| (က) | AGTI(EP) | (အမျိုးသား ၁ ဦး) |
| (ခ) | AGTI(Civil) | (အမျိုးသား ၆ ဦးနှင့် အမျိုးသမီး ၂ ဦး) |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည် ။
(ခ) (၃၁-၈-၂၀၂၅)ရက်တွင် အသက်(၃၅)နှစ်(ဝန်ထမ်းဖြစ်ပါက(၄၀)နှစ်) ထက်မကျော် လွန်သူဖြစ်ရမည် ။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ ပြည့်စုံသန်စွမ်းသူ ဖြစ်ရမည် ။
(ဃ) မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတစ်ခုခုတွင် မှတ်ပုံတင်ထားသူဖြစ်ရမည်။
(င) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) အစိုးရဌာနတစ်ခုခုတွင် ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ ရေးဖြေစာမေးပွဲကိုနေပြည်တော်တွင် ၂၈-၈-၂၀၂၅ ရက် နံနက်(၉:၀၀)နာရီ၌ အင်္ဂလိပ်စာဘာသာရပ်ကိုလည်းကောင်း၊ နေ့လည် (၁၃:၀၀)နာရီ၌ သက်ဆိုင်ရာ အင်ဂျင်နီယာဘာသာရပ်ကိုလည်းကောင်း ဖြေဆိုရမည်ဖြစ်ပြီး ၂၉-၈-၂၀၂၅ ရက်မှ စ၍ လူတွေ့စစ်ဆေးခြင်းကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၄။ လျှောက်ထားလိုသူများသည် စာမေးပွဲဝင်ကြေးငွေကျပ် ၅၀၀၀/- (ကျပ်ငါးထောင်တိတိ)ကို နေပြည်တော်မြန်မာ့စီးပွားရေးဘဏ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၏ ငွေစာရင်းအမှတ်(MD-013352)သို့ ပေးသွင်းရမည်။

၅။ လျှောက်လွှာကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ Website www.moep.gov.mm တွင် ရယူပြီး လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)နေပြည်တော်သို့ ၂၂-၈-၂၀၂၅ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားလှယ်ဖြင့် ပေးပို့လျှောက်ထားရမည်။

၆။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲပါရှိရမည် -
(က) စာမေးပွဲဝင်ကြေးငွေပေးသွင်းသည့်ချလန်မူရင်း။
(ခ) ဘွဲ့လက်မှတ်/ဒီပလိုမာအောင်လက်မှတ်/အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(သို့မဟုတ်) အခြေခံပညာ အထက်တန်းအောင် လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)။
(ဂ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ။
(ဃ) လွန်ခဲ့သောသုံးလအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံအပို(၃)ပုံ။
(င) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်မူရင်း ပူးတွဲတင်ပြရမည်။
(စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (သက်တမ်းမကုန်)နှင့် ၁ လအတွင်းရယူထားသော အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်းများ ။
(ဆ) လျှောက်လွှာနှင့်အတူ ကျန်းမာကြောင်းဆေးထောက်ခံစာမူရင်း တင်ပြရန်။
(ဇ) လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနတွင် ခန့်ထားခြင်း ခံရပါက နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်ပါမည်ဟု ကတိဝန်ခံချက်။
(ဈ) ကိုယ်ရေးအချက်အလက်များကို ပြည့်စုံမှန်ကန်စွာဖြည့်သွင်းရမည်၊ မမှန်မကန်ရေးသွင်းထားခြင်းကို စိစစ်တွေ့ရှိရပါက ရွေးချယ်စဉ်းစားမည် မဟုတ်ပါ ။
(ည) ဖြေဆိုခွင့်ကတ်ပြားခုံနံပါတ်ထုတ်ယူချိန်တွင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်း၊ ဘွဲ့လက်မှတ်မူရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်မူရင်းများ ယူဆောင်လာရန် ။

၇။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ခွင့်ပြုချက်ရယူ၍ ပေးပို့ရမည်ဖြစ်သည်။

၈။ အရည်အချင်း သတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအချက် အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။ ဖြေဆိုခွင့်လက်မှတ်များကို လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာန၊ ရုံးအမှတ်(၂၇)တွင် ၂၇-၈-၂၀၂၅ရက်၌ ထုတ်ပေးမည်။

၉။ ရွေးချယ်ခံရသူများသည် အနည်းဆုံး ၅ နှစ် တစ်ဆက်တည်းတာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိစာချုပ်ချုပ်ဆိုရမည်ဖြစ်ပြီး စာချုပ်စည်းမျဉ်းစည်းကမ်းဖောက်ဖျက်ပါက ငွေကျပ် ၁၀၀၀၀၀၀/- (ကျပ်တစ်ဆယ်သိန်းတိတိ) ကို ပေးလျော်ရမည်။

၁၀။ အသေးစိတ်သိရှိလိုပါက စီမံခန့်ခွဲရေးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၁၀၀၆၆၊ ၀၆၇-၄၁၀၀၆၃ တို့သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့၊ အထက (ငါးသိုင်းချောင်း)၊ Grade-12 မှ မသက်မှူးဇော်၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇော်ဦး ၁၄/ရကန(နိုင်)၁၀၄၂၈၁ ဖြစ်ပါကြောင်း။

**ဦးသန့်ဇော်ဦး**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးညီညီလွင်၏သား စောသက်ပိုင်စိုး ၁၂/ကမန(နိုင်) ၁၅၂၃၉၃ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၅၁၇၃၅၆၆**

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## ဆေးဝါးစက်ရုံ(အင်းစိန်)အတွက်
## သွားတိုက်ဆေး Tube (120 gm)နှင့်
## ဆေးဝါးကုန်ကြမ်း(၇)မျိုးအဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့် အရေအတွက်

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| (၁) | Ready to Fill Bulk (ATS(P)) | ၂၀ လီတာ |
| (၂) | သွားတိုက်ဆေး Tube (120 gm)နှင့် ဆေးဝါးကုန်ကြမ်း (၆)မျိုး | |
| - | White Pearl Tube (120 gm) | ၈၀၀၀၀ Nos |
| - | Thickner Silica | ၅၇၅ kg |
| - | Sodium Benzoate BP | ၂၅kg |
| - | Xanthan Gum BP | ၅၀kg |
| - | Sorbitol | ၃၅၀၀ kg |
| - | Polyethylene Glycol | ၁၅၀ kg |
| - | Strawberry Flavour | ၅၅ kg |

၂။ နိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ရမည်။
နိုင်ငံတော်မှသတ်မှတ်ထားသည့်အခွန်များပေးဆောင်ပြီးသည့် ကုမ္ပဏီ ဖြစ်ရမည်။

၃။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၆-၈-၂၀၂၅ရက်
၄။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၀-၈-၂၀၂၅ရက်၊ ၁၆:၀၀နာရီ
၅။ ပစ္စည်းပေးသွင်းရမည့်စက်ရုံ - ဆေးဝါးစက်ရုံ(အင်းစိန်)
၆။ တင်ဒါပေးသွင်းရမည့်နေရာ - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊မြန်မာ့ဆေးဝါးလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။

၇။ တင်ဒါပုံစံ၊ တင်ဒါခေါ်ယူမည့်ပစ္စည်းများ၏ စံချိန်စံညွှန်း၊ အရည်အသွေးသတ်မှတ်ချက်များနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

| | |
|---|---|
| **မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)** | **တယ်လီဖုန်းအမှတ်** |
| **စက်မှုဝန်ကြီးဌာန၊** | ၀၆၇-၄၀၈၃၈၈ |
| **ရုံးအမှတ်(၃၇)၊ နေပြည်တော်** | ၀၆၇-၄၀၈၃၅၄ |

## လေလံလျှောက်လွှာခေါ်ယူခြင်း

ရောဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ မြို့နယ်သမဝါယမအသင်းစုပိုင် ဈေးရပ်ကွက်၊ ခေါက်ဆွဲတန်းလမ်း၊ မြေအမှတ်(၁၅)၊ ဦးပိုင်အမှတ်(၁၅၂)ရှိ မြေဧရိယာ(၀.၀၂၆)ဧကနှင့် အဆိုပါ မြေကွက်ပေါ်ရှိ (၃၂'x၂၄'x၁၅')အဆောက်အအုံအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

**လေလံလျှောက်လွှာရောင်းမည့်ရက်** - ၈-၈-၂၀၂၅ရက်မှ ၁၄-၈-၂၀၂၅ရက်ထိ
**လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက်** - ၁၄-၈-၂၀၂၅ရက် ညနေ(၄:၀၀)နာရီ
**လျှောက်လွှာဖွင့်ဖောက်မည့်ရက်** - ၁၅-၈-၂၀၂၅ရက် နံနက်(၁၀:၀၀)နာရီ
**လေလံပစ္စည်းရောင်းချမည့်နေရာ** - မြို့နယ်သမဝါယမအသင်းစုရုံး၊ ရောဝတီတိုင်း ဒေသကြီး၊ ဝါးခယ်မမြို့။

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဖုန်း-၀၉-၂၆၃၁၁၀၉၀၀ ၊ ၀၉-၆၇၇၆၁၂၅၅၇**

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**
**ရောဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ်(၂၉)ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၃ ½ )ထပ် တိုက်၏ မြေညီထပ် (ခြေရင်း)ခန်း (အလျား ၁၁ပေ x အနံ ၄၀ ပေ)ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိ ထားပိုင်ခွင့်ရှိသော ဒေါ်ခင်ခင်ဦး ၁၂/လမန(နိုင်)၁၃၅၆၁၀ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုစုလှိုင် ၁၂/ဥကမ(နိုင်)၀၄၆၅၅၁ က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်သည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်လှဲ့ဝါ(LL.B, LL.M) တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၁၆၄၅၈(၈-၁-၂၀၂၀)**
**အမှတ်(၇၆)အေ၊ အခန်း - ၀၀၂၊ အောင်သုခလမ်း၊**
**ဆင်မလိုက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၈၁၉၆၅၃၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ဝေဘာဂီလမ်း၊ တိုက်အမှတ် ၃၉/၃လွှာ(ခ)ဒုတိယထပ် တိုက်ခန်းကို လက်ဝယ်ထားပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝေဖြိုးသူ(ဘ)ဦးဇော်ဝင်း ၉/ခအဇ(နိုင်)၀၁၅၈၆၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်၊ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၅၈)**
**အမှတ်၂၁(ပထမထပ်)၊ စံပယ်လမ်း၊ အလုံမြို့နယ်**
**ဖုန်း-၀၉-၂၅၀၂၄၀၅၈၊ ၀၉-၇၉၀၄၉၀၃၃၃**

သင့်သွေးဖြင့် အသက်ကယ်ပါ

## မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း
## (၂၅)ကြိမ်မြောက် အသင်းသားစုံညီ
## နှစ်ပတ်လည်အထွေထွေအစည်းအဝေးနှင့်
## ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ အစည်းအဝေးဖိတ်ကြားခြင်း

၁။ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၏ (၂၅)ကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည်အထွေထွေအစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း အသင်းဝင်များအားလုံးဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်(မပျက်မကွက်) တက်ရောက်ချီးမြှင့်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ရက်၊ (သောကြာနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၁၀:၀၀နာရီမှ ၁၂:၀၀နာရီ
**အသင်းသားစုံညီနှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပခြင်း**
မွန်းလွဲ ၁:၀၀ နာရီမှ ၁၆:၀၀ နာရီ
**အသင်းသားစုံညီရွေးချယ်တင်မြှောက်ပွဲကျင်းပခြင်း**
**ကျင်းပမည့်နေရာ** - မင်္ဂလာခန်းမ၊ ပထမထပ်
အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊
UMFCCI Office Tower ၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။

၂။ ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ၏ ကုန်ပစ္စည်းပြခန်းများ၊ ဝန်ဆောင်မှုများနှင့် နည်းပညာဆိုင်ရာ ပြခန်းများ ရှင်းလင်းပြသမှုများပါဝင်ပါသဖြင့် နံနက် ၉:၀၀ နာရီမှစတင်၍ လေ့လာကြည့်ရှုနိုင်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း**

## ဒေါ်ခင်ခင်ညိုအား အနူးအညွတ်တောင်းပန်ပါကြောင်း
## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ မြေကွက် (၃၄၀၇)၊ (၃၄၀၈) မြေကွက်(၂)ကွက်၊ အကျယ်အဝန်း (၂)ကေရှိ မြေကွက်နှင့် ပတ်သက်၍ ရောင်းချသူများဖြစ်ကြသော ဦးနိုင်မင်းခန့် ၁၂/သဃက(နိုင်)၁၉၁၇၅၀၊ ဦးမောင်မောင်ခန့် ၁၂/သဃက(နိုင်)၀၀၃၃၇၁၊ ဒေါ်ယဉ်နွယ်ထွန်း ၁၂/ဥကတ(နိုင်)၀၀၀၃၅၀ တို့မှ ရောင်းချရာတွင်အမှားအယွင်းပြုလုပ်မိပါသောကြောင့် ဒေါ်ခင်ခင်ညိုဘက်မှ ရာဇသတ်ကြီးပုဒ်မ-၄၂၀/၄၆၈ဖြင့် တရားစွဲဆိုခဲ့ရာ ဦးနိုင်မင်းခန့်၊ ဦးမောင်မောင်ခန့်နှင့် ဒေါ်ယဉ်နွယ်ထွန်း တို့မှ ထိုအမှုအား ပိတ်သိမ်းပေးပါရန် တောင်းဆိုမှုကို သက်ညှာထောက်ထားပြီး ပိတ်သိမ်းပေးမည်ဖြစ်ကြောင်း သိရှိရပါသောကြောင့် ဒေါ်ခင်ခင်ညိုအား စိတ်အနှောင့်အယှက်ဖြစ်စေခဲ့သည့် ကျွန်ုပ်တို့၏မိတ်ဆွေများ၏ အပြုအမူအပြောအဆိုအမှားများအတွက် လေးလေးစားစားစိတ်ရင်းဖြင့် ဂါရဝပြုတောင်းပန်အပ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ခင်ညိုမှ ဖြစ်ပွားခဲ့သည့်ဖြစ်ရပ်များအပေါ်တွင် သနားညှာတာမေတ္တာဖြင့် ခွင့်လွှတ်၍ အမှုပိတ်သိမ်းပေးခြင်းအား ကျေးဇူးအထူးတင်ဂါရဝပြုအပ်ပါကြောင်း ဒေါ်ခင်ခင်ညိုနှင့် အများပြည်သူသိရှိပါရန် ကြေညာအပ်ပါသည်။

**ဦးမောင်မောင်ခန့်၊ ဒေါ်ယဉ်နွယ်ထွန်းနှင့် မောင်နိုင်မင်းခန့်တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်အေးအေးစန်း (LL.B)** | **ဒေါ်စုမွန်နွေးနွေး (LL.M)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၇၆၀၆)** | **(စဉ်-၁၃၄၉၉)** |
| **ရန်ကင်း(၁)လမ်း၊ သာသနာ့ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့၊** | **ရန်ကင်း(၁)လမ်း၊ သာသနာ့ရိပ်သာ ရပ်ကွက်၊ လှည်းကူးမြို့၊** |
| **ရန်ကုန်တိုင်းဒေသကြီး။** | **ရန်ကုန်တိုင်းဒေသကြီး** |
| **ဖုန်း -၀၉-၅၀၄၉၁၀၅** | **ဖုန်း -၀၉-၄၀၀၄၀၀၈၉၈** |

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(ည)၊ ခေမာကျောင်းလမ်း၊ မြေကွက်အမှတ် - (၅၉၁ ½ )၊ အကျယ်အဝန်း ပေ(၂၆x၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ယခုရောင်းချသူများ၏ မိခင်ဒေါ်လှအမည်ဖြင့် မှတ်သားတည်ရှိသောမြေကွက် ဖြစ်ပါသည်။ ဖခင် ဦးဖိုးချက်သည် (၁၉၈၈)ခုနှစ်တွင်လည်းကောင်း၊ မိခင်ဒေါ်လှသည် (၂၀၀၄) ခုနှစ်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပြီး ၎င်းတို့တွင် သားသမီး (၈)ဦး ထွန်းကားခဲ့ပါသည်။ ယခုရောင်းချသူများဖြစ်ကြသည့်(၁)ဒေါ်ရင်ရွှေ၁၂/ဥကမ(နိုင်)၀၅၀၉၁၅၊ (၂)ဒေါ်ရင်ငွေ၁၂/တတန(နိုင်)၁၀၃၇၉၀၊ (၃)ဒေါ်ကြည်ကြည်အေး ၁၂/ဥကမ(နိုင်) ၀၅၆၈၁၅၊ (၄) ဦးထွန်းမြင့်၁၂/ဥကမ(နိုင်)၀၅၉၆၈၀၊ (၅)ဦးတင်ဝင်း ၁၂/ဥကမ(နိုင်) ၀၅၇၀၂၅၊ (၆) ဒေါ်စန်းမြင့် ၁၂/ဥကမ(နိုင်)၀၅၆၀၄၄၊ (၇) ဦးစိန်လင်း၁၂/ဥကမ(နိုင်) ၀၅၆၉၉၉ နှင့် (၈)ဦးစိန်ဝင်း ၁၂/ဥကမ(နိုင်)၀၅၆၆၇၉တို့ (၈)ဦးမှ မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်လာပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း တရားဝင်လက်ရှိ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမွေစားအမွေခံ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မျိုးအောင် ၁၂/ဥကမ(နိုင်)၀၅၇၃၀၇ က ရောင်းချသူများအား (၃-၈- ၂၀၂၅)ရက်တွင် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုး ငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာချို ( LL.B., D.I.P.L ) တရားလွှတ်တော်ရှေ့နေ( စဉ်-၁၇၇၇၀ )**
**အမှတ်-၆၇၈၊ ဣန္ဒာ(၆)လမ်း၊(ဇ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၇၄၀၀၀၈၃၉၊၀၉-၂၅၀၁၇၂၉၁၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၁၀၇၀၈ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးပိုပို ၉/အမဇ(နိုင်)၀၄၈၅၈၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/23541 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲဝင်းလွင် ၁၃/လရန(နိုင်)၂၈၆၉၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 62W/42078 Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသန္တာချို ၁၄/မအန(နိုင်) ၁၀၉၂၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ အထက(ဝါးကြီးအိုင်) G-11 မှ မအေးချမ်းမေ၏ ဖခင် ဦးကျော်ဇင်၏ အမည်မှန်မှာ ဦးကျော်လွင်ဦး ၈/မသန(နိုင်)၀၉၄၇၁၆ ဖြစ်ပါကြောင်း။

**ဦးကျော်လွင်ဦး**
**၈/မသန(နိုင်)၀၉၄၇၁၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5H/9260 Honda Partner G/B S/W 4x2 R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါလင်း ၁၂/သဃက(နိုင်) ၁၆၉၆၆၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ၊ မြေ တိုင်းရပ်ကွက် အမှတ် - ၄၂ ၊ မြေကွက်အမှတ် - ၇၁၄ (အမှတ် - ၇၁၄၊ သခင်ဖိုးလှကြီးလမ်း၊ ၄၂ - ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော) အကျယ်အဝန်းပေ(၄၀ပx၆၀)ရှိ ဦးသန်းထွတ်တင် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအနက်မှ မခွဲမစိတ်ရသေးသော အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ(ခ)ဘက်ခြမ်း အမျိုးအစားမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဒေါ်လှလှမိုး ၅/ပလဘ(နိုင်)၀၆၆၂၉၈ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှု တစ်စုံတစ်ရာပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ် အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမျိုးမြင့်အောင် (စဉ်-၂၅၁၆၅)** | **ဦးအေးမင်းသူ (စဉ်-၂၆၁၉၉)** |

**အထက်တန်းရှေ့နေများ**
**အမှတ် - ၅၈/၆၀ (ပထမထပ်) ၊ မဟာဗန္ဓုလပန်းခြံလမ်း ၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉-၅၁၄၅၇၆၇ ၊ ၀၉-၄၂၀၀၂၈၃၆၆**

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## စိုက်ပျိုးရေးဒီပလိုမာနှင့် မွေးမြူရေးဒီပလိုမာ၊ ပထမနှစ်သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၌ စိုက်ပျိုးရေးဒီပလိုမာသင်တန်း တက်ရောက်လိုသူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား၊ သထုံ၊ မြောင်းမြ၊ ရွှေဘို၊ ပုသိမ်ကြီး၊ ပွင့်ဖြူ၊ သာယာဝတီ၊ ထားဝယ်၊ ဟဲဟိုး၊ မြစ်ကြီးနား၊ ဒီးမော့ဆို၊ ဘားအံ၊ လုံပီး၊ ကျောက်တော်၊ ဟုမ္မလင်း) တို့တွင် လျှောက်ထားနိုင်ပြီး မွေးမြူရေးဒီပလိုမာသင်တန်း တက်ရောက်လိုသူများသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (ပျဉ်းမနား၊ ပုသိမ်ကြီး၊ ဟဲဟိုး၊ ပွင့်ဖြူ၊ သာယာဝတီ၊ သထုံ၊ မြစ်ကြီးနား၊ ဘားအံ၊ မြောင်းမြ)တို့တွင် လျှောက်ထားနိုင်သည်။

၂။ ဒီပလိုမာသင်တန်းများ၏ သင်တန်းကာလမှာ(၃)နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာ ထူးချွန်စွာအောင်မြင်သူသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့လည်းကောင်း၊ မွေးမြူရေးဒီပလိုမာ ထူးချွန်စွာ အောင်မြင်သူသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (B.A.Sc) သင်တန်းသို့လည်းကောင်း တက်ရောက်ရန် ဝင်ခွင့်ဖြေဆိုခွင့်ရရှိမည် ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) **စိုက်ပျိုးရေးဒီပလိုမာသင်တန်းကို** တက္ကသိုလ်ဝင်စာမေးပွဲတွင် **ဓာတုဗေဒ၊ ရူပဗေဒ** ဘာသာရပ်များ ပါဝင်သည့် မည်သည့် ဘာသာတွဲ များဖြင့်ဖြစ်စေ အောင်မြင်သူများလျှောက်ထားနိုင်ပြီး တက္ကသိုလ်ဝင်တန်းကို အခြေခံပညာအထက်တန်း KG+12 ဖြင့် အောင်မြင်သူများအား ဦးစားပေးရွေးချယ်မည်။

(ဂ) **မွေးမြူရေးဒီပလိုမာသင်တန်းကို** တက္ကသိုလ်ဝင်စာမေးပွဲတွင် **ဇီဝဗေဒဘာသာတွဲ** ဖြင့် အောင်မြင်သူများ လျှောက်ထားနိုင်ပြီး တက္ကသိုလ်ဝင်တန်းကို အခြေခံပညာအထက်တန်း KG+12 ဖြင့် အောင်မြင်သူများအား ဦးစားပေးရွေးချယ်မည်။

(ဃ) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တက္ကသိုလ်ဝင်စာမေးပွဲကို မည်သည့်ဘာသာတွဲဖြင့်ဖြစ်စေ အောင်မြင်သူများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ဟုမ္မလင်း)တွင် ဖွင့်လှစ်မည့် စိုက်ပျိုးရေးဒီပလိုမာ၊ ပထမနှစ်သင်တန်းသို့ လျှောက်ထားနိုင်သည်။ (လျှောက်ထားသူသည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဒေသခံဖြစ်ရပါမည်။)

(င) လျှောက်လွှာပိတ်ရက် (၂၅-၉-၂၀၂၅) ရက်တွင် အသက် (၂၂)နှစ်ထက် မကြီးသူ ဖြစ်ရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး ထောက်ခံချက် (မူရင်း)

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်း (မိတ္တူ) (ကျောင်းအပ်နှံသည့်အချိန်တွင် မူရင်းတင်ပြရမည်)

(ဂ) စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်ရန် ကျန်းမာရေးကောင်းမွန်ကြောင်း ဆရာဝန်၏ ထောက်ခံချက်

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်း(သို့) ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက် (မူရင်း)

(င) လျှောက်ထားသူနှင့် မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)များနှင့် အိမ်ထောင်စုဇယား(မိတ္တူ)

(စ) လိုင်စင်ဓာတ်ပုံ (နောက်ခံအပြာရောင်ဖြင့်) (၅)ပုံ

၅။ လျှောက်လွှာများကို မိမိတက်ရောက်လိုသော စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံသို့ (၂၅-၉-၂၀၂၅)ရက်ထက် နောက်မကျစေဘဲ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက် နောက်ကျသောလျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ ဝင်ခွင့်လျှောက်လွှာများကို အထက်ဖော်ပြပါ နီးစပ်ရာစိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံများတွင် အခမဲ့ရယူလျှောက်ထားနိုင်သည်။

၇။ တက်ရောက်ခွင့်ရရှိသူများနှင့် ကျောင်းဖွင့်လှစ်မည့်ရက်အား သက်ဆိုင်ရာစိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းများမှ ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး ဝင်ခွင့်ရရှိသည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံများတွင်သာ တက်ရောက်ရမည်ဖြစ်သည်။

၈။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၃၄၁၀၅၈၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စိုက်ပျိုးရေးဒီပလိုမာနှင့် မွေးမြူရေးဒီပလိုမာ ဝင်ခွင့်လျှောက်လွှာ**

၁။ လျှောက်ထားသူ၏အကြောင်းအရာ

| အကြောင်းအရာ | | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|---|
| လျှောက်ထားသူ | မြန်မာ | | |
| | အင်္ဂလိပ် | | |
| ဖခင် | | | |
| မိခင် | | | |
| မိဘကွယ်လွန်ပြီးဖြစ်ပါက အုပ်ထိန်းသူ | | | |

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ် -------------ခုနှစ်၊ ---------------------------လ၊ -------------- ရက်

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် ခုနှစ်/စာစစ်ဌာန ---------------တိုင်းဒေသကြီး/ပြည်နယ် ---------

၄။ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ် ----------------------------------------------------------------

၅။ လျှောက်ထားလိုသော ဒီပလိုမာသင်တန်းအမည် ------------------------------------------------

၆။ တက်ရောက်လိုသော စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းအမည် ---------------------------------

(လျှောက်ထားသူလက်မှတ်)

ရက်စွဲ -------------------

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့ ၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/သပြေကုန်း ၊ မြေကွက်အမှတ်(S-၂၁၄ )၊ ဧရိယာ၀ ဒသမ ၂၂၉ ဧကရှိ ဒေါ်မြတ်ပွင့်ဖြူ (ဘ) ဦးစိုးနိုင်ဦး ၁၂/ဒဂမ (နိုင်) ၀၂၉၅၄၉ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်မေထိုက်ထိုက်ထွန်း (ဘ) ဦးကျော်ဆွေ ၅/ကလတ(နိုင်)၀၈၇၆၇၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့်တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 62W/74575 Yunde 110 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော်ဝင်း ၁၄/ဇလန(နိုင်) ၁၀၆၀၉၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၁၆၅၇)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဒေါ်ချိန်းအို အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးအထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ငယ်ငယ်ထွန်း(ဘ)ဦးလှမြိုင် ၁၂/ကမတ (နိုင်)၀၆၂၂၂၂ မှ မြေငှားစာချုပ် အထူး/အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၁၂၆/၂၀၂၃) နိုင်ငံကသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးသူရိန်လင်း(ဘ)ဦးညဏ်လင်း ၁၂/ဗဟန(နိုင်)၀၈၁၈၅၄၊ ဒေါ်ငယ်ငယ်ထွန်း(ဘ)ဦးလှမြိုင် ၁၂/ကမတ(နိုင်)၀၆၂၂၂၂တို့နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 80W/56567 New Zhineng 110 ယာဉ်လက်ဝယ်ရှိသူ ဦးစောဝင်း ၁၄/ဟသတ(နိုင်) ၃၇၉၀၈၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## သွေးသည်အသက်

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဒုတိယဝန်ကြီးအိမ်ရာ၊ အမှတ်(B-12)နေ ဒေါ်စပါယ်ဝင်း ၁၂/ရကန(နိုင်)၀၂၄၇၉၅က ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ အမှတ်(၁၀၂- A)နေ ဒေါ်မင်းမင်းအေး၁၂/ကမရ (နိုင်)၀၅၀၄၂၁ အား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၈-၇-၂၀၂၀ ရက်တွင် လွှဲအပ်ပေးခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၉၉၂/၂၀၂၀)အား ပြန်လည်ရုပ်သိမ်းလိုပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စပါယ်ဝင်း**
**ဖုန်း-၀၉-၄၄၉၆၂၁၂၁၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

